

# တစ်စက္ကန့် ဒေါသစကား
## ပေးဆပ်ရသည်က အလွန်များ

သင်၏ ဒေါသအမျက် ထွက်ခြင်းကို သင့်ကို မုန်းတီးသောသူက
သင်ပျက်စီး ဆုံးရှုံးတော့မည်ကို သိသဖြင့် ကြိုက်နှစ်သက်၏။


မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

# တစ်စက္ကန့်ဒေါသစကား

## ပေးဆပ်ရသည်က အလွန်များ


မဟာသဒ္ဓမ္မဇောတိကဓဇ

**တက္ကသိုလ် သျှင်သီရိ**

(ဓမ္မာစရိယ၊ ဘီ – အေ)



ဖြန့်ချိရေး

စန်းလသော်တာစာပေ

ဖုန်း – ၆၉၀၆၁၁

တစ်စက္ကန့်ဒေါသစကား ပေးဆပ်ရသည်ကအလွန်များ
တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

စန်းလသော်တာ
စာအုပ်ထုတ်လုပ်ရေး

အမှတ် ၄၇၃ (က)၊ နီလာ ၆ လမ်း၊
(ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
✆ ၀၁-၆၉၀၆၁၁၊ ✆ ၀၉-၅၀၃၂၀၄၄
E-mail:sanlathawdar@gmail.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ● | ၃၂၀၃၂၇၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ● | ၃၂၀၃၂၄၀၇၀၈ |
| ပထမအကြိမ် | ● | စက်တင်ဘာလ |
| စောင်ရေ | ● | ၁၀၀၀ |
| အဖုံးအပြင်အဆင် | ● | Ko Zaw |
| ကွန်ပျူတာစာစီ | ● | ဆွေသဟာ |

ဦးခင်မောင်ဦး (မြ-၀၄၀၇၃)၊ မြတ်ပန်းရဂုံစာပေ၊
၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်မြို့ကထုတ်ဝေ၍ အဖုံးနှင့် အတွင်းစာသားများကို
ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)၊ အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့က ပုံနှိပ်သည်။

တန်ဖိုး •1500 Ks

မြောင်းမြ ဝေဠုဝတီဆရာတော်ကြီး

၏

# ဩဝါဒ

ကိုယ့်ကာယကံ ကိုယ့်ထံပြန်

ကိုယ့်ဝစီကံ ကိုယ့်ထံပြန်

ကိုယ့်မနောကံ ကိုယ့်ထံပြန်

ပွဲတင်သံနှင့် အမှန်မလွဲ၊ တစ်ထပ်ထဲ

ကိုယ့်ထံသို့ပြန်၊ သုံးပါးကံ၊

ကိုယ်သာဆင်းရဲခံရပြန်။

# အမှာစာ

ယခုအခါ စာရေးသူသည် အသက်(၆၀)ပြည့်၍ ဌာနဆိုင်ရာမှအငြိမ်းစားယူခဲ့ပြီးဖြစ်ပါသည်။ စာရေးသူ၏သက်တမ်းတစ်လျှောက် ဘဝအတွေ့အကြုံများဝယ် တစ်စက္ကန့်လေးအတွင်း ပြောဆိုမိသော ဒေါသနှုတ်ထွက်စကားကြောင့် အမှုဖြစ်ရသူများ၊ လျော်ကြေးပေးရသူများ၊ အချုပ်ကျကြသူများ၊ ထောင်ကျသူများ၊ အသက်ခန္ဓာစွန့်သည်အထိဖြစ်ကြရသူများ စသည့်ဖြစ်ရပ်ပေါင်းများစွာကို ကြုံတွေ့ခဲ့ရပါသည်။

လူသားတို့၏ကြောက်စရာကောင်းသော ဒေါသအမျက်သည် တစ်စက္ကန့်လေးတွင် စကားလေးသုံးလေးလုံးထွက်ရုံမျှဖြင့် လူသားအားလုံးကို သေကြေဒုက္ခပေးနိုင်သည်ကိုလည်း တွေ့ကြုံခဲ့ရပါသည်။

ကမ္ဘာ့စစ်ပွဲပေါင်းစုံကို လေ့လာအကဲခတ်ကြည့်လျှင် ခေါင်းဆောင်ပုဂ္ဂိုလ်တစ်ဦး၏ ဒေါသအမျက်ဖြင့်ပြောဆိုခဲ့သော နှုတ်ထွက်စကားသုံးလေးလုံးဖြင့် လူသတ်ပွဲများစွာသောစစ်ပွဲကို ဆင်နွှဲခဲ့ကြရသည်ကို တွေ့ကြရပါမည်။

လူသား၏နှုတ်စကားသည် ဒေါသယှဉ်လာပါက အလွန်ပင်ကြောက်စရာကောင်းလှပါသည်။ ထိုဒေါသနှုတ်ထွက်စကားသည် မိမိကိုယ်ကိုလည်းဖျက်ဆီး၍ သူတစ်ပါးတို့ကိုလည်း ပျက်စီးစေပါသည်။

မိမိ၏နှုတ်ထွက်စကားတစ်ရပ်သည် ယခုခဏတာတွင် ဘာမျှမဖြစ်သေး၍၊ မခံစားရသေး၍ သာမန်ဟူ၍ထင်မှတ်နေကြသည်၊ ကြောက်လန့်မှုမရှိကြပေ။ ဝဋ်လည်တုံ့ပြန်ခံရသောအခါမှ မိမိ၏တဒင်္ဂ တစ်စက္ကန့် အမှတ်မထင် ဒေါသဝင်၍ပြောမိဆိုမိသောစကားသည် မိမိအား မည်သို့တုံ့ပြန်ပြီး ဆင်းရဲဒုက္ခကြီးစွာခံစားရစေသည်ဆိုသည်ကိုသိရှိကြရပါသည်။ ကျောချမှ ဓားပြမှန်းသိကြရပါသည်။

စာရေးသူသည် ယခင်က "ဝဋ်ကြွေးဟူသည်"ဟူသော စာအုပ်ကိုရေးသားခဲ့ပါသည။ ထိုစာအုပ်တွင် အကုသိုလ်ကာယကံမှု၊ အကုသိုလ်ဝစီကံမှုကျူးလွန်သူများ နောင်တစ်ချိန်ဝယ် ဝဋ်အဖြစ်လိုက်ပြီး မည်သို့တုံ့ပြန်ပေးဆပ်ရမည်ကို သိစေလို၍ ရေးသားတင်ပြခဲ့ခြင်းဖြစ်ပါသည်။

ယခု ဤ "**တစ်စက္ကန့်ဒေါသစကားပေးဆပ်ရသည့်ကု အလွန်များ**" စာအုပ်သည် ထိုစာအုပ်၏အဆက်ဟုဆိုက ဆိုနိုင်ပါသည်။

ဤစာအုပ်တွင်မူ ဒေါသဖြင့်နှုတ်ထွက်ကြမ်းမှု ပြုမူသူတို့ ဒိဋ္ဌဓမ္မနှင့်နောက်ဘဝတွင် တုံ့ပြန်ခံစားရပုံတို့ကို ရေးသားတင်ပြထားပါသည်။

အဓိကသိစေလိုသည်မှာ နှုတ်၏မစောင့်စည်းမှုကြောင့် ပြောဆိုမိသောစကားသည် စက္ကန့်မျှသာကြာပါသည်။ ထိုနှုတ်ထွက်စကားကြောင့်ဖြစ်ပေါ်လာရသော မကောင်းဆိုးကျိုးအကျိုးအဆက်များသည် ဤမှာဘက်ဘဝတွင်ရန်ဖြစ်ခြင်း၊ အမှုဖြစ်ခြင်း၊ လျော်ကြေးပေးရခြင်း၊ အချုပ်ကျခြင်း၊ ထောင်ကျခြင်း၊ နောက်ဆုံးသေသည်အထိခံစားရခြင်း စသည့် မကောင်းကျိုးများ ခံစားရသလို နောင်တမလွန်တွင်လည်း အပါယ်လေးပါးကျရောက်ခြင်း ဟူသောဆိုးကျိုးနှင့်သံသရာအဆက်ဆက်လိုက်၍ ကြီးစွာသော ဆင်းရဲဒုက္ခအကျိုးပေးခြင်းတို့ကို သိစေလိုခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖတ်ပြီး မိမိတို့၏နှုတ်ထွက်ဝစီကို ထိန်းသိမ်းနိုင်ကြပြီး ကောင်းသောဝစီဖြင့်ဘဝကိုရှင်သန်နိုင်ကြမည်ဆိုလျှင် မိမိအတွက် ပစ္စုပ္ပန်သံသရာကောင်းကျိုးချမ်းသာခံစားရပြီး တစ်ဖက်သူများအတွက်လည်း အကျိုးစီးပွားဖြစ်စေကြမည်ဆိုလျှင် စာရေးသူအဖို့ ရေးရကျိုးနပ်ပါသည်။

—

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီအကြံပေးကြသော မမ္မမိတ်ဆွေများ၊ အေးဆေးစွာစာရေးသားနိုင်ရန် ပါရမီဖြည့်ပေးသောချစ်ဇနီး ဒေါ်တင်အေး၊ သမီးများ၊ ထုတ်ဝေသူ "စန်းလသော်တာ" စာပေမှ ဦးခင်မောင်ဦးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။


မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း- ၆၉၀၃၂၄

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | |
| | **အခန်း ( ၁ )** | |
| ၂။ | ဝစီနှုတ်ထွက်ဒေါသအမျက်များ | |
| | - အမျက်ဒေါသဟူသည် | ၁ |
| | - မလိုလားအပ်သော ရုပ်များဖြစ်ပေါ်မှု | ၄ |
| | - ဒေါသသည်မိမိ၏မှီရာကို ဖျက်ဆီးမှု | ၆ |
| | - ဒေါသဖြစ်စေရန် အကြောင်းများ | ၁၃ |
| | -ဒေါသကြီးသူသည် အနာဟောင်းနှင့်တူသည် | ၂၂ |
| | - ဒေါသနှင့် ပုဂ္ဂိုလ်(၃)မျိုး | ၂၄ |
| | - ဒေါသသည် အကုသိုလ်၏အခြေခံတရား | ၂၅ |
| | - ဒေါသရှိသူ၏စရိုက်အလေ့အထ | ၂၆ |
| | - ဒေါသရှိစရိုက်ရှိသူအား သင့်လျော်သော အရာများ | ၃၀ |
| | - အမျက်ဒေါသ၏ ဆိုးကျိုးဖန်တီးမှုများ | ၃၁ |
| | - ဒေါသ၏ ဆိုးကျိုးပြစ်ဒဏ်များ | ၃၄ |
| | - ဒေါသပယ်ရန် နည်းလမ်းမှန်များ | ၄၀ |

## အခန်း ( ၂ )


၃။ ဝစီဘေဒ (ခေါ်) ဝစီဒုစရိုက်များ

- စဝီဒုစရိုက်များ၏ ဆိုးကျိုး-ကောင်းကျိုးများ ၅၀
- ဖရုသဝါစာဆိုသည်မှာ ၅၇
- ဆဲမျိုး(၁၀)ပါး ၅၉
- ဆဲပုံဆဲနည်း(၄)မျိုး ၆၁
- စောင်းချိတ်ပြောဆိုမှု ၆၂
- မျက်ကွယ်ဆဲသော် ကိုယ်အမူအရာပြသော် ၆၂
- ဖရုသဝါစာ ကံမြောက်မှုနှင့်အကျိုးပေးမှု ၆၃
- အပြစ်ကြီးမှု၊ ငယ်မှု ၆၄
- ကျိန်ဆဲခြင်းနှင့်ကျိန်ဆိုခြင်း ၆၅


## အခန်း ( ၃ )


၄။ ပြောတော့တစ်ခဏ-ခံရတော့အဆက်ဆက်ဘဝ

- ဂေါတမဘုရားရှင်ပင်ခံခဲ့ရသော
  ဝစီကံအပြစ်ငါးဘဝ ၇၀
- ရှင်မဟာကဿပကို နှုတ်ထွက်စော်ကားသော
  ထုလ္လတိဿရဟန်းမ ၈၄

- အရှင်ပိလိန္ဒဝစ္ဆမထေရ်နှင့် ပိတ်ချင်းသီးသည်၏
ဘဝဖြစ်ထွေ ၈၇
- နှုနာစွဲကပ်နေသော သမိတိဂုတ္တမထေရ်၏
နှုတ်ကြမ်းဝဋ်ကြွေး ၉၀
- ရေမျှောခံရသော ဇမ္ဗိလသူဌေး၏
နှုတ်ကြမ်းဝဋ်ကြွေး ၉၃
- ဘားကျွမ်းသည်ဥဂ္ဂသေနလင်မယားတို့၏
အတိတ်နှုတ်ကြမ်းဝဋ်ကြွေး ၉၉
- သုပ္ပဗုဒ္ဓသောတာပန် နူနာဖြစ်ခြင်း၏
အတိတ်ဝစီကံ ၁၀၅
- ယောကျ်ားစစ်စစ် မိန်းမဖြစ်သွားရသော
သောရေယျ သူဌေးသား၏ နှုတ်ထွက်စကား ၁၀၉
- မျောက်ညိုဖြစ်သွားရသော ဝဿကာရပုဏ္ဏား၏
စကားတစ်ခွန်း ၁၁၂
- အမှိုက်ပုံ၌ စွန့်ပစ်ခံရသောသူဌေးသားလောင်း
လေး၏အတိတ်ဝစီကံ ၁၁၅
- နှုတ်ထွက်ကြမ်းခဲ့သော အမ္ဗပါလီ၏ဘဝကြမ္မာ ၁၁၈
- နှုတ်ထွက်စကား တစ်ချက်မှား၍ ပြည့်တန်ဆာမ
ဖြစ်ခဲ့ရသော အဓုကာသိရဟန္တာမ

- သံဃာကိုဆဲရေး၍ အရှင်လတ်လတ်ငရဲ
ပို့ခံရသော ရေဝတီ ၁၂၄
- သံဃာကိုနှုတ်မြွက်စော်ကား၍ ရေပျောက်
အရိပ်ပျောက်ဖြစ်ခဲ့ရသော ပြိတ္တာမ ၁၂၈
- ပေးသမျှ အစားနှင့်အဝတ် ကျင်ကြီးကျင်ငယ်
သံပြားဖြစ်သွားခံရသူ၏ ဝစီကံ ၁၃၀
- ဂင်္ဂါမြစ်ရေ သွေးအတိဖြစ်ရသော ဥတ္တရအမတ်
ကြီး၏ အမေပြိတ္တာမ၏ အတိတ်ဝစီကံ ၁၃၃
- အလှူခံကိုစော်ကား ဆဲသော ပုဏ္ဏားမ၏
နှုတ်ထွက်ကံကြမ္မာ ၁၃၇
- ကဿပဘုရားရှင်ကို နှုတ်ဖြင့်စော်ကားခဲ့သော
လယ်ထွန်ယောကျ်ားပြိတ္တာဘဝ ၁၃၉
- ရုပ်ပွားတော်ကို နှုတ်ထွက်စော်ကား ဖျက်ဆီးမိ
သော လူသားနှစ်ဦး၏ ဘဝကြမ္မာ ၁၄၃

# အခန်း ( ၁ )

## စိန့်တက်ထွက်ဒေါသအမျက်များ

### အမျက်ဒေါသဟူသည်

ဤလောကရှိသတ္တဝါတိုင်းသည် စိတ်ဟူသော နာမ်တရားရှိနေကြ၍ အမျက်ဒေါသနှင့်မကင်းကြပါ။ မွေးဖွားသည်မှ သေသည်အထိ ရတာမလို၊ လိုတာမရ ဖြစ်ရသောစိတ်သောကကြောင့် ဒေါသအမျက်ထွက်နေကြရပါသည်။

ထိုအမျက်ဒေါသကား သောတာပန်အရိယာဖြစ်လျှင်ပင်မကင်း၊ သကဒါဂါမ်အရိယာအဆင့်ရောက်မှ အကြမ်းစားအမျက်ဒေါသကိုပယ်နိုင်ပြီး အနာဂါမ်အရိယာအဆင့်ရောက်မှ အပြီးသတ်ပယ်သတ်နိုင်ပါသည်။

ဤအမျက်ဒေါသသည် မြွေပွေး၊ မြွေဟောက်ကို တုတ် ဖြင့်ပုတ်ခတ်မိသောအခါ ရှူးခနဲထလာတတ်သကဲ့သို့ မနှစ်သက် ဖွယ်၊ စက်ဆုပ်ဖွယ် စိတ်အာရုံနှင့်တွေ့ကြုံလာသည့်အခါ ရှူးရှူး ရှဲရှဲဖြစ်၍ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလာလျက် အမျက်ထွက် ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းလက္ခဏာရှိလာပါသည်။

-ဒေါသသည် ထိုဒေါသစိတ်ထန်သောသတ္တဝါ၏ ကိုယ် စိတ်နှစ်ပါးကို နှိပ်စက်ဖျက်ဆီးတတ်သည်။ ကြမ်းတမ်း ခက် ထန် ယုတ်မာသော သဘောရှိ၍ မြွေပွေး၊ မြွေဟောက်နှင့်တူပါသည်။

-အမျက်ဒေါသဖြစ်ပွားသောပုဂ္ဂိုလ်သန္တာန်၌ ပြင်းပြစွာ ပျံ့နှံ့၍ ကျရောက်ဖြစ်ပွားတတ်သောကြောင့် မိုးကြိုး ကျသည်နှင့်တူပါသည်။

-မိမိမှီရာပုဂ္ဂိုလ်ကို အိမ်တစ်အိမ်မီးလောင်လျှင် အနီး အနားရှိအိမ်များသို့ ကူးစက်လောင်သကဲ့သို့ အပူဓာတ် ကူးစက်၍ တစ်ကိုယ်လုံးလောင်ကျွမ်းစေတတ်သော ကြောင့် တောမီးနှင့်တူပါသည်။

-မိမိမှီရာပုဂ္ဂိုလ်သည် တစ်ပါးသူအား ပြစ်မှားတတ်သော သဘောကြောင့် မိမိမှီရာပုဂ္ဂိုလ်အား နှိပ်စက်၍ အခွင့် ရသောရန်သူကြီးနှင့်တူပါသည်။

-ဤအမျက်ဒေါသသည် အလုံးစုံသောအကျိုးမဲ့ဟူသမျှ တို့၏ စုပုံရာတရားကြီးဖြစ်သောကြောင့် အဆိပ်နှင့် ရောနှောလျက်ရှိသော ကျင်ငယ်ပုပ်အိုး၊ သေရည်အိုး ကြီးများနှင့်တူပါသည်။

ဒေါသနှင့်ပတ်သက်၍ ဤသို့တင်စားမှုအမျိုးမျိုးရှိပါ သည်။ လူ့စိတ်တွင်မှီတွယ်ဖြစ်ပေါ်လာတတ်သော တဏှာပေမ ဖြင့် ချစ်ခြင်း၊ ဒေါသအာဃာတဖြင့်မုန်းခြင်း၊ နှစ်မျိုးစလုံး ဘယ်ဟာ မျှမကောင်းပါ။ အချစ်နှင့် အမုန်းသည် လက်ခံထားသူကို လှလှကြီးဒုက္ခပေးတတ်ပါသည်။ ထိုအချစ်ထက်ဆိုးသည်က ဒေါသအာဃာတပင် ဖြစ်ပါသည်။

ချစ်ခြင်းသည် ဒုက္ခဖြစ်သော်လည်း အစတွင် သာယာ ဖွယ်ရှိပါသေးသည်။ အမုန်းဟူသောဒေါသကား စ,စချင်း ဆေးမယ် နှင့်ထွင်းဆိုသကဲ့သို့ မီးသည်တောက်လောင်လျှင် တောက်လောင် ချင်း ပူလောင်တတ်သကဲ့သို့ အမုန်းက သာယာဖွယ်မရှိ၊ လူကို ပြန်၍ တောက်လောင်တတ်ပါသည်။

ဤဒေါသဟူသည် ပါဠိစကားဖြစ်ပါသည်။ ဒေါသသဒ္ဒါ သည် ပျက်စီးခြင်းသဘော၊ ဖျက်ဆီးခြင်းသဘော အနက်ဟော ပြီး လက္ခဏာအားဖြင့် ကြမ်းတမ်းခြင်းလက္ခဏာရှိပါသည်။

ထိုဒေါသသည် မိမိကိုယ်ကို ဖျက်ဆီးတတ်သော သဘော၊ မိမိတည်ရာ ဖြစ်ရာသတ္တဝါကိုဖြစ်စေ၊ မိမိနှင့်အတူ ဖြစ်ပေါ်ဖြစ်ဖက် နာမ်တရားကိုဖြစ်စေ၊ သူတစ်ပါးတို့ကိုဖြစ်စေ ဖျက်ဆီးတတ်သောသဘောရှိသည်။

ထိုဒေါသသည်-

၁။ တစ်ကိုယ်လုံး၌ မလိုလားအပ်သောရုပ်များကိုဖြစ်ပေါ်စေခြင်းကိစ္စ

၂။ မိမိမှီရာပုဂ္ဂိုလ်(ဝါ)ဟဒယဝတ္ထုကို လောင်ကျွမ်းခြင်းကိစ္စ

၃။ ကြမ်းတမ်းသောလက္ခဏာရှိခြင်းကိစ္စ ရှိပါသည်။

## ၁။ မလိုလားအပ်သောရုပ်များဖြစ်ပေါ်မှု

မည်သည့်သတ္တဝါသန္တာန်၌မဆို ဒေါသတရားဖြစ်ပေါ်လာသည့်အခါ ပကတိရုပ်အနေအထားမှပြောင်းလဲ၍ ကြမ်းတမ်းသောရုပ်စဉ်တစ်မျိုး ဖြစ်ပေါ်လာတတ်ပါသည်။

ဒေါသထွက်လာသောပုဂ္ဂိုလ်၏ မျက်နှာအမူအရာကို ကြည့်ပါက-

- မျက်နှာအမူအရာမာကြောလာသည်
- တင်းမာကြမ်းတမ်းလာသည်

- နဖူးကြောများ တင်းလာသည်
- မျက်နှာနှင့်နားရွက်တို့ နီမြန်းလာသည်
- ဒေါသဇောချွေးများ ထွက်လာသည်
- မျက်စိတွင် အရည်လည်လာပြီး အရောင်တောက်လာသည်
- တစ်ဖက်သားကို မလေးမစား ပမာမခန့် ရှုတည်တည်ကြည့်သည်
- စားမလို ဝါးမလိုအမူအရာနှင့် ကြည့်သည်
- မျက်စောင်းထိုးကြည့်သည်
- မျက်ထောင့်နီလာသည်
- နှုတ်ခမ်းစူလာသည်
- နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်ထားသည်

ဒေါသပိုမိုပြင်းထန်သောအခါ-

- တစ်ကိုယ်လုံး တုန်လှုပ်လာသည်
- အသံများ တုန်ခါလာသည်
- ပြောသောစကား ထစ်အအ ဖြစ်လာသည်
- ပြောလိုသောစကား မှန်ကန်စွာမပြောနိုင် ဖြစ်လာသည်
- အခြားသူများမနှစ်သက်ဖွယ် မကြားဝံ့မနာသာ ကြမ်းတမ်းသောစကားလုံးများ နှုတ်မှထွက် ... သည်

- နဖူးကြောများ တင်းလာသည်
- မျက်နှာနှင့်နားရွက်တို့ နီမြန်းလာသည်
- ဒေါသဇောချွေးများ ထွက်လာသည်
- မျက်စိတွင် အရည်လည်လာပြီး အရောင်တောက်လာသည်
- တစ်ဖက်သားကို မလေးမစား ပမာမခန့် ရှုတည်တည်ကြည့်သည်
- စားမလို ဝါးမလိုအမူအရာနှင့် ကြည့်သည်
- မျက်စောင်းထိုးကြည့်သည်
- မျက်ထောင့်နီလာသည်
- နှုတ်ခမ်းစူလာသည်
- နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်ထားသည်

ဒေါသပိုမိုပြင်းထန်သောအခါ-

- တစ်ကိုယ်လုံး တုန်လှုပ်လာသည်
- အသံများ တုန်ခါလာသည်
- ပြောသောစကား ထစ်အအ ဖြစ်လာသည်
- ပြောလိုသောစကား မှန်ကန်စွာမပြောနိုင် ဖြစ်လာသည်
- အခြားသူများမနှစ်သက်ဖွယ် မကြားဝံ့မနာသာ ရုန့်ရင်းကြမ်းတမ်းသောစကားလုံးများ နှုတ်မှထွက်လာသည်။

ထိုသို့သော ရုပ်သွင်သဏ္ဌာန်များဖြစ်ပေါ်လာခြင်းသည် ကြားရသူ၊ မြင်ရသူအားလုံးကို မနှစ်သက်မလိုလားအပ်စေသော ရုပ်စဉ်များဖြစ်ပါသည်။

"မြားဆိပ်၊ မြွေဆိပ်တို့သဘောသည် ခန္ဓာကိုယ်သို့ကျရောက်သည့်အခါ ပြင်းထန်စွာ တစ်ကိုယ်လုံးပျံ့နှံ့သွားခြင်းရှိသကဲ့သို့ ဒေါသအမျက်ဖြစ်ပေါ်လာသည့်အခါ ထိုစိတ်ကြောင့် တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်များ ပျံ့နှံ့ဖြစ်ပေါ်သည်"

ဟု အဋ္ဌသာလိနီ အဋ္ဌကထာဆရာက ဖွင့်ဆိုရေးပြထားပါသည်။

## ၂။ ဒေါသသည် မိမိမှီရာကိုဖျက်ဆီးမှု

ဒေါသသည် မိမိမှီရာပုဂ္ဂိုလ်ကို လောင်ကျွမ်းသည်ဆိုရာ၌ ဒေါသစေတသိက်သည် နာမ်တရားတို့၏ မှီရာဝတ္ထုရုပ် (၆)မျိုးပို့ဟွင် ဟဒယဝတ္ထုရုပ် (နှလုံး)ကိုမှီ၍ ဖြစ်ပေါ်ရပါသည်။ ဒေါသဖြစ်ပေါ်လာသောအခါ မိမိမှီရာ ဟဒယဝတ္ထုရုပ်(နှလုံး)ကို လောင်ကျွမ်းပါသည်။

တစ်ချိန်တည်းမှာပင် ထိုဟဒယဝတ္ထုရုပ်ကိုပင်မှီ၍ မိမိနှင့်အတူဖြစ်လာကြသော စိတ်၊ စေတသိက်တရားတို့ကို ပူပူလောင်လောင်ဖြစ်စေပါသည်။

ထိုစိတ်စေတသိက်တို့ကြောင့် ဖြစ်လာသောစိတ်ကြောင့်ဖြစ်သောရုပ် (ကမ္မဇရုပ်)၊ ဥတုကြောင့်ဖြစ်သောရုပ် (ဥတုဇရုပ်)၊

အာဟာရအစားအစာကြောင့်ဖြစ်သောရုပ်(အာဟာရဇရုပ်)များသည်လည်း အပူဓာတ်ကူးစက်ခံရပြီး တစ်ကိုယ်လုံးလောင်ကျွမ်းခံရပါတော့သည်။

ထို့ကြောင့် ဒေါသဖြစ်လာသည့်အခါ ဒေါသအရှိန်ကြောင့်-

- နှလုံးသွေးများ ဆူဝေလာသည်
- မျက်ထောင့်များ နီလာသည်
- အသားအရေများ နီမြန်းလာသည်
- စိတ်၊ စေတသိက်များပူလောင်လာသဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ခက်ထန်မာကျောလာသည်
- အသံများကျယ်လောင်မာကျောလာသည်
- ခြေတုန်လက်တုန်ဖြစ်လာပြီး ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ရီရီပင် ဖြစ်လာသည်
- သွေးခုန်နှုန်းမြန်လာပြီး လည်ချောင်းအာခေါင်များ ခြောက်ကပ်ကပ်ဖြစ်လာသည်

ဤသည်မှာ ဒေါသ၏လောင်ကျွမ်းမှုသဘောကို ဖော်ပြခြင်းဖြစ်ပါသည်။

လောကဥပမာတွင် ပြာသာဒ်ကိုရှို့မည့် မီးရှူးသည် ပြာသာဒ်ကိုမလောင်မီ မိမိကိုယ်တိုင်အလောင်ခံရသည်။ မစင်ဖြင့် သူတစ်ပါးကိုပစ်ရန် ကြံစည်သူသည် မစင်ကသူများကိုထိသည်-

မထိသည်က အတိအကျမသိရ။ မိမိလက်ကို မစင်အရင်အပေခံရမည်။ ထိုဥပမာကဲ့သို့ပင် ဒေါသသည် မိမိကအရင်ဦးစွာ ခံရသည်ပင်ဖြစ်ပေသည်။

ထို့ပြင် သတ္တဝါများသည် ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ချမ်းသာပျက်စီးခြင်းစသော မကောင်းသော အလိုမရှိအပ်သော အဖြစ်အပျက်များနှင့် တွေ့ကြုံရသောအခါ၌လည်း လွန်လွန်မင်းမင်း စိတ်ပင်ပန်းခြင်း ဖြစ်ကြရပါသည်။ အချို့မှာ မေ့မြော၍ပင် သွားရသည်။

ဤသည်မှာ ပြင်းထန်သောစိတ်ပင်ပန်းမှု (ဉပါယာသ) ဒေါသ၏လောင်ကျွမ်းမှုကြောင့်ပင်ဖြစ်ပါသည်။

## ၃။ ဒေါသ၏ကြမ်းတမ်းသောလက္ခဏာရှိမှု

ဒေါသသည် ကြမ်းတမ်းသောလက္ခဏာရှိသည်ဆိုရာဝယ်-

ဒေါသစေတသိက်သည် အာရုံယူရာဝယ် တစ်ခြားစေတသိက်များကဲ့သို့ ညင်ညင်သာသာမရှိပါ၊ ခက်ထန်ကြမ်းတမ်းသောသဘောရှိပါသည်။

သို့သော် ဒေါသသည် နာမ်တရားဖြစ်၍ ဒေါသ၏ခက်ထန်ကြမ်းတမ်းသောသဘောကို ပကတိမျက်စိဖြင့် တိုက်ရိုက်မမြင်ကြရပါ။

"အကျိုးထင်က အကြောင်းမြင်ရသည်" ဟူသောစကား ကဲ့သို့ ဒေါသကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားများ၏ ခက်ထန်ကြမ်းတမ်းပုံကိုကြည့်၍ ဒေါသ၏ခက်ထန်ကြမ်းတမ်း သောသဘောကို ဉာဏ်မျက်စိဖြင့် မှန်းဆသိရပါသည်။

ဒေါသသည် မိမိကြမ်းတမ်းသကဲ့သို့ မိမိနှင့်အတူဖြစ်ဖော် ဖြစ်ဖက်ရုပ်တရား နာမ်တရားများကိုလည်း ကြမ်းတမ်းစေပါ သည်။

ဒေါသနှင့်ပေါင်းဖော်ယှဉ်တွဲမှီသော ရုပ်တရား နာမ် တရားမှန်သမျှသည် ဓားပြသူခိုး လူဆိုးများနှင့် ပေါင်းဖော်မိသူ ပမာ ဒေါသအလိုအတိုင်း ကြမ်းတမ်းလာရစမြဲဖြစ်ပါသည်။

မလိုလားအပ်၊ မနှစ်သက်အပ်သော အာရုံအဖြစ်အပျက် တို့နှင့်တွေ့ကြုံဆုံဆည်းလာရသည့်အခါ ရှူးရှူးရှဲရှဲဖြစ်လာကာ ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလာရပါသည်။

ဒေါသအရှိန်ကြီးလျှင် ကြီးသလောက်၊ နည်းလျှင်နည်း သလောက်၊ ရုပ်အဆက်ဆက်ထိခိုက်၍ ကိုယ်အမူအရာ၊ နှုတ် အမူအရာများ သိသိသာသာကြီးဖောက်ပြန်ပြောင်းလဲလာသည်-

- မျက်စိမျက်နှာ နီမြန်းလာသည်
- တစ်ဖက်သားကို စားမတတ် ဝါးမတတ်ကြည့်ရှုသည်
- လက်နက်ရှာဖွေသည်၊ စွဲကိုင်သည်။ လက်နက်ဖြင့်ချိန် ရွယ်သည်၊ ရိုက်နှက်ထိုးခုတ်သည်။ သတ်ဖြတ်သည်

- ဆူပူကြိမ်းမောင်းသည်၊ အော်ငေါက်သည်၊ ဆဲရေး
တိုင်းထွာသည်

ဤသည်တို့မှာ ဒေါသစေတသိက်ကြောင့်ဖြစ်ပေါ်လာသောအကျိုးတရားများ ဖြစ်ကြပါသည်။

ဤကြမ်းတမ်းသော ကိုယ်နှုတ်အမူအရာ အသွင်အပြင် လက္ခဏာများကို ကြည့်သောအားဖြင့် မူလတရားခံဖြစ်သော ဒေါသ၏ကြမ်းတမ်းသော သဘောလက္ခဏာကိုသိရပါသည်။

"မြွေပွေး မြွေဟောက်ကို တုတ်တို့ဖြင့် တို့ ထိပုတ်ခတ်လိုက်သည့်အခါ ရှူးခနဲအသံထွက်ကာ ပါးပျဉ်းထောင်ထလာသကဲ့သို့ ဒေါသဖြစ်လာသည့်အခါ ရှူးရှူးရှဲရှဲဖြစ်ပြီး ခက်ထန်ကြမ်းတမ်းလာသည်"

ဟု အဋ္ဌသာလိနီအဋ္ဌကထာဆရာက ဆိုထားပါသည်။

လောကတွင် စိတ်ဆိုးသည် ဟုဆိုကြရာ၀ယ် ဖြစ်ဖော်ဖြစ်ဖက် စိတ်၊ စေတသိက်တို့ ကြမ်းကြမ်းတမ်းတမ်း ဆိုးဆိုး၀ါး၀ါး ဖြစ်လာသည်ကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် စိတ်ဆိုးခြင်းသည် ဒေါသကြောင့်ဖြစ်သည်မဟုတ်။

- လောဘ = လိုချင်ခြင်း
- မောဟ = မသိခြင်း

- အဟိရိက = မရှက်ခြင်း
- ကုက္ကုစ္စ = ပြူစူခြင်း
- မစ္ဆရိယ = ဝန်တိုခြင်း

စသော အခြားအကုသိုလ်စေတသိက်များကြောင့် စိတ်သည် ကောင်းနေရာမှ ဆိုးသွားခြင်းဖြစ်ပါသည်။

ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် စား၊ ဝတ်၊ နေရေး၏အဓိက အသက်သွေးကြောဖြစ်သော ဥစ္စာစီးပွား၊ ရာထူးအာဏာတို့ ကြောင့် ဤလောဘ၊ မောဟ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ အဟိရိက၊ မာန စသောတရားများကို သတိလက်လွတ်ပြုမူတတ်ကြခြင်းဖြစ်ပါ သည်။ ဤတရားများသည် မိမိဘဝကိုလောင်မြိုက်ပြီး ဒေါသမီး ဖြင့် လောင်ကျွမ်းကာ မိမိဘဝကိုဆင်းရဲရောက်စေသည်သာဖြစ်ပါ သည်။

ဤဒေါသတွင်-

၁။ တက်ကြွရဲရင့်သောဒေါသ

၂။ ဆုတ်နစ်ကြောက်ရွံ့သောဒေါသ

ဟူ၍ နှစ်မျိုးရှိပါသည်။

တက်ကြွရဲရင့်သောဒေါသမှာ အထက်တွင်ပြခဲ့သော စိတ်စေတသိက်များ ပူလောင်မှုကြောင့် နှလုံးသွေးများဆူဝေလာ ခြင်း၊ မျက်ထောင့်နီလာခြင်း၊ အသားအရေနီမြန်းလာခြင်း၊ ခြေ

တုန်လက်တုန်ဖြစ်လာခြင်း၊ တုတ်၊ မား စွဲလာခြင်း စသည်များသည် တက်ကြွရဲရင့်သောဒေါသများဖြစ်ကြပါသည်။

ဆုတ်နစ်ကြောက်ရွံ့သောဒေါသကလည်း လောင်ကျွမ်းတတ်သောသဘောရှိပါသည်။

ယင်းသဘောကိုကြည့်လျှင် ပရိသတ်အလယ်၌စကားမပြောဖူးသူ၊ မိန့်ခွန်းမပြောဖူးသူ၊ တရားမဟောဖူးသူတို့ မိန့်ခွန်းပြောသောအခါဖြစ်စေ၊ တရားဟောသောအခါ၌ဖြစ်စေ၊ တပည့်များ ဆရာထံ၌ စာဆိုပြန်သည်ဖြစ်စေ၊ ကြောက်လန့်ဖွယ်ရာအာရုံတို့နှင့်တွေ့သည်ဖြစ်စေ ထင်ရှားသိသာပါမည်။

ထိုသူတို့မှာ ပရိတ်သတ်များ၊ ဆရာသမားများနှင့် ကြောက်ဖွယ်အာရုံတို့ကိုကြောက်ရွံ့သဖြင့် ကြက်သီးမွေးညင်းထခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ တစ်ကိုယ်လုံး နတ်ပူးသကဲ့သို့တုန်ခြင်း၊ အသံပွင့်ပွင့်လင်းလင်းမထွက်ခြင်း၊ ထစ်ငေါ့ခြင်း၊ ပါးစပ်ထဲ၌တံထွေးများခြဲပစ်လာခြင်း၊ ချွေးစီးများထွက်ခြင်း စသည်တို့ဖြစ်ပေါ်လာတတ်ပါသည်။

အချို့သည် ကြောက်ရွံ့ဖွယ်အာရုံနှင့် အချိန်များစွာတွေ့လာရသောအခါ အသားအရေများ ပြာနှမ်းလာပြီး မျက်ကွင်းများပင်ညိုလာတတ်ပါသည်။

ဥပမာ- တောကြွက်များဖမ်းမိလာပါက နီရဲနေသော အမောက်သည် ကြောက်ရွံ့လွန်းအားကြီးသဖြင့် မကြာမီ ညိုမည်းလာတတ်သည်ကို တွေ့ရပါသည်။

ဤသည်မှာ ဆုတ်နစ်ကြောက်ရွံ့သောဒေါသကြောင့် သွေးများ ခဲသွားခြင်းသဘောဖြစ်ပါသည်။

**ဒေါသဖြစ်စေရန်အကြောင်းများ**

ဒေါသ၏ အနီးကပ်ဆုံးသောအကြောင်းအရာတို့ကို အာဃာတဝတ္ထု ဟု ပါဠိလိုခေါ်ပါသည်။ မြန်မာအဓိပ္ပာယ်မှာ ရန်ငြိုးဖွဲ့တတ်မှု ဟုခေါ်ပါသည်။

ထိုဒေါသအာဃာတဖြစ်ပေါ်ရန် အကြောင်းရင်းအချက် (၁၀)ချက် ရှိသည် ဟု မဇ္ဈိမပါဠိတော် ပေတုဂေါ္ဗကဒုက နိကေ္ခပ ကဏ္ဍ၌ဟောထားပါသည်-

၁။ ဤသူသည် ငါ၏အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို ရှေးကပြုခဲ့ဖူးပြီ

၂။ ယခုလည်းပြုနေဆဲ

၃။ နောင်လည်းပြုလိမ့်မည် ဟုရန်ငြိုးထားခြင်း

၄။ ဤသူသည် ငါချစ်ခင်မြတ်နိုးသူ၏အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို ရှေးကပြုခဲ့ဖူးပြီ

၅။ ယခုလည်းပြုဆဲ

၆။ နောင်လည်းပြုလိမ့်မည် ဟုရန်ငြိုးထားခြင်း

၇။ ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွား ဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကို ရှေးကပြုခဲ့ဖူးပြီ

၈။ ယခုလည်းပြုဆဲ

၉။ နောင်လည်းပြုလိမ့်မည် ဟုရန်ငြိုးထားခြင်း

၁၀။ မိုးရွာသည့်အခါ မိုးရွာလိုက်တာ၊ နေပူပြန်လျှင်လည်း နေပူလိုက်တာ၊ လေတိုက်လျှင်လည်း လေတိုက်လိုက်တာ၊ မိုးမရွာပြန်လျှင်လည်း မရွာပြန်ဘူး စသည်ဖြင့် ဒေါသထွက်စရာ အရာဌာနမဟုတ်သည်၌ ဒေါသထွက်ခြင်း။

ဤ(၁၀)ပါးသော အာဃာတဝတ္ထု (၁၀)ပါးတွင် (၁)မှ (၉)သည် သက်ရှိသတ္တဝါကို အာရုံပြု၍ဖြစ်သောကြောင့် ကံမြောက်ပါသည်။

နံပါတ်(၁၀)မှာ မိုး၊ နေ၊ လေစသော သက်မဲ့သင်္ခါရတရားတို့၌ အမျက်ထွက်သောကြောင့် ကံမမြောက်၊ မနောဒုစရိုက်မျှသာဖြစ်ပါသည်။

ကံမြောက်သောအကုသိုလ်အလုပ်သည် အပါယ်ဘုံသို့ ပဋိသန္ဓေအကျိုးပေးနိုင်ပါသည်။

အင်္ဂုတ္တိုရ်၌ ဒေါသဖြစ်စေကြောင်းတရား (၂)ပါးကို ဟောထားပါသည်။

၁။ မကောင်းသောအာရုံများနှင့် တွေ့ဆုံခြင်းကြောင့်
၂။ မသင့်မလျော် နှလုံးသွင်းခြင်းကြောင့်

ဟု ဟောထားပါသည်။

မကောင်းသောအာရုံများတွင်-

၁။ ပင်ကိုသဘာဝအတိုင်း အလိုမရှိအပ်သောအာရုံ
၂။ စိတ်အကြံအားဖြင့် အလိုမရှိအပ်သောအာရုံ

ဟူ၍ ထပ်မံခွဲရပါသည်။

**ပင်ကိုသဘာဝအတိုင်း အလိုမရှိအပ်သောအာရုံ ဟူသည်မှာ-**

ကျင်ကြီးကျင်ငယ်၊ အသေကောင်ပုပ်၊ မကောင်းဆိုးဝါးသောအသံ၊ အနံ့၊ အရသာ၊ အတွေ့အထိစသောအာရုံများဖြစ်ကြပါသည်။

ထိုသဘာဝမကောင်းအာရုံနှင့်ပတ်သက်၍ လူတန်းစားသဘောကို ခွဲခြား၍လည်း ကြည့်နိုင်ပါသည်။

ဘုရင်ဧကရာဇ်စသော အထက်တန်းစားလူများနှင့် နတ်တို့သည် ရိုးရိုးထမင်းဟင်းလျာစသည့် စားဖွယ်သောက်ဖွယ်များကို အကောင်းဖြစ်ပါလျက် မနှစ်သက်နိုင်ပါ။ မလိုလားအပ်သောအရာဖြစ်နေပါသည်။

အလွန်ဆင်းရဲကြသော လူအောက်တန်းလွှာနှင့် တိရစ္ဆာန်တို့မှာမူ ထမင်းသိုး၊ ဟင်းသိုးများကိုပင် မကောင်းသည်မှန်ပါလျက် လိုလားစရာ၊ နှစ်သက်စရာဟု ထင်မှတ်ကြပါသည်။

သို့အတွက် သဘာဝကောင်း-မကောင်းအာရုံတို့ကို လူတန်းလွှာတို့၏အလိုအားဖြင့်ခွဲခြားသတ်မှတ်ရပါသည်။

**စိတ်အကြံအားဖြင့် အလိုမရှိအပ်သောအာရုံဟူသည်မှာ-**

စိတ်ဖောက်ပြန်မှု၊ အမှတ်မှားမှု၊ အယူမှားမှု မကင်းကြသောသတ္တဝါတို့၏ စိတ်အလို စိတ်အကြံအားဖြင့် အလိုမရှိနိုင်၊ မနှစ်သက်နိုင်သော အာရုံမျိုးဖြစ်သည်။

ဥပမာ-ဘုရား၊ တရား၊ သံဃာစသောအာရုံတို့သည် အလွန်လိုလားအပ်၊ နှစ်သက်မြတ်နိုးအပ်သောအာရုံများဖြစ်ကြသော်လည်း တိတ္ထိများအဖို့ မျက်စိကိုမှိတ်၊ နားကိုပိတ်လောက်အောင် အလိုမရှိအပ်၊ မနှစ်သက်အပ်သော မကောင်းသောအာရုံများဖြစ်နေကြသည်။

အလားတူ သာမန်ထမင်းဟင်းလျာစသော စားဖွယ်သောက်ဖွယ်များဖြစ်သော်လည်း မင်းကေရာဇ်စသော အထက်တန်းစားလူတို့အတွက် မနှစ်သက်မမြတ်နိုးနိုင်သော အာရုံများဖြစ်နေကြရပါသည်။

ဤအာရုံနှစ်မျိုးကြောင့် သတ္တဝါတို့သည် ဒေါသဖြစ်ကြရသည်။

မသင့်မလျော်နှလုံးသွင်းခြင်းဆိုသည်မှာ-

စိတ်တို့သည် မည်သည့်အာရုံနှင့် ကင်း၍ ဖြစ်နိုင်သော သဘောမရှိ၊ အာရုံကိုစွဲမှီ၍ဖြစ်ပေါ်လာရသော သဘောတရား ဖြစ်သည်၊ ထိုစိတ်သည် အလိုမရှိအပ်သော အာရုံတို့နှင့်တွေ့ကြုံ ဆုံဆည်းရသည့်အခါ မကောင်းဘက် အဆိုးဘက်မှ ရှုမြင်သုံးသပ် မှုကို မသင့်လျော်သောနှလုံးသွင်းမှု၊ နှလုံးသွင်း မလိမ္မာမှု ဟု ဆိုရပါသည်။

သဘာဝမကောင်းသောအာရုံ စိတ်အကြံဖြင့် မကောင်း သောအာရုံတို့တွင် တစ်မျိုးမျိုးနှင့်တွေ့ကြုံရသည်ဖြစ်စေ၊ ထိုအာရုံ ၌ မသင့်လျော် နှလုံးသွင်းချော်ခဲ့သည်ဖြစ်စေ၊ ဒေါသတရားပေါ် ပေါက်လာရသည် ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

အာဃာတဝတ္ထု(၁၀)ပါးတွင် မိမိ၏အကျိုးစီးပွားမဲ့၊ မိမိ မိတ်ဆွေ၏အကျိုးစီးပွားမဲ့၊ မိမိရန်သူ၏အကျိုးစီးပွားဖြစ်မှုတို့ကို ပြုလုပ်နေသောကောင် ဟု မသင့်မလျော် နှလုံးသွင်းတတ်ကြ ပါသည်။

ထိုသို့နှလုံးသွင်းချော်သည်နှင့်တစ်ပြိုင်နက်တည်း ရန်ငြိုး ဖွဲ့ခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်းဟူသော ဒေါသစေတသိက် ဖြစ်ပေါ်လာရစမြဲဖြစ်ပါသည်။

မကောင်းသောအာရုံနှင့်တွေ့စေကာမူ အကောင်းဘက် မှ ရှုမြင်သုံးသပ်၍ သင့်တင့်သောနှလုံးသွင်းဆင်ခြင်မှုရှိပါက ဒေါသဖြစ်ပေါ်လာစရာ မရှိနိုင်ပါ။

ကောင်းသောသဘာဝအာရုံ အလွန်ကောင်းမြတ်သော အာရုံများနှင့် တွေ့ကြုံရစေကာမူ အဆိုးဘက်မှရှုမြင်၍ မသင့်မလျော်နှလုံးသွင်းချော်ပါက ဒေါသဖြစ်နိုင်ပါသည်။

"ချစ်သားရဟန်းတို့. . အလုံးစုံသောအကုသိုလ်တရားတို့သည် ရှိကုန်၏၊ ထိုအလုံးစုံသော အကုသိုလ်တရားတို့သည်ကား မသင့်လျော်သောနှလုံးသွင်းချော်ခြင်းဟူသောအကြောင်းလျှင် အရင်းမူလပဓာနဖြစ်သည်"

ဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဟောထားပါသည်။

ထို့ကြောင့် ဒေါသဖြစ်ရသောအကြောင်း(၂)ရပ်တွင် မသင့်မလျော် နှလုံးသွင်းချော်ခြင်း ဟူသော ဒုတိယအကြောင်းသည် အချက်အချာကျပါသည်။

ဒေါသဖြစ်ရခြင်းအကြောင်းနှင့်ပတ်သက်၍ အကြောင်းအရာလေးချက်ကြောင့်ဖြစ်ရသည် ဟု ဟောကြားထားသည်ကိုလည်း တွေ့ရပါသည်။

ထိုလေးပါးမှာ-

၁။ ပင်ကိုပဋိသန္ဓေက ဒေါသအခံပါသောကြောင့်လည်းကောင်း

၂။ အလွယ်ဖြင့် စိတ်ကောက်တတ်၊ ဝမ်းနည်းတတ်ခြင်းသဘော၊ သဘောထားသေးသိမ်ခြင်းကြောင့်လည်းကောင်း

၃။ အကြားအမြင်နည်းပါး၍ ဆင်ခြင်တတ်သောဉာဏ်ပညာ နည်းပါးသောကြောင့်လည်းကောင်း

၄။ အလိုမရှိအပ်သော အာရုံများနှင့်တွေ့ကြုံရခြင်း၊ မသင့်သောနှလုံးသွင်းခြင်း၊ ရန်ငြိုးဖွဲ့ခြင်းအကြောင်း (၉)ပါးကြောင့်လည်းကောင်း

ဖြစ်ရသည် ဟု ဟောပါသည်။

တစ်ဖန် ဒေါသဖြစ်ရခြင်းသည် မေတ္တာပျက်ခြင်းကြောင့် ဖြစ်ရသည် ဟု ဟောပါသည်။ မေတ္တာပျက်ခြင်းအကြောင်းတရား (၁၅)ပါးရှိပါသည်၊

၁။ မတရားရယူလိုခြင်း

၂။ မတရားလိခိုက်နစ်နာ စေလိုခြင်း

၃။ ဂရုမထား ပြုမှား၊ ပြောမှား ကြိမ်ဖန်များခြင်း

၄။ မလေးစားခြင်း၊ အရေးမထား အရာမသွင်း ပစ်ပယ်ခြင်း

၅။ တင်စီးဆက်ဆံခြင်း

၆။ အညွန့်ချိုးခြင်း

၇။ စကားခေါင်းပုံဖြတ်ခြင်း

၈။ ဆရာလုပ်ခြင်း

၉။ တုပြိုင်ခြင်း

၁၀။ ဖိနှိပ်ခြင်း

၁၁။ အကြွပ်ရိုက်အောင် စကားထောင်ချောက်ဆင်ခြင်း

၁၂။ ဂုဏ်ကိုချေဖျက်ခြင်း

၁၃။ ပြောဆိုပြုလုပ်သမျှကို အသိမှတ်မပြုခြင်းနှင့်နှိမ်ချ ဝေဖန်ခြင်း၊ အပြစ်တင်ကဲ့ရဲ့ရှုတ်ချခြင်း

၁၄။ ကောင်းကွက်ကို အသိအမှတ်မပြုခြင်း

၁၅။ အခွင့်အရေးမပေးခြင်း၊ ပိတ်ဆို့ခြင်း

ဤအချက်များသည် တစ်ဦးနှင့်တစ်ဦးမေတ္တာပျက်စေခြင်း၊ မကျေနပ်စေခြင်း၊ ပေါက်ကွဲဒေါသဖြစ်စေခြင်းအကြောင်း အရာများဖြစ်သည် ဟုဆိုပါသည်။

"ပုဗ္ဗကာလေကောဓော အပရကာလေဥပနာဟော" ဟု ဟောတော်မူထားသည့်အတိုင်း-

- တစ်ကြိမ်ဦးစွာဖြစ်က သာမန်အမျက်ဒေါသ
- တစ်ကြိမ်ထက်အလွန်ထပ်၍ ထပ်၍ဖြစ်သော ရန်ငြိုး ဖွဲ့တတ်သောဒေါသကို အာဃာတ ဥပါဟာန ဟု ခေါ်ဆိုပါသည်။

ဤ အာဃာတ ဥပါဟာန ကို မြန်မာလို "ရန်ငြိုး" ဟု ခေါ်ပါသည်။

ရန်ငြိုးဖွဲ့ခြင်းဟူသည်-

- ဤသူသည် ငါ့ကိုဆဲရေးဖူးပြီ
- ငါ့ကိုညှဉ်းဆဲဖူးပြီ
- ငါ့ကိုအောင်နိုင်ဖူးပြီ

- ငါ့ဥစ္စာကိုဆောင်ယူဖူးပြီ

ဟု တစ်ဖက်သားအပေါ်၌ အဖန်တလဲလဲ အမျက်ထွက်ခြင်း၏ အစွမ်းဖြင့် စိတ်ကိုမြှေးယှက်လာခြင်း၊ ရစ်ပတ်ဖွဲ့နှောင်ထားခြင်း တို့ကို ရန်ငြိုးဖွဲ့သည် ဟုဆိုပါသည်။

သာမန်အမျက်ထွက်မှုသည် တုတ်ဖြင့်ခတ်မိသဖြင့် ရှုံ့ ခနဲထသောမြွေပွေး မြွေဟောက်ကဲ့သို့ အမျက်ထွက်ရုံ စိတ်ဆိုးရုံ တွင်သာ ရပ်ပါသည်။ ထိုဒေါသကို ကောက်ရိုးမီးနှင့်တူသည် ဟု ဆိုပါသည်။

ရန်ငြိုးဖွဲ့ခြင်းကား စိတ်ဆိုးရုံနှင့်မရပ်၊ စိတ်ဆိုးစရာအာရုံ ကို အကြောင်းညီညွတ်လျှင် ကလဲ့စားချေမည်၊ တုံ့ပြန်မည် ဟု စိတ်ထဲ၌ မှတ်ထား ရန်ငြိုးဖွဲ့ထားသည်။

ထိုရန်ငြိုးကား တငွေ့ငွေ့လောင်ကျွမ်းနေသော ဖွဲမီးနှင့် တူသည်ဟု ဆိုပါသည်။

ထိုရန်ငြိုးဖွဲ့ခြင်းကား မိမိရန်ငြိုးဖွဲ့အပ်သော ပုဂ္ဂိုလ်သတ္တဝါ အပေါ်၌ အမျက်ဒေါသထွက်၍မပြီးနိုင်၊ မငြိမ်းနိုင်၊ မပြေပျောက် နိုင်အောင်ပင် စိတ်ကိုမြှေးယှက် ရစ်ပတ်ဖွဲ့နှောင်ကာ သံသရာဘဝ အဆက်ဆက်အထိ ပါသွားပြီး ရန်ငြိုး၏အကျိုးများကိုခံစား ကြ ရပါသည်။

ငါးရာငါးဆယ်လာ သေရိဝဝါဏိဇ-ဇာတ်၌ ဒေဝဒတ် လောင်း ရှဲကုန်သည်၏ ရန်ငြိုးဖွဲ့မှုနှင့် ဘုရားရှင်လက်ထက် ကာဠ

ယက္ခိနီဘီလူးမတို့၏ ရန်ငြိုးဖွဲ့မှု၊ ကလဲ့စားချေမှုများသည် သံသရာအဆက်ဆက် ရန်ငြိုးဖွဲ့မှုဖြစ်ပြီး ကြောက်စရာအလွန်ကောင်းလှပါသည်။

## ဒေါသကြီးသူသည် အနာဟောင်းနှင့်တူသည်

ဒေါသကြီးသောသူကို အဘိဓမ္မာ၌ အရုကူသမစိတ္တ ရှိသူ (အနာဟောင်းနှင့်တူသောစိတ်ရှိသူ) ဟု ခေါ်ထားပါသည်။

လောကတွင် အနာဟောင်းကို တုတ်ချောင်းစွန်းဖြင့် ဖြစ်စေ၊ အိုးခြမ်းကွဲဖြင့်ဖြစ်စေ၊ ထိခိုက်ခံရမိသော် သွေးပြည်တို့အမြောက်အမြားထွက်သကဲ့သို့ အချို့ပုဂ္ဂိုလ်တို့သည် အမျက်ဒေါသထွက်တတ်သည်၊ ပူပန်မှုများသည်။ မပြောပဖွယ် အနည်းငယ်မျှပြောဆိုစေကာမူ စိတ်ထိခိုက်တတ်၏၊ ပြစ်မှားတတ်၏၊ စိတ်ဆိုးတတ်၏၊ ကြမ်းတမ်းခက်ထန်တတ်၏။

အမျက်ထွက်ခြင်းကိုလည်းကောင်း၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်ရှားအောင်ပြု၏၊ ပြ၏။

ဒေါသကြီးသူသည် ဥဒ္ဒုမာယိကဖားနှင့်တူကြောင်း ဘုရားရှင်က ဟောကြားထားပါသည်။

ဥဒ္ဒုမာယိကဖားသည် သစ်ရွက်ဟောင်းကြား၊ နွယ်ကြားတို့၌နေလေ့ရှိပြီး ပင်ကိုက လက်သည်းခွံမျှ အလွန်သေးငယ်သော်လည်း တစ်ခုခုဖြင့်ထိခိုက်မိပါက တဖြည်းဖြည်းပြန့်ကားကြီးထွားလာလေ့ရှိသည်။ နောက်ဆုံး ဥသျှစ်သီးမှည့်လောက်နီးနီး လုံးဝန်းသောကိုယ်ရှိလာသည်။ ခန္ဓာဝန်ကကြီးလာပြီး ခြေကသေး၍မသွားနိုင်တော့ဘဲ ပက်လက်လှန်ကာ ခြေများကိုထောင်ကာ မသွားနိုင်၊ မလာနိုင်ဖြစ်ရတော့သည်။ ထိုအခါ ကျီး၊ စွန်တို့က တွေ့ရှိပြီး ထိုးဆိတ်စားသောက် ခံရတော့သည်။

အလားတူပင် ဒေါသထွက်သူသည် အစတွင် စိတ်နောက်ကျုရုံ၊ စိတ်ချောက်ချားရုံမျှသာဖြစ်သည်။ ယင်းအခြေအနေတွင် မနှိမ်နှင်းနိုင်လျှင် တစ်ဆင့်တိုးကား မျက်နှာထားမာကျောတင်းမာလာသည်၊ မကြည်မလင်ဖြစ်လာသည်။

ထိုမှတစ်ဆင့် လှုပ်လာခြင်း၊ အပြောအဆိုကြမ်းတမ်းရိုင်းစိုင်းလာခြင်း၊ လက်နက်ရှာလာခြင်း၊ တွန်းဆွဲလုပ်လာခြင်း၊ လက်နက်ဖြင့် ရိုက်နှက်ပုတ်ခတ်လာခြင်း စသည်တို့ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာသည်။ နောက်ဆုံး မိမိကိုယ်ကို အဆုံးစီရင်သည်အထိ ဖြစ်လာတတ်သည်။

ဤသည်မှာ ဒေါသ၏အလွန်ဆိုးသောအဖြစ်ကို ဘုရားရှင်က ပဏ္ဏာသခမ္မိကသုတ်၌ ဟောကြားထားခဲ့ခြင်းဖြစ်ပါသည်။

ဒေါသနှင့်ပုဂ္ဂိုလ် (၃)မျိုး

ဘုရားရှင်က အဘိဓမ္မာတွင် ဒေါသနှင့်ပတ်သက်၍ ပုဂ္ဂိုလ်(၃)မျိုးကို ခွဲခြားဟောကြားထားခဲ့ပါသည်။

၁။ ဒေါသဖြစ်ပြီးနောက် အလွန်ပျောက်ခဲလှသူ

ကျောက်ချပ်၌ရေးထားသောအက္ခရာသည် လေ၊ ရေတို့ကြောင့် လျင်မြန်စွာမပျက်စီးဘဲ ကြာရှည်စွာတည်သကဲ့သို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မပြတ် အမျက်ထွက်၏။ ထိုပုဂ္ဂိုလ်၏အမျက်သည် ကြာမြင့်စွာ နေ့ညပတ်လုံးတည်၏။

၂။ ဒေါသဖြစ်လွယ် ပြေလွယ်သောသူ

မြေပြင်၌ရေးထားသောအက္ခရာသည် လေ၊ ရေတို့ဖြင့် လျင်မြန်စွာ ကြေပျက်ကာ တာရှည်စွာမတည်သလို အချို့သောပုဂ္ဂိုလ်သည် မကြာခဏ အမျက်ထွက်၏။ သို့သော် ကြာမြင့်စွာ ဝမ်းထဲ၌ မသိုးမှီး၊ မကိန်း၊ ကြေပျောက်လွယ်၏။

၃။ ဒေါသမဖြစ်တတ်သူ

ရေပြင်၌ ရေးထားသောအက္ခရာသည် လျင်မြန်စွာ ပျောက်သလို အချို့ပုဂ္ဂိုလ်သည် မိမိကိုယ်ကို အလွန်မြင်း

ထန်စွာ ပြောဆိုသော်လည်း ကြမ်းကြုတ်စွာပြောဆိုသော် လည်း ကိုယ်၊ နှုတ်၊ စိတ်ကို ညီညွတ်အဆင်ပြေစွာ သည်းခံနေတတ်သည်။

## ဒေါသသည် အကုသိုလ်၏အခြေခံတရား

ဒေါသမကင်းသော မည်သူမဆို ဒေါသအမျက်ထွက်နေ ချိန်တွင် ပြုလုပ်သောကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုအားလုံး သည် မကောင်းမှုအကုသိုလ်များသာ ဖြစ်ကြပါသည်။

ဤလောကတွင် ဒေါသကြောင့် သူတစ်ပါးအသက်ကို သတ်ကြသည်၊ ဆဲရေးတိုင်းထွာကြသည်။ သူတစ်ပါးတို့ပျက်စီး ကြောင်းကိုကြံစည်ကြသည်။ တစ်ခါတစ်ရံ သူတစ်ပါးဥစ္စာခိုးမှု၊ လိမ်ညာပြောဆိုမှု စသောဒုစရိုက်ကို ဒေါသကြောင့် လွန်ကျူး တတ်ကြပါသည်။

ဒေါသဖြစ်ခြင်းသည် အကုသိုလ်တရားဖြစ်ရန် တရားခံ အကြောင်းတစ်ခုဖြစ်သည်ကို အင်္ဂုတ္တိုရ်၌-

"ရဟန်းတို့. . . အမျက်ထွက်ခြင်းသည်ရှိ၏၊ ယင်းသည် အကုသိုလ်၏အကြောင်းရင်းတည်း။ အမျက်ထွက်သူသည် ကိုယ်၊ နှုတ်၊ စိတ်ဖြင့် အားထုတ်၏။ ယင်းအားထုတ်မှုသည်လည်း အကုသိုလ်တည်း။

အမျက်ထွက်သူသည် အမျက်ထွက်ခြင်းစိတ် နှိပ်စက်အပ် သိမ်းယူအပ်သောစိတ် ရှိသည်ဖြစ်၍ ငါသည် အားရှိ၏၊ စွမ်းနိုင်၏ ဟု သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ နှောင်ဖွဲ့ခြင်းဖြင့်သော် လည်းကောင်း၊ ဆုံးရှုံးစေခြင်းဖြင့်သော် လည်းကောင်း၊ ကဲ့ရဲ့ခြင်းဖြင့်သော်လည်းကောင်း၊ နှင်ထုတ်ခြင်းဖြင့်သော်လည်းကောင်း၊ ထင်ရှားမရှိသောဝတ္ထုဖြင့် (အပြစ်ကိုဆို၍) သူတစ်ပါးအားဆင်းရဲကိုဖြစ်စေ၏။ ယင်းသို့ဖြစ်စေခြင်းသည်လည်း အကုသိုလ်တည်း။

ထိုသို့အမျက်ကြောင့်ဖြစ်ကုန်သော၊ အမျက်လျှင် အကြောင်းရင်းရှိကုန်သော၊ အမျက်လျှင် အထောက်အပံ့ရှိကုန်သော မြောက်မြားစွာသော ဤအကုသိုလ်တရားယုတ်တို့သည် ထိုသူအားဖြစ်စေကုန်၏”

ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

**ဒေါသရှိသူ၏စရိုက်အလေ့အထ**

လောကတွင် ဤလူသည်စရိုက်ကြမ်းသည်၊ စရိုက်ဆိုးသည် ဟု ပြောလေ့ပြောထရှိပါသည်။

စရိုက်သည် ပါဠိ “စရိယ”မှလာသောစကားဖြစ်သည်။ အဓိပ္ပာယ်မှာ အဖြစ်များခြင်း၊ လွန်ကဲစွာဖြစ်ခြင်း၊ မပြတ်ဖြစ်ခြင်း ဟူ၍ ဖြစ်ပါသည်။

သတ္တဝါတစ်ဦးတစ်ယောက်၏သန္တာန်၌ ပင်ကိုရိုးရာဖြစ်နေကျထက်လွန်ကဲပြီး ပိုမိုအဖြစ်များခြင်းကိုဆိုလိုပါသည်။

ဒေါသစရိုက်ရှိသူသည် ရာဂ၊ မောဟဖြစ်လောက်သောအာရုံမျိုး၌ ရာဂ၊ မောဟမဖြစ်အောင် ချုပ်တည်းနိုင်သမျှ ချုပ်တည်းနိုင်သော်လည်း ဒေါသဖြစ်နိုင်သောအာရုံ၌ကား ဒေါသမဖြစ်အောင် မချုပ်တည်းနိုင်ကြသည်က များပါသည်။

ဒေါသစရိုက်စသည်ရှိသူကို မည်သို့သိနိုင်ပါသလဲ ဟုဆိုလျှင် သူတစ်ပါးတို့၏စိတ်ကိုသိနိုင်သော (ပရစိတ္တဝိဇာနန) ဉာဏ်မရှိလျှင် သူတစ်ပါး၏စိတ်စရိုက်ကို အတိအကျမသိနိုင်ပါ။

ထိုသို့ဉာဏ်မရှိသူများအဖို့ စိတ်၊ စရိုက်တို့ကိုအောက်ပါနည်းတို့ဖြင့် လေ့လာအကဲခတ်နိုင်ပါသည်။

- သွားပုံ၊ လာပုံ၊ နေထိုင်ပုံ
- စကားပြောဆိုပုံ
- လုပ်ငန်းကိစ္စဆောင်ရွက်ပုံ
- အစားအစာကြိုက်ပုံ၊ စားပုံ
- အမြင်အာရုံ၊ အကြားအာရုံတို့၌ကြည့်ရှုနားထောင်ပုံ
- ဖြစ်လေ့ဖြစ်ထရှိသောစိတ်နေစိတ်ထား

စသော ရှုထောင့်များမှကြည့်၍ လေ့လာအကဲခတ်နိုင်ပါသည်။

များသောအားဖြင့် ဒေါသစရိုက်လွန်ကဲသောသူသည်-

- လမ်းသွားသည့်အခါ ခြေဖျားထောက်ကာ မြေကြီးကို ခြေဖျားဖြင့်တူးသကဲ့သို့သွားတတ်လေ့ရှိသည်
- ခြေကြွသည့်အခါ၊ ချသည့်အခါ၊ အဆောတလျင် ကတိုက်ကရိုက်ကြွတတ်သည်၊ ချတတ်သည်
- ခြေရာကိုကြည့်လျှင် နောက်ဘက်သို့ဆွဲငင်သယောင် ရှိသည်
- ကြမ်းကြမ်းတမ်းတမ်း ဇောင့်တင်းစွာ မတ်တပ်ရပ် သည်၊ ထိုင်တတ်သည်
- အိပ်ရာကိုအလျင်စလို ဖြစ်ကာတတ်ဆန်း ခင်းတတ် သည်
- အိပ်သည့်အခါ ခန္ဓာကိုယ်ကို စုန်းခနဲ ပစ်လှဲချကာ မျက်မှောင်ကြုတ်၍ အိပ်လေ့ရှိသည်
- အိပ်ရာမှထရန် နှိုးလိုက်သည့်အခါ၌လည်း ငေါက်ခနဲ လျင်မြန်စွာ ထတတ်သည်
- ဒေါသထွက်သည့်ဟန် မချေမငံငေါက်ဆတ်ဆတ် စကားမျိုး ပြန်ပြောတတ်၏
- တံမြက်လှည်းခြင်း စသည့်အမှုကိစ္စများကို လုပ်ကိုင် ဆောင်ရွက်ရာ၌ သေသပ်ကျနမှုမရှိ၊ အော်ကျယ်ဟစ် ကျယ်ဖြင့် အလျင်စလိုလုပ်တတ်၏၊ တင်းကျပ်မြဲမြံစွာ ကိုင်ပြီး ကြမ်းကြမ်းတမ်းတမ်းလုပ်တတ်၏။

- စားသောက်သည့်အခါ အစားအစာများကိုပါးစပ် အပြည့်ထည့်ကာ အရသာမခံစားဘဲ မြန်မြန်စားတတ်သည်
- ကြမ်းတမ်းသောအစားအစာ၊ ချဉ်သောအစားများကို ကြိုက်နှစ်သက်လေ့ရှိသည်
- မကြိုက်သော စားစရာ သောက်စရာတို့ကိုရလျှင် နှလုံးမသာ မျက်နှာမလှရှိတတ်သည်
- မကောင်းသောအာရုံတွေ့လျှင် သည်းခံချုပ်တည်း တတ်ခြင်းမရှိ၊ ယမ်းမီးပုံကျ စိတ်တိုတတ်သည်
- အနည်းငယ်သောအပြစ်ကလေးကိုပင် သည်းခံမှု မရှိတတ်၊ စိတ်ထိခိုက်လွယ်တတ်၏
- ဟုတ်မှန်သော ထင်ရှားသောဂုဏ်ကျေးဇူးကိုလည်း အလေးမမူတတ်၊ ဖယ်ခွာသွားရသည့်အခါ၌လည်း ငဲ့ကွက်မှုမရှိဘဲ သွားတတ်သည်

ဒေါသစရိုက်လွန်ကဲသောသူသည်-

- အမျက်ထွက်လွယ်၏ (ကောဓ)
- ရန်စကို မဖြေဖျောက်နိုင်ဘဲ ရန်ငြိုးဖွဲ့လေ့ရှိ၏(ဥပနာဟ)
- အခြားသူတို့၏ဂုဏ်ကို ညှိုးဖျင်းသေးသိမ်အောင်ပြု တတ်၏၊ ဂုဏ်ပြိုင်တတ်၏ (ပဠာသ)

- အခြားသူတို့၏ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏ (မက္ခ)
- အခြားသူတို့၏ပြည့်စုံချမ်းသာမှုကို မမြင်လို၊ မကြားလို ငြူစူတတ်၏ (ဣဿာ)
- မိမိပစ္စည်းကိုလည်း မပေးကမ်းလို၊ ဝန်တိုတတ်၏ (မစ္ဆရိယ)

ဤသို့လျှင် လုပ်ငန်းကိစ္စဆောင်ရွက်ပုံ အစားအစာကြိုက်ပုံ၊ စားသောက်ပုံ၊ ကြည့်ရှုနားထောင်ပုံ စသည်တို့ကို အကဲခတ်လေ့လာပါက ဒေါသစရိုက်လွှန်ကဲသူ၏ရုပ်သဏ္ဌာန်ကို ခန့်မှန်း၍ရနိုင်ပါသည်။

## ဒေါသစရိုက်ရှိသူအား သင့်လျော်သောအရာများ

ဒေါသစရိုက်ရှိသူသည် မကောင်းသောအာရုံတွေ့ဆုံမှုကြောင့်ဖြစ်သည်ဖြစ်ရာ ကောင်းသောအာရုံတွေ့အောင်၊ မြင်အောင်ပြုလုပ်ပေးရမည် ဟု ဝိသုဒ္ဓိမဂ်ဆရာက ဆိုထားပါသည်။

ထိုပုဂ္ဂိုလ်အတွက် ကောင်းသောအာရုံဖြစ်စေရန်-

- နေသောအဆောက်အဦးသည် မမြင့်လွန်း မနိမ့်လွန်း ဖြစ်ရမည်
- လှပစွာဆေးခြယ်ပြီး အလှအပဆင်ယင်ထားသော အိမ်ဖြစ်ရမည်

- အိပ်ရာနေရာသည် သန့်ရှင်းသပ်ရပ်ပြီး မွှေးကြိုင်နေစေရမည်
- အဆောက်အအုံထဲ၌ ပိုးဟပ်၊ ကြမ်းပိုး၊ ကြွက်၊ ပုရွက်ဆိပ် ကင်းစေရမည်
- ပြုစုသူသည် ချောမောလှပပြီး သာယာပြေပြစ်သော ပြောဆိုဆက်ဆံမှု ရှိစေရမည်
- သာယာသောဂီတသံများ ရှိစေရမည်
- အစားအသောက်သည် အနံ့အရသာနှင့်ပြည့်စုံသော အစားအစာဖြစ်ရမည်
- အဝတ်အစားသည် လှပနူးညံ့သော ပိုး ဖဲ ကတ္တီပါ စသည်ဖြစ်ရမည်

ဤသို့သော အဆောင်အယောင်၊ အစားအသောက်၊ အဝတ်အစားများနှင့်နေပါက ဒေါသစရိုက်နည်းပါးသည်။

## အမျက်ဒေါသ၏ဆိုးကျိုးပြဿနာများ

အမျက်ဒေါသကြီးသောသူသည်-

- အဆင်း၊ ဥစ္စာ၊ ဉာဏ်ပညာ စသောဂုဏ်တို့ရှိစေကာမူ ဂုဏ်မရှိ ဟုပြုမူတတ်သော သဘောရှိသည်

- သူတစ်ပါး၏ဂုဏ်ကျေးဇူးကို ဂုဏ်ကျေးဇူး ဟုအသိအမှတ်မပြု၊ ချေဖျက်တတ်၏
- ဒေါသကြီးသူသည် မချစ်ခင်၊ မတွယ်တာသော သဘောရှိသောကြောင့် လည်းကောင်း၊ မုန်းသောသူတို့နှင့် ယှဉ်တွဲနေထိုင်ရခြင်းကို သည်းမခံနိုင်သော သဘောရှိသောကြောင့်လည်းကောင်း၊ ဒေါသသည် ဆင်းရဲ၏ အကြောင်းတရားဖြစ်သည်
- ဒေါသကြီးသူသည် ဒေါသနည်းသူထက် အရွယ်ကျလွယ်၊ အိုလွယ်၏
- ဒေါသကို ရှေ့တန်းတင်ထားလျှင် ပေါင်းသင်းဆက်ဆံရေးတွင် အခါခပ်သိမ်း အဆင်မပြေဖြစ်တတ်၏
- ဒေါသကား ကြမ်းတမ်းသောသဘောရှိ၍ အပါယ်ငရဲသို့ပို့တတ်၏
- ဒေါသကြီးသူသည် အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်းကို ဖန်တီးတတ်သော ဒေါသမီးက လောင်မြိုက်သောကြောင့် အိုရွယ်မရောက်မီ အိုရွယ်သူများ၏ အခြင်းအရာလက္ခဏာများ ပေါ်လာတတ်ပါသည်
- ဒေါသကို ရင်ဝယ်ပိုက်ထားသောသူအဖို့ မိတ်ကောင်းဆွေကောင်းမရနိုင်၊ မိတ်ဆွေရှားပါး၏

- ဒေါသသည် ဒေါသဖြစ်ကြောင်း အာယာတဝတ္ထုများ ကို သိမ်းပိုက်သော သဘောရှိသောကြောင့် ဆင်းရဲ သောသင်္ခါရဝတ္ထုများကို ဆင်းရဲဟု မထင်မြင်နိုင်ချေ။
- ဒေါသသည် မီးကဲ့သို့လောင်ကျွမ်းတတ်သောသဘော ရှိသည်
- ဒေါသဖြစ်လာပါက မိမိကိုယ်ကို လောင်ကျွမ်းခံရ၊ ဖျက်ဆီးခံရ၏
- အခြားသူများကိုလည်း ကူးစက်လောင်ကျွမ်း၏
- ဒေါသကြောင့် ဥစ္စာစီးပွားပျက်စီးကြရ၏၊ တန်ခိုးဂုဏ် သိန် အရှိန်အဝါ ကျဆင်းကြရ၏
- ဖမ်းဆီးချုပ်နှောင်ခြင်း၊ ထောင်ကျခြင်းစသော အရှက် တကွဲအကျိုးနည်းမှုများ ခံစားကြရ၏
- နောက်ဆုံး အသက်ခန္ဓာ ဆုံးရှုံးပျက်စီးသည်အထိ ခံစားကြရသည်

ထိုသို့ဆိုးကျိုးခံစားရမှုနှင့်ပတ်သက်၍ ဘုရားရှင်က ကာလာမအမျိုးသားတို့ကို ဟောကြားရာ၌-

"ကာလာမမင်းတို့ ... အမျက်ထွက်သောပုဂ္ဂိုလ်သည် အမျက်ထွက်ခြင်းဒေါသ နှိပ်စက်အပ်၊ သိမ်းယူအပ်သောစိတ်ရှိ သည်ဖြစ်၍ သူ့အသက်ကိုသတ်၏၊ သူတစ်ပါးမပေးသည့်ပစ္စည်း ကိုလည်းခိုးယူ၏၊ သူ့သားမယားသို့လည်း သွားလာ၏၊ မဟုတ်မမှန်

သော စကားကိုလည်းပြောဆို၏၊ သူတစ်ပါးကိုလည်း ထိုအတိုင်း ပြုလုပ်ရန် ဆောက်တည်စေ၏။

ယင်း သူတစ်ပါးအသက်သတ်ခြင်း၊ သတ်စေခြင်းစသည် များသည် ထိုသူအား ကြာမြင့်စွာသောကာလပတ်လုံး အကျိုး စီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းအလို့ငှာ ဖြစ်နိုင်သည်မဟုတ်ပါလော"

ဟု မိန့်ကြားခဲ့ပါသည်။

**ဒေါသ၏ဆိုးကျိုးဖြစ်ဒဏ်များ**

ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတကော ဓနသုတ်၌ ဒေါသ၏ဖြစ်ဒဏ် ( ၇ )ချက်ကို ဟောကြားထားခဲ့ပါ သည်-

**၁။ ဒေါသသည် ရုပ်ဆင်းအင်္ဂါမလှမပအောင်ပြုလုပ်တတ်၏**

အမျက်ထွက်နေသောအခြားသူများ၏ မျက်နှာ၊ ခြေ၊ လက်အင်္ဂါတို့ကိုကြည့်လျှင်ဖြစ်စေ၊ ဒေါသဖြစ်နေသောမိမိမျက်နှာ ကို မှန်ထဲ၌ပြန်ကြည့်လျှင်ဖြစ်စေ ပင်ကိုရုပ်ထက် တစ်မူခြားနား အရုပ်ဆိုးသွားသည်ကို သိနိုင်ပါသည်။

မိမိကိုယ်ကို တင့်တယ်လှပအောင် အစွမ်းကုန်ဖီးလိမ်း ဝတ်ဆင် တန်ဆာဆင်ထားစေကာမူ ဒေါသဖြစ်လာသည့်အခါ ဒေါသနှိပ်စက်သဖြင့် အလှပျက်ကာ အရုပ်ဆိုးသွားပါသည်။

၂။ ဒေါသဖြစ်သူ ချမ်းသာစွာမအိပ်ရ

ခမ်းနားသန့်ရှင်းသော အိပ်ခန်းတွင်း၌ အိစက်ညက်ညော သော မွေ့ရာကြီးများ၊ ခေါင်းအုံးကြီးများ၊ ကတ္တီပါခြုံစောင်ကြီးများဖြင့် အိပ်ရာပေါ်၌ အိပ်နေစေကာမူ စိတ်ထဲ၌ ဒေါသသူပုန်ထနေပါက ပင်ပန်းဆင်းရဲစွာအိပ်နေရသည် မည်ပါသည်။

၃။ ဒေါသသည် အကျိုးစီးပွားမှန်သမျှကိုဖျက်ဆီးပစ်တတ်သည်

ဒေါသသည် အကုသိုလ်တရားဖြစ်၏၊ ပညာမျက်စိကန်းစေသောတရားဖြစ်၏။ မိမိသန္တာန်အတွင်း၌ဒေါသဖြစ်လာပါက အကြောင်းအကျိုး အမှန်မသိတော့၊ အကောင်းအဆိုး မခွဲခြားတတ်တော့။ အကျိုးစီးပွားဖြစ်မည့်အရာကို မဖြစ်ဟုထင်လာသည်။ မဖြစ်မည့်အရာကိုဖြစ်မည်ဟုထင်လာပြီး ဖောက်ဖောက်ပြန်ပြန် မမှန်မကန်ယူဆပြုလုပ်တတ်သဖြင့် မိမိရောသူတစ်ပါးပါ ပျက်စီးတတ်ပါသည်။

၄။ ဒေါသသည် လက်ရှိစည်းစိမ်ဥစ္စာတို့ကို လက်မဲ့ဖြစ်အောင်ပြုတတ်သည်

ဒေါသဖြစ်လာ၍ ကိုယ်၊ နှုတ်တို့ဖြင့် သတ်ပုတ်ညှင်းဆဲမှု စသည်များကိုပြုလုပ်လာသဖြင့် အမျိုးမျိုးသော မင်းပြစ်မင်းဒဏ်များကိုခံရ၍ ဥစ္စာစီးပွားများပျက်စီးရ၏၊ မင်းဘဏ္ဍာအဖြစ်အသိမ်းခံရတတ်၏။

### ၅။ ဒေါ်သသည် အခြေအရံနည်းပါးစေတတ်သည်

ဒေါသသည် ကြမ်းတမ်းသောသဘောရှိ၍ မိမိနှင့်တကွ နီးစပ်ရာပုဂ္ဂိုလ်များကို မီးကဲ့သို့လောင်ကျွမ်းတတ်ပါသည်။ သူတစ်ပါးတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဆဲရေးကြိမ်းမောင်းခြင်းစသည်တို့သည် ဒေါသ၏လက်ချက်များဖြစ်ပါသည်။

ထိုသို့ကြမ်းတမ်းရက်စက် ရိုင်းစိုင်းသောအပြုအမူတို့ကို လူတိုင်းမလိုလားမနှစ်သက်ကြ၊ ထိုသို့လက္ခဏာရှိသူ၏အနီးအပါးသို့ မည်သူမျှအနီးကပ်မနေလိုကြချေ။ အကြောင်းသိများက အဝေးမှရှောင်ကြသည်။ သို့အတွက် ဒေါသရှိသူ၌ အခြေအရံနည်းပါးပါသည်။

### ၆။ ဒေါသသည် မိတ်ဆွေသင်္ဂဟနည်းပါးအောင်ပြုလုပ်တတ်သည်

မိမိအပေါ်၌ ခက်ထန်မှု၊ မျက်မာန်ပွားမှု၊ မုန်းမှုတို့ကို လူတိုင်းပင် မကျေနပ်ကြပါ။ သတ္တဝါအများကို ဘုရားရှင်က အမျက်ဒေါသထွက်သူကို အမျက်မထွက်သည်းခံခြင်း မေတ္တာလက်နက်ဖြင့်အနိုင်ယူရမည်ဟု ဟောထားသော်လည်း အသုံးမပြု၊ သည်းမခံကြ။ တန်ပြန်အမျက်ဒေါသဖြင့်သာ ခုခံလေ့ရှိကြသည်။

အလွန်ရင်းနှီးသောမိတ်ဆွေဖြစ်စေကာမူ မိမိအပေါ်၌ ဒေါသမာန်ပွား မုန်းစိတ်များလာပါက ထိုပုဂ္ဂိုလ်ကို မိတ်ဆွေအဖြစ်မှ ရပ်စဲတော့သည်။

## ၇။ ဒေါသသည် ငရဲသို့ပို့ဆောင်တတ်သည်

ဒေါသဖြစ်လာလျှင် ကိုယ်၊ နှုတ်၊ စိတ်တို့တွင် တစ်ပါးပါးဖြင့် ဒုစရိုက်မှုတစ်ခုခုကို လွန်ကျူးကြသည်မှာ ဓမ္မတာဖြစ်သည်။ ထိုဒုစရိုက်မှုကြောင့် အပါယ်လေးဘုံသို့ ကျရောက်ကြရသည်။

ဘုရားရှင်က ဒေါသနှင့်ပတ်သက်၍ အင်္ဂုတ္တိုရ်ဒုကနိပါတ ကောဓပေယျလသုတ်နှင့် ဣတိဝုတ်ပါဠိတော် ဒေါသပရိညာသုတ်၊ ပဒုဋ္ဌစိတ္တသုတ် စသည်တို့၌ ဆက်လက်ဟောကြားရာ၌-

- ဒေါသထွက်နေသူသည် ပကတိအခါ ပြုရန် ခဲယဉ်းသော အကုသိုလ်များကို လွယ်လွယ်နှင့်ပင်ပြုတတ်သည်
- အမျက်ဒေါသပြေသည့်အခါ မီးလောင်သကဲ့သို့ စိတ်ပူပန်ခြင်းဖြစ်ရသည်
- မီးတို့မည်သည် အကျိုးတရားအဖြစ် မီးခိုးကိုဖြစ်စေတတ်သကဲ့သို့ ဒေါသသည်လည်း အကျိုးတရားအဖြစ်ဖြင့် မျက်နှာမသာမယာရှိသည်ကို ပြတတ်သည်
- ဒေါသထွက်နေသူသည် မကောင်းမှုကိုပြုရန် ရှက်ရမှန်းကြောက်ရမှန်း ထိတ်လန့်ရမှန်းမသိချေ။
- ပြောဆိုဆုံးမသော စကားကိုလည်း လေးလေးစားစားလိုက်နာဆောင်ရွက်တတ်သောသဘောမရှိ
- မိခင်ဖခင်ကျေးဇူးရှင်များနှင့်တကွ ရဟန္တာထေရ်အရှင်တို့ကိုပင် သတ်ဖြစ်တတ်၏

-နောက်ဆုံး ဒေါသဖြစ်လာသည့်အခါ အချစ်ဆုံးဖြစ်သော မိမိကိုယ်ကိုယ် သေကြောင်းကြံစည်တတ်၏၊ ဓားလှံ၊ သေနတ်စသည်တို့ဖြင့် ထိုးနှက်ပုတ်ခတ်ပစ်သတ်၍သော် လည်းကောင်း၊ အဆိပ်စား၍သော် လည်းကောင်း၊ ကြိုးဆွဲချ၍သော် လည်းကောင်း၊ တောင်၊ ကမ်းပါးယံ၊ တံတားစသည်တို့မှ ခုန်ချ၍သော် လည်းကောင်း မိမိကိုယ်ကိုသတ်သေတတ်သည်

-ဒေါသရှိသူသည် ဆင်းရဲစွာနေထိုင်ရတတ်သည်

-ပုထုဇဉ်ဘဝမှ သောတာပန်အဆင့်၊ သောတာပန်အဆင့်မှ သကဒါဂါမ်အဆင့်သို့မရောက်နိုင်၊ မမြင်နိုင်ဘဲ ဆုတ်ယုတ်သောသဘောရှိ၏

-ဒေါသစိတ်ရှိလျက် သေလျှင် ငရဲသို့ကျရောက်ရ၏ ဟူ၍ ဟောကြားခဲ့ပါသည်။

စရိယပိဋကအဋ္ဌကထာ၌ ဘုရားလောင်း စူဠဗောဓိမင်းပဏ္ဍားက ဗာရာဏသီမင်းအား ဒေါသဖြစ်သူနှင့်ပတ်သက်၍ ဟောကြားရာတွင်-

"သတ္တဝါတို့သည် ဒေါသမဖြစ်မီ ပကတိစိတ်ကောင်းဝင်နေချိန်၌ မိမိသူတစ်ပါး နှစ်ဦးသားတို့၏ကောင်းကျိုးကို ကောင်းမွန်စွာသိမြင်နိုင်သော်လည်း ဒေါသဖြစ်လာသည့်အချိန်တွင် သူတစ်ပါးအကျိုးကို မဆိုထားဘဲ မိမိ၏ကိုယ်ကျိုးသော်ပင် မမြင်တော့ချေ။

ဒေါသကား ရန်သူကြိုက်တရားဖြစ်သည်။ ဒေါသဖြစ်လာလျှင် အမှားတွေပြီး ဒုက္ခရောက်တော့မည်ကို ရန်သူတို့သိကြ၏။

ထို့ကြောင့် တစ်ဖက်သားဒုက္ခရောက်ရန် လိုလားနေသောရန်သူသည် တစ်ဖက်သူ ဒေါသဖြစ်ခြင်းကို သဘောကျလျက်ရှိသည်။

ဒေါသဟူသည် ပညာဉာဏ်ကင်းမဲ့သူတို့၏ ကျက်စားရာတရားဖြစ်၏။

ဒေါသသည် ကောင်းသောလုပ်ငန်းမှန်သမျှကိုစွန့်ပယ်၏။

မိမိတို့၏ကြီးပွားတိုးတက်မှုအားလုံးကို ဖျက်ဆီးပိတ်ပင်၏။

ထင်းကို မီးကျည်ပွတ်ဖြင့် ပွတ်သည့်အခါ မီးဖြစ်လာပြီး ထင်းကိုလောင်ကျွမ်းသကဲ့သို့ ထို့အတူ ဉာဏ်ပညာကင်းသောလူမိုက်လူဖျင်းအား ချုပ်ချယ်လိုမှုကြောင့် ဒေါသမီးတောက်ကာ မိမိသည်ပင် လောင်ကျွမ်းခံရ၏”

ဟူ၍ ဟောပြောဆုံးမခဲ့ပါသည်။

ကုတိဝုတ်ပါဠိတော် ကေကနိပါတ ဒေါသသုတ် ကောဓသုတ်တို့၌-

“ရဟန်းတို့. . . တစ်ခုသောတရားကို ပယ်ကြကုန်။ သင်တို့အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရားတာဝန်ယူ၏။ တစ်ခု

သောတရားကား ပြစ်မှားမှုဒေါသ သို့မဟုတ် အမျက်ထွက်မှု ကောဓတည်း။

ဒေါသ (ဝါ) ကောဓ အဖျက်ဆိုးခံရသူသတ္တဝါတို့သည် မကောင်းသူတို့ လားရာဂတိသို့ ရောက်ကြရသည်။

ယင်းဒေါသကို ကောင်းစွာသိမြင်၍ ခန္ဓာငါးပါးတို့ကို အနိစ္စ စသောအခြင်းအရာကို့ဖြင့်ရှုသောသူတို့သည် ထိုဒေါသကို ပယ်စွန့်ကြကုန်၏။ ဤသို့ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ခါတစ်ရံမျှ မလားရောက်ကြကုန် ”

ဟု ဟောတော်မူခဲ့သည်။

**ဒေါသပယ်ရန်နည်းလမ်းမှန်များ**

ဒေါသကား အလွန်ကြောက်စရာကောင်းသော တရားဆိုးတစ်ပါးဖြစ်ပါသည်။ အကုသိုလ်တရားများဖြစ်ပွားရာ မြစ်ဖျားအခြေခံဖြစ်သည်။

မျက်မှောက်ဘဝ အကျိုးစီးပွားမဲ့မှုနိသမျှကို ဖန်တီးတတ်သလို နောင်တမလွန်ဘဝ၌လည်း ငရဲသို့ပို့ဆောင်တတ်၏။

ဒေါသကို သောတာပန်သော်မျှ အကြွင်းမဲ့မပယ်နိုင်၊ အနာဂါမ်မဂ်ရောက်မှသာ အကြွင်းမဲ့ပယ်သတ်နိုင်ကြပါသည်။

ဤမျှဆိုးသွမ်းသောဒေါသကို ပယ်ဖျောက်နိုင်ရန် ကုစားသောနည်းလမ်းများကို ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။ ထိုနည်းလမ်းကို ကျင့်ကြံနိုင်အောင် ကြိုးစားကြရပါမည်။

## (က) ဝိသုဒ္ဓိမဂ်ကျမ်းလာဒေါသကုနည်း

ဒေါသသည် အဒေါသ ခေါ် မေတ္တာတရား၏ဆန့်ကျင်ဘက်တရားဖြစ်သည်။ တစ်ဂူထဲတွင် ခြင်္သေ့နှစ်ကောင် မအောင်းနိုင်သကဲ့သို့ ဒေါသနှင့်မေတ္တာသည် တစ်ချိန်တည်းအတူတူ မဖြစ်နိုင်ပါ။

ဒေါသဝင်လျှင် မေတ္တာရှောင်ခွာသွားရသကဲ့သို့ မေတ္တာဝင်လာလျှင် ဒေါသရှောင်ခွာသွားရမည်မှာ ဓမ္မတာဖြစ်ပါသည်။

ထို့ကြောင့် မိမိစိတ်တွင်ဒေါသဝင်ပါက ပထမဆုံးမေတ္တာနှင့်မောင်းထုတ်ရပါမည်။ မိမိဒေါသဖြစ်နေသူကို မေတ္တာဓာတ်လွှတ်ပေးရပါမည်။

ထိုသို့မေတ္တာလွှတ်၍မငြိမ်းသေးလျှင် အောက်ပါအတိုင်း ဆင်ခြင်ရပါမည်။

-ရန်သူက ဆင်းရဲအောင်ပြုလုပ်လျှင် ငါ၏ကိုယ်၌သာ ပြုလုပ်နိုင်သည်၊ ငါ၏စိတ်ကိုကား ဆင်းရဲအောင်မလုပ်နိုင်။ ထိုသို့ဖြစ်ပါလျက် ငါသည် ရန်သူကိုအမျက်ထွက်နေခြင်းဖြင့် မိမိစိတ်ဆင်းရဲအောင် ရန်သူဝမ်းမြောက်အောင် ပြုလုပ်နေပါကလား။

-ငါသည် ကျေးဇူးများစွာရှိသောဆွေမျိုးမိဘ မိတ်ဆွေအပေါင်းတို့ကိုစွန့်ခွာ၍ ရဟန်းပြုလာသူဖြစ်ပါလျက်

အကျိုးစီးပွားမဲ့များစွာကိုပြုတတ်သော ဒေါသဟူသော ရန်သူကို အဘယ်ကြောင့် မစွန့်ပယ်နိုင်ပါသနည်း။ အမှန်စွန့်ပယ်သင့်လှသည်။

-အို့ သူတော်ကောင်း၊ ငါစောင့်ထိန်းသောသီလ၏ရေ သောက်မြစ်များဖြစ်ကြသည့် မကောင်းမှုမှ ရှက်ခြင်း ကြောက်ခြင်း၊ သည်းခံခြင်း၊ ချစ်ခင်ခြင်း၊ သနားခြင်း တို့ကို ပယ်ရှားတတ်သော အမျက်ဒေါသကို ငါအလို လိုက်၍ လက်ခံထားဘိ၏။ ငါ့လိုမိုက်သူအဘယ်မှာရှိ ပါအံ့နည်း။

-ပညာရှိ. . ငါသည် သူတစ်ပါးက ယုတ်မာပြစ်မှားမှုကို ပြုတာဘဲ ဟုအမျက်ထွက်၏။ ဤသို့တုံ့ပြန်အမျက်ထွက် ခြင်းသည်ပင် ငါကိုယ်တိုင်အလားတူ ယုတ်မာသော ပြစ်မှားမှုမျိုးကို ပြုသည်မည်နေပါပကော၊ အဘယ် ကြောင့် ထိုပြစ်မှားမှုမျိုးကို သင်ကိုယ်တိုင်ပြုချင်နေရ ပါသလဲ။

-တစ်စုံတစ်ယောက်သောသူက ငါ့အား မနှစ်သက်ဖွယ် ပြုသည်မှာ ငါအမျက်ထွက်စေလို၍ ပြုခြင်းသာဖြစ် သည်၊ ထိုသို့ဖြစ်လျက် ငါကတုံ့ပြန်၍အမျက်ထွက်ခြင်း သည် သူ၏အလိုကို ဖြည့်ပေးရာရောက်နေပါပကော လား။

-အမျက်ထွက်နေသောငါသည် ရန်သူကိုဆင်းရဲဒုက္ခဖြစ်အောင် ပြုလုပ်နိုင်ဖို့ကားမသေချာ။ သေချာနေသည်ကား ငါကိုယ်တိုင် ဆင်းရဲဒုက္ခ ယခုခံနေရပါပကောလား။

-ရန်သူတို့သည် အမျက်ထွက်ခြင်းဖြင့် မိမိအစီးအပွားမဲ့ကို ဖန်တီးတတ်သောလမ်းဆိုးလမ်းမှားသို့ လိုက်သွားကြ၏။ သို့ပါလျက် ငါက အဘယ်ကြောင့် ဒေါသထွက်သူရန်သူတို့ကို အတုယူ၍ ဒေါသဟူသောလမ်းမှားသို့ လိုက်၍ ပြုကျင့်နေရပါသလဲ။

-ရန်သူသည် ဒေါသကိုမှီ၍ ငါ့အားမနှစ်သက်ဖွယ်အမှုကိုပြုမူ၏။ ထိုတရားခံဒေါသကို ငါပယ်ဖြတ်သင့်၏။ အဘယ်ကြောင့် အမျက်မထွက်သင့်ဘဲ ရန်သူ၌ အမျက်ထွက်၍ စိတ်အပင်ပန်းခံ အဆင်းရဲခံနေရပါသလဲ။

-ရုပ်နာမ်တရားမည်သည် တစ်ခဏမျှတည်၍ ပျက်သွားရသော သဘောရှိသောကြောင့် ယခုအခါ အားပြင်းသွားခဲ့သော ရုပ်နာမ်သည်မရှိတော့ပြီ။ ယခုရှိနေသည့် ရုပ်နာမ်သစ်က ငါ့အားပြစ်မှားသော ရုပ်နာမ်မဟုတ်တော့။ ထို့ကြောင့် ငါသည် ရန်သူသန္တာန်က အဘယ်ရုပ်နာမ်ကို အမျက်ထွက်ရပါအံ့နည်း။

-တစ်ယောက်သောသူက တစ်ယောက်သောသူကို ဆင်းရဲဒုက္ခရောက်အောင်ပြုလုပ်လျှင် ပြုသူ၊ ပြုခံရသူ နှစ်ဦးစလုံးပင် ဆင်းရဲဖြစ်ကြောင်း တရားခံများ ဖြစ်ကြသည်။ဤသို့ဖြစ်ပါလျက် ပြုသူအမှုသည်တစ်ဦးတည်းကိုသာ အဘယ်ကြောင့်အမျက်ထွက်နေရပါသနည်း၊ အမှုသည်တစ်ဦးဖြစ်သော ငါ့ကိုယ်ကိုမူကား အဘယ်ကြောင့် အမျက်မထွက်ရပါသလဲ။

ဤ(၁၀)ချက်ဖြင့် ဆင်ခြင်ရပါမည်။ ဤ(၁၀)ချက်ဖြင့် ဆင်ခြင်၍ ဒေါသမပြေငြိမ်းသေးလျှင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါကလား ဟု ဆင်ခြင်ရပါမည်။

ဆင်ခြင်နည်းမှာ-

အမျက်ဒေါသထွက်နေသော အမောင်ယောကျ်ား. . ., ငါက ထိုသူအားအမျက်ထွက်ခြင်းသည်လည်းကောင်း၊ ထိုသူက ငါ့ကိုအမျက်ထွက်နေခြင်းသည်လည်းကောင်း မည်သို့အကျိုးရှိပါသလဲ။

ဒေါသကိုအရင်းခံပြီး ငါတို့ပြုလုပ်မိသောကံသည် ငါတို့ကိုပင် အကျိုးမဲ့ကိုဖြစ်စေမည် မဟုတ်ပါလော။

မှန်ပါ၏။ ငါတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကံသာလျှင် အမွေရှိ၏။ ကံသာလျှင် အကြောင်းတရားရှိ၏။ ကံကိုသာအမွေခံကြရမည်။ ကံသာလျှင် ကိုးကွယ်ရာရှိ၏။ ငါတို့ပြုလုပ်

လိုက်သော ကောင်းမွေ ဆိုးမွေကို ငါတို့သာခံကြရမည်။ အမှုက်ဒေါသကိုအရင်းတည်၍ဖြစ်ပေါ်လာသော ငါတို့၏မကောင်းမှုကံသည် လူချမ်းသာ နတ်ချမ်းသာခံစားရကြောင်းလည်းမဟုတ်။ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာရကြောင်းလည်းမဟုတ်။ ဆင်းရဲသားဘဝနှင့်သေသော် ငရဲလားရမည့်ဘဝပါကလား။

ဒေါသအကြောင်းခံပြီး ကံကိုကျူးလွန်နေကြသော ငါတို့သည် သူတစ်ပါးအား ပုတ်ခတ်နှိပ်စက်ရန် မီးကျီးခဲနှင့်မစင်တုံးတို့ကို လက်နှစ်ဘက်တို့ဖြင့် သိမ်းကျုံးကောက်ယူနေသောသူနှင့်တူနေပါပကောလား။

မီးကျီးခဲနှင့်မစင်တုံးတို့ကို ကောက်ယူသောသူတို့သည် ရှေးဦးစွာ မိမိသာအရင်အပူလောင်ခံရ၊ မစင်အပေခံရ၊ မကောင်းသောအနံ့ ရှူရှိုက်ခံရသကဲ့သို့ ဒေါသအမှုပြုသောငါတို့သည်လည်း ရှေးဦးစွာ ငါတို့ပင် အပူလောင်ခံရ၊ အဖျက်ဆီးခံနေရပါပကောလား။

တစ်နည်းအားဖြင့် လေအောက်ကနေပြီး လေညာကလူကို ဖုန်မှုန့်တို့ဖြင့် ပက်ဖျန်းနေသူနှင့် တူနေပါပကောလား။ ပက်ဖျန်းလိုက်သောဖုန့်မှုန့်များသည် ကိုယ်ပေါ်သို့ပြန်၍ကြွကျရောက်ရသလို ဒေါသကလည်း ငါတို့အပေါ်ပြန်ကျရောက်နေပါပကောလား။

အဲဒါကြောင့် ဘုရားရှင်က သုတ္တနိပါတ ကောကာလိက သုတ်မှာ-

"တစ်စုံတစ်ယောက်သောလူမိုက်သည် မပြစ်မှားသင့်၊ မပြစ်မှားထိုက်သောသူတော်စင်ပုဂ္ဂိုလ်အား ပြစ်မှားမိခဲ့လျှင် ထို မကောင်းမှုကံသည် ပြစ်မှားသည့်လူမိုက်ထံသို့သာ ပြန်လာ၏။ ဥပမာ လေညာသို့ပစ်လွှင့်လိုက်သောမြူမှုန်ကလေးများသည် ပစ်လွှင့်လိုက်သူထံသို့ ပြန်လာပုံနှင့်တူပေသည်" ဟူ၍ ဟောခဲ့သည် မဟုတ်ပါလော။

ဤသို့ဆင်ခြင်၍ ဒေါသကိုဖြေဖျောက်ရပါမည်။

**(၁) အင်္ဂုတ္တိုရ်လာဒေါသဖြေဖျောက်နည်း**

အမျက်ဒေါသထွက်သူသည်-

- အရုပ်ဆိုးသောသဘောရှိသည်
- အိပ်သည့်အခါ ချမ်းသာစွာမအိပ်ရ
- ဒေါသကြောင့် စီးပွားဥစ္စာမပြည့်မစုံ ရှိတတ်သည်
- စီးပွားဥစ္စာ ပျက်စီးဆုတ်ယုတ်ရသည်
- အခြံအရံ အကျော်အစော နည်းပါးသည်
- အပေါင်းအသင်း မိတ်ဆွေရှားပါးရသည်
- သေသည့်အခါ ငရဲသို့ကျရောက်ရသည်

ဤမကောင်းကျိုး(၇)ပါး ခံစားရသည် ဟု ဘုရားရှင် ဟောကြားထားခဲ့သည်မဟုတ်ပါလော။

-အမျက်ဒေါသကြီးသောငါသည် ဒေါသထွက်စိတ်ဆိုး နေလျှင် ဘုရားရှင်၏အဆုံးအမကို မလိုက်နာသောသူ ဖြစ်လိမ့်မည်။ ပထမ စတင်အမျက်ထွက်သူသည် ပိုမို ယုတ်မာဆိုးဝါးသူဖြစ်၍ အောင်နိုင်ခဲသော ကိလေသာ စစ်ပွဲ၌ အရေးနိမ့်သူဖြစ်လိမ့်မည်။

-ရန်သူကဖြစ်စေလိုသည့် ရန်သူအကြိုက်များကို ရန်သူ က မဖန်တီးပေးရဘဲ ငါကိုယ်တိုင်ကပင် ပြုပေးရာ ရောက်သွားပေမည်၊ ထင်းတုံးတို့ကဲ့သို့ မည်သည့်နေရာ မှအသုံးမဝင်သလို ဖြစ်ပေတော့မည် ဟု ဆင်ခြင်နှလုံး သွင်းပြီး အမျက်ဒေါသကိုငြိမ်းအေးစေရပါသည်။

**ဤသို့မှ အမျက်ဒေါသမငြိမ်းအေးသေးပါလျှင် မိမိ အမျက်ဒေါသထွက်နေသူ၌ မိမိစိတ်နှလုံးရွှင်ပြုံးကြည်နူးနိုင်စေ သော ကောင်းမွန်သည့်အမူအရာ ဂုဏ်အင်္ဂါအချို့နှင့် အကျင့် စာရိတ္တအချို့ရှိပေမည်။**

ထိုဂုဏ်အင်္ဂါများနှင့်အကျင့်စာရိတ္တများကို အောက်မေ့ ဆင်ခြင်၍ ဒေါသအမျက်ကိုဖြေဖျောက်ရပါမည်။

ထိုသို့မှ ဒေါသမပြေပျောက်ခဲ့သော် အာဃာတပဋိဝိနယ သုတ်လာ ဒေါသဖြေဖျောက်နည်းအရ ဖြေဖျောက်ရပါမည်။

- မိမိအမျက်ဒေါသထွက်နေသည့်ပုဂ္ဂိုလ်သို့ ချစ်ခြင်း မေတ္တာဓာတ် အမြဲမပြတ်ပို့လွှတ်ပေးနေရမည်။

- ယင်းပုဂ္ဂိုလ်ကို ကြင်နာသနားခြင်း ကရုဏာဓာတ် ပွားရမည်။
- မုန်းချစ်မပြု လျစ်လျူရှုမှု ဥပေက္ခာဓာတ်ပွားရမည်။
- ထို့နောက် ထိုပုဂ္ဂိုလ်ကို လုံးဝသတိမထား နှလုံးမသွင်း တော့ဘဲ မိမိစိတ်အာရုံမှ ဖယ်ရှားပစ်ရမည်။
- နောက်ဆုံး ထိုပုဂ္ဂိုလ်ကို ကမ္မဿကတာသဘော သူပြု လုပ်သောကံ သူ့ဘာသာခံစေရမည် ဟု စိတ်နှလုံး သွင်းထားရပါမည်။

ဤနည်းဖြင့် ဒေါသအမျက် ဖြေဖျောက်ရပါမည်။

(ဂ) သံယုတ်ပါဠိတော်လာ ဒေါသဖြေဖျောက်နည်း

ဒေါသဖြစ်နေသူအား မေတ္တာဓာတ်ရောက်အောင် ကြိုးစားသော်လည်း ဒေါသအားကောင်းနေသဖြင့် မေတ္တာဓာတ် မသွင်းနိုင်ပါလျှင် ကကစူပမသုတ်လာ ဘုရားရှင်၏ဩဝါဒများကို ဆင်ခြင်စဉ်းစား နှလုံးထားကာ ဒေါသတရားကို ဖယ်ရှားရပါမည်။

"မိမိကိုယ်ကိုမိမိ အမျက်ဒေါသထွက်နေသော အမောင် ယောကျ်ား . . . ဘုရားရှင်က ရဟန်းတို့ ခါးပြသူခိုး လူဆိုးတို့က ခြေ၊ လက်၊ နား၊ နှာခေါင်း၊ ကိုယ်လက်အင်္ဂါကြီးငယ်တို့ကို အစွန်း

နှစ်ဘက်၌ အရိုးတပ်ထားသော ငါးမှာန်စွယ်ကြီးဖြင့် တိုက်ဖြတ်နှိပ်စက်ကြစေကာမူ ထိုနှိပ်စက်သူတို့၌ပင် အမျက်ဒေါသမထားဘဲ မေတ္တာပွားရမည်။ အကယ်၍ ဒေါသအမျက်ထားခဲ့လျှင် ထိုရဟန်းသည် ငါဘုရား၏ အဆုံးအမဩဝါဒကို လိုက်နာသူမမည်" ဟူ၍ ဆုံးမဩဝါဒပေးခဲ့သည်မဟုတ်ပါလော။

"သူတစ်ပါးက မိမိအား ဒေါသထွက်လာပါလျှင် မိမိက ပြန်၍ ဒေါသမထွက်ရ၊ အကယ်၍ အမျက်တုံ့ပြန်ခဲ့လျှင် ထိုတုံ့ပြန်သူ က ပို၍ယုတ်မာဆိုးဝါး၏၊ တုံ့ပြန်အမျက်မထွက်ဘဲ သည်းခံနိုင်သူသာ ကိလေသာမာန်စစ်ပွဲကိုအောင်နိုင်သူမည်၏၊ သည်းခံနိုင်သူသည် မိမိသူတစ်ပါး နှစ်ဦးသားနှင့် လောကသံသရာ နှစ်ဖြာသောအကျိုးစီးပွားအတွက် ကျင့်သူမည်၏"ဟူ၍ ဆုံးမဩဝါဒပေးခဲ့သည်မဟုတ်ပါလော ဟုဒေါသအမျက်ကိုဖြေဖျောက်ရာ၏။

# အခန်း ( ၂ )

## ဝစီဘေဒ ( ခေါ် ) ဝစီဒုစရိုက်များ

**ဝစီဒုစရိုက်များ၏ဆိုးကျိုး—ကောင်းကျိုးများ**

ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ယင်း (၁၀)ပါးကို မကောင်းမှု အကုသိုလ်ဒုစရိုက်တရား ဟုခေါ်ပါသည်။

ဤ(၁၀)ပါးတွင် ဝစီကံ(၄)ပါးဟူသည်-

**၁။ မုသာဝါဒ — မဟုတ်မမှန်လိမ်ညာပြောဆိုခြင်း**

-ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ သူတစ်ပါး အကျိုးပျက်စီးအောင် မဟုတ်မမှန်လိမ်ညာလျှင် မုသာဝါဒကံလွန်ကျူးသည် ဟု ခေါ်ပါသည်။

-ထိုမဟုတ်မမှန်ပြောဆိုမှုသည် တစ်ဖက်သား အကျိုးစီးပွားပျက်စီးမှု ကြီးလျှင်ကြီးသလောက် အပြစ်ကြီးသည်။

-ထိုသူသေသောအခါ ငရဲဖြစ်ရသည်။ ငရဲဘုံမှလွတ်၍ လူပြန်ဖြစ်ခွင့်ရသော်မှ-

- စကားမပီသခြင်း
- သွားမညီညွတ်ခြင်း
- ခံတွင်းပုပ်ညှီခြင်း
- အသားအရေ မွဲခြောက်ခြင်း
- မျက်စိ၊ နား မကြည်လင်ခြင်း
- ရုပ်အဆင်း ချို့တဲ့ခြင်း
- ဩဇာအာဏာ မတည်ခြင်း
- နှုတ်လျှာ ပြောဆိုမှု ကြမ်းတမ်းခြင်း
- စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း

ဤသို့ များစွာသောအပြစ်များကို ခံစားရတတ်ပါသည်။

**မုသာဝါဒအင်္ဂါပြောက်မှု**

- မဟုတ်မမှန်သော အကြောင်းအရာဖြစ်ခြင်း
- မဟုတ်မမှန် ပြောဆိုလိုစိတ်ရှိခြင်း
- ပြောလည်းပြောခြင်း
- လိမ်လည်တတ်သော စကားအဓိပ္ပာယ်ကို လိမ်လည်ခံရသူကသိခြင်း

**မုသာဝါဒရှောင်ကြဉ်ရသောအကျိုး**

ဤမုသာဝါဒကိုရှောင်ကြဉ်ပါက သုဂတိဘဝသို့ရောက်ပြီးလျှင် အောက်ပါအကျိုးများ ရရှိခံစားကြရပါသည်။

- စကားပီသပြတ်သားခြင်း
- သွားများ ညီညာခြင်း
- ခံတွင်းမွှေးကြိုင်ခြင်း
- ကိုယ်ရေအသား ပြည့်ဖြိုးခြင်း
- မျက်စိ၊ နားစသော ဣန္ဒြေများ ကြည်လင်ခြင်း
- ပုံသဏ္ဌာန်ကိုယ်နေ လှပခြင်း
- သူတစ်ပါးအပေါ် သြဇာအာဏာရှိခြင်း
- အပြောအဆို နူတ်စအာစ ကောင်းခြင်း
- စိတ်တည်ငြိမ်ခြင်း
- အကြီးအကဲ ဖြစ်ရတတ်ခြင်း

**၂။ ပိသုဏာဝါစာ – ကုန်းတိုက်စကားပြောဆိုခြင်း၊**

-သူနှစ်ယောက်တို့ ညီညွတ်နေရာ တစ်ယောက်အပြစ်ကို တစ်ယောက်ထံ ပြောကြားခြင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် အချစ်ပြယ်၍ ညီညွတ်မှုကွဲပြားသွားတတ်သည်။ ထိုသို့သောကုန်းတိုက်စကားပြောဆိုမှုကို ရှောင်ကြဉ်ရပါသည်။

-မိတ်ဆွေနှစ်ယောက်ညီညွတ်နေမှုကို ကွဲပြားအောင် ကုန်းတိုက်သောသူသည် သေသည့်အခြားမဲ့၌ အပါယ် လေးပါး၌ ဆင်းရဲကြီးစွာခံရသည်။
-အပါယ်လေးပါးမှလွတ်ပြီး လူလာဖြစ်ရသော်မှ အောက် ပါဆိုးကျိုးများ ခံစားရတတ်ပါသည်။

- အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့နှင့် စိတ်ဝမ်း ကွဲပြားရခြင်း
- သူတစ်ပါးလှံ့လကြောင့် သေကြေပျက်စီး ရခြင်း
- အခြွေအရံမဲ့ရခြင်း
- သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်မှု မရှိခြင်း
- မိတ်ဆွေအပေါင်းအသင်း မတည်မြဲခြင်း
- လူအများ အမုန်းခံရတတ်ခြင်း
- စိတ်ဓာတ်ညစ်ညမ်းခြင်း

ပိသုဏာဝါစာဖြစ်ရန်အင်္ဂါများ

- ညီညွတ်သူနှစ်ဦးရှိခြင်း
- ကွဲပြားစေလိုသောစိတ်ရှိခြင်း၊ မိမိကို ချစ်စေလိုသော စိတ်ရှိခြင်း

- ကွဲပြားအောင် လှုံ့လပြုအားထုတ်ခြင်း
- ထိုသို့ပြောသည်ကို သူနှစ်ဦးတို့က နားလည်ခြင်း
- ကွဲပြားကြခြင်း

**(၃) ဖရုသဝါစာ — ဆဲရေးတိုင်းထွာခြင်းစသော ကြမ်းတမ်းသောစကားပြောဆိုခြင်း**

-မကြားဝံ့ မနာသာ အယုတ်တမာဆဲရေးဆိုမှုစသော ကျွဲခတ်ပါစေ၊ မြွေကိုက်သေပါစေ၊ မိုးကြိုးပစ်ပါစေ၊ လောင်မီးကျပါစေ၊ ယုတ်ညံ့သောအင်္ဂါတို့ဖြင့်တိုင်းပြီး ပြောဆိုခြင်း၊ ကျိန်ဆဲခြင်း တို့သည် ဖရုသဝါစာ မည်ပါသည်။

-တရားကိုယ်အားဖြင့် ဆဲဆိုလိုသောစေတနာသည် ဖရုသဝါစာမည်ပါသည်။

-ဖရုသဝါစာ၌ နှုတ်ထွက်ကြမ်းသည်ဖြစ်စေ၊ ချိုသာသည် ဖြစ်စေ စေတနာကြမ်းကိုသာကြမ်းသည် ဟုဆိုလိုပါသည်။

-ထို့ကြောင့် မိဘတို့က သားသမီးတို့ကို ကျိန်ဆဲသည် ဆိုရာ၌ ဖရုသဝါစာ မဖြစ်ပါ။

-မင်းက လူတစ်ယောက်ကိုသတ်စေရာ၌ "ချမ်းသာစွာ အိပ်ပါစေတော့" ဟုဆိုလိုက်သည်။ စကားအရာ ချိုသာသော်လည်း သေစေလိုသော ဒေါသစေတနာပါနေ၍ ဖရုသဝါစာထိုက်ပါသည်။

-ကြမ်းကြုတ်စကား ဆိုသောသူသည် သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံ၌ဆင်းရဲစွာခံစားရပါသည်။ အပါယ်လေးပါးမှလွတ်၍ လူဖြစ်သော်မှ အောက်ပါ ဆိုးကျိုးများခံစားရတတ်ပါသည်။

- မနှစ်သက်သော အသံကိုကြားရခြင်း
- အများအမုန်းခံရခြင်း
- ကဲ့ရဲ့ပြစ်တင်ခံရခြင်း
- ဆင်းဆင်းရဲရဲနေထိုင်ရခြင်း
- သာယာနာပျော်ဖွယ်အသံမရှိခြင်း
- အလုံးစုံအသံအင်္ဂါ ပျက်စီးတတ်ခြင်း (ဆွံ့အခြင်း)

-မကြားဝံ့မနာသာ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သောပုဂ္ဂိုလ်သည် ဖြစ်လေရာဘဝတိုင်းဝယ် အောက်ပါကောင်းကျိုးများခံစားရပါသည်။

- လူသတ္တဝါများ၏ချစ်ခင်မှုကိုခံရခြင်း
- လူသတ္တဝါများ၏စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း
- ချမ်းသာစွာနေရခြင်း
- သာယာနာပျော်ဖွယ်စကားရှိခြင်း
- လူအများ ချီးမွမ်းခံရခြင်း
- အင်္ဂါနှစ်ပါးရှိသောအသံနှင့် ပြည့်စုံရခြင်း

ဖရုသဝါစာဖြစ်ရန်အင်္ဂါများ

- အဆဲခံရသူရှိခြင်း
- အမျက်ထွက်စိတ်ဆိုးခြင်း
- ဆဲရေးခြင်း

၄။ သမ္ဖပ္ပလာပ — အကျိုးမရှိ အနှစ်မဲ့သောစကားပြောဆိုခြင်း

-စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊ အနက် အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုကြောင်း ဖြစ်သော စေတနာသည် သမ္ဖပ္ပလာပ မည်ပါသည်။

-ပရမတ္ထစက္ကူကျမ်း၌ ဒီပဲယင်းဆရာတော်ဘုရားကြီးက "အနက်ဆံကင်းဆိုသည်မှာ ရာမမင်း၏သီတာဒေဝီ မိဖုရားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်း ခိုးယူသည်၊ ရွှေယုန်နှင့်ရွှေကျားသက်ကယ်ရိပ်သွားသည်၊ ဤသို့ စသည့် ရှေးကမဖြစ်ဖူး၊ မရှိဖူးသည်ကို ဖြစ်ဖူး၊ ရှိဖူး သကဲ့သို့ သူတစ်ပါးရာဂပွားရန်၊ ဒေါသပွားရန်၊ မောဟ ပွားရန်၊ ကြံဖန်ပြောဆိုသောစကားဟူသမျှ စပါးဖျင်း ကဲ့သို့ အနက်ဆံမပါသည်ကိုဆိုသည်။

-သူ့ကိုဆုံးမရာ၊ တရားဟောရာ၊ ပြောရာ၌ထင်လွယ် အောင် ဥပမာပုံပြထည့်သွင်းပြောဆိုရာတို့၌ သမ္ဖပ္ပလာပ မဖြစ် ဟုဖွင့်ဆိုပြထားပါသည်။

-စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကားအနက် အဓိပ္ပာယ်မရှိ ပြိန်းဖျင်းသောစကားကို ပြောဆိုသူသည် ခန္ဓာပျက်သည့်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာ ခံစားရတတ်သည်။

-အပါယ်လေးပါးလွတ်၍ လူ့ဘဝ ရောက် သော်မှ အောက်ပါဆိုးကျိုးများခံစားရတတ်ပါသည်။

-မိမိပြောဆိုသောစကားကို သူတစ်ပါးတို့ မယုံကြည်ခြင်း

-မိမိကို လူအများမုန်းတီးခြင်း

-လူအများက မိမိကို အလေးမထားခြင်း

-အများယုံကြည်ဖွယ်ဖြစ်အောင် မပြောဆိုတတ်ခြင်း

-လာဘ်လာဘနည်းပါးခြင်း

-ဘုန်းတန်ခိုးအရှိန်အဝါ အာနုဘော်နည်းခြင်း

-ပညာသေးသိမ် မှေးမှိန်ခြင်း

**ဖရုသဝါစာဆိုသည်မှာ**

ဖရုသဝါစာသည် ကြမ်းတမ်းသောစကားပြောဆိုခြင်း ဟုဆိုရာ ကြမ်းတမ်းသောစကားကိုပြောခြင်းဟူသည် ဆဲကြောင်း ဝတ္ထုဖြင့် ဆဲမှုပင်ဖြစ်ပါသည်။

ဆဲသည့်အခါ ဒေါသဖြင့်ဆဲသည့်အလျောက် သဘာဝအားဖြင့်ပင် ဖရုသဝါစာကိုယ်တိုင်ကလည်း ကြမ်းလျက်ရှိပါသည်။

ကြမ်းတမ်းသောစကားဖြစ်သောကြောင့် ကြားရသူကိုလည်း နားမချမ်းသာ၊ အကျိုးမဲ့ဖြစ်စေတတ်သောစကားဖြစ်သောကြောင့် စိတ်လည်းမချမ်းသာ၊ နှစ်သက်မှုလည်းမရှိ။ ပြောသူရောကြားရသူပါ နှစ်ဦးစလုံး လွှသွားကဲ့သို့ ကြမ်းတမ်းအောင်၊ ဆင်းရဲအောင်ပြုလုပ်လေသည်။

ဖရုသဝါစာ၏တရားကိုယ်မှာ ဇာတ်စသောဆဲရေးကြောင်းဝတ္ထု(၁၀)ပါးကို ထိပါးပုတ်ခတ်ကြောင်းဖြစ်သောလုပ်ကိုင်မှု ပြောဆိုမှုတို့ကိုဖြစ်စေသော ကြမ်းတမ်းသောစေတနာပင် ဖြစ်ပါသည်။

ဇာတ်စသော ဆဲရေးကြောင်းဝတ္ထု(၁၀)ပါးဖြင့် ဆဲရေးသောအခါ ဆဲရေးခံရသူသည် သေကြေလောက်အောင် အလွန်နာကြည်းလေသည်။ ထို့ကြောင့် ဆဲရေးကြောင်း(၁၀)ပါးသည် သေလောက်သောအနာနှင့်တူသည် ဟုဆိုပါသည်။

ဆဲသည့်အခါ နားလည်းမခံသာ၊ စိတ်နှလုံးလည်းမချမ်းသာအောင်ရှိရကား လှံဖြင့်ထိုးဆွသကဲ့သို့ဖြစ်သောကြောင့် ဆဲခြင်းကို နှုတ်လှံထိုးခြင်း။ (နှုတ်တည်းဟူသော လှံဖြင့်ထိုးခြင်း) ဟု ခေါ်ဝေါ်ကြပါသည်။

ဆဲမျိုး (၁၀) ပါး

လှံ့ကိုင်၍ထိုးရာ၌ လှံသည်ကိုင်ရာဝတ္ထုဖြစ်သဖြင့် ဆဲရာ၌အမျိုးကိုင်၍ အမျိုးကိုထိပါးပုတ်ခတ်၍ဆဲခြင်း၊ အမည်ကိုင်၍ အမည်ထိပါးပုတ်ခတ်၍ဆဲခြင်း စသည်ဖြင့်ကိုင်တွယ်ရာ ထိပါးပုတ်ခတ်ရာဝတ္ထုများ ရှိပါသည်။

ထိုဝတ္ထုများကိုဆဲကြောင်းဝတ္ထုများ ဟုခေါ်ပါသည်။ ထိုဆဲကြောင်းဝတ္ထုများမှာ-

၁။ အမျိုးထိပါးဆဲခြင်း

၂။ အမည်ထိပါးဆဲခြင်း

၃။ အနွယ်ထိပါးဆဲခြင်း

၄။ အလုပ်အကိုင် ထိပါးဆဲခြင်း

၅။ အတတ်ပညာ ထိပါးဆဲခြင်း

၆။ ရှိသောအနာရောဂါ ထိပါးဆဲခြင်း

၇။ အချိုးကျ-မကျ ပုံသဏ္ဌာန်ထိပါးဆဲခြင်း

၈။ ဖြစ်တတ်သောလောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသောကိလေသာများဖြင့် ထိပါးဆဲခြင်း

၉။ လွန်ကျူးဖူးသည့်အပြစ်ကို ထိပါးဆဲခြင်း

၁၀။ နွား၊ ခွေးစသော တိရစ္ဆာန်နှင့်စပ်သော အရာဝတ္ထု၊ မေထုန်နှင့်စပ်သောအရာဝတ္ထု၊ ယောကျ်ားအင်္ဂါဇာတ်၊ မိန်းမအင်္ဂါဇာတ်နှင့်စပ်သောအရာဝတ္ထု၊ ရှေး(၉)မျိုးမှ တစ်ပါး ရှုန့်ရင်းကြမ်းတမ်းသောစကားများ စသည်ဖြင့် ဆဲခြင်း

ဆဲနည်း (၁၀)မျိုး ဥပမာများမှာ-

၁။ အမျိုးထိပါးဆဲပါက -သူတောင်းစားမျိုး၊ တံငါသည်မျိုး စသည်

၂။ အမည်ထိပါးဆဲပါက -အမျိုးယုတ်၊ အဖသတ်ကောင်၊ စဏ္ဍာလကောင် စသည်

၃။ အနွယ်ထိပါးဆဲပါက -စဏ္ဍာလနွယ်၊ သူတောင်းစားနွယ်၊ အောက်တန်းစားနွယ် စသည်

၄။ အလုပ်အကိုင် ထိပါးပါက-ဈေးကျုံးသမား၊ ဆိုက်ကားသမား စသည်

၅။ အတတ်ပညာ ထိပါးဆဲပါက-သူခိုးဝိဇ္ဇာ၊ လူလိမ် စသည်

၆။ အနာရောဂါ ထိပါးဆဲပါက-မီးယပ်ပိန်၊ ဖာကျိုး၊ အနူစသည်

၇။ ပုံသဏ္ဌာန် ထိပါးဆဲပါက-လံဘားကြီး၊ ငပု၊ ညှပ်စိ စသည်

၈။ ကိလေသာ ထိပါးဆဲပါက -ဏှာဘူး၊ မာနခဲ စသည်

၉။ အပြစ် ထိပါးဆဲပါက -ရာဇဝတ်ကောင်၊ ကာလိမ်ကကျစ် စသည်

၁၀။ ယုတ်မာသောဆဲရေးမှု- တိုင်းတာဆဲခြင်း၊ ခွေး၊ ခွေးသား စသည့် ဆဲခြင်းတို့ဖြစ်သည်။

**ဆဲပုံဆဲနည်း (၄) မျိုး**

၁။ ယုတ်နိမ့်သောပုဂ္ဂိုလ်ကို ယုတ်နိမ့်သောအမျိုးဖြင့်ဆဲခြင်း (ဥပမာ-စဏ္ဍာလကို စဏ္ဍာလမျိုး ဟုပြောဆိုဆဲရေးခြင်း)

၂။ မြင့်မြတ်သောပုဂ္ဂိုလ်ကို ယုတ်နိမ့်သောအမျိုးဖြင့်ဆဲခြင်း (ဥပမာ-မင်းမျိုးကို စဏ္ဍာလမျိုး ဟုပြောဆိုဆဲရေးခြင်း)

၃။ ယုတ်နိမ့်သောပုဂ္ဂိုလ်ကို မြင့်မြတ်သောအမျိုးဖြင့်ဆဲခြင်း (ဥပမာ-စဏ္ဍာလကို မင်းမျိုး ဟုပြောဆိုဆဲရေးခြင်း)

၄။ မြင့်မြတ်သောပုဂ္ဂိုလ်ကို မြင့်မြတ်သောအမျိုးဖြင့်ဆဲခြင်း (ဥပမာ-မင်းမျိုးကို မင်းတို့မင်းမျိုးတွေက ဟုပြောဆို ဆဲရေးခြင်း)

ဤသို့လျှင် အယုတ်အမြတ်အားဖြင့် ဆဲရေးခြင်း(၄)မျိုး ဖြင့်ဆဲရေးခြင်းဝတ္ထု(၁၀)ပါးကိုမြှောက်ပါက ဆဲခြင်းအမျိုး(၄၀) ဖြစ်ရပါသည်။

**စောင်းချိတ်ပြောဆိုမှု**

ဆဲဆိုရာဝယ်-

၁။ တိုက်ရိုက်ဆဲဆိုမှု

၂။ စောင်းချိတ်ဆဲဆိုမှု ဟူ၍ (၂)မျိုးရှိသည်။

စဏ္ဍာလကို မင်းက သူတောင်းစားဘဲဟုပြောဆိုခြင်းသည် တိုက်ရိုက်ဆဲခြင်းမျိုးဖြစ်သည်။

စောင်းချိတ်ဆဲရာတွင်-

၁။ ဒီနေရာမှာ စဏ္ဍာလအမျိုးရှိနေတယ်ဟေ့

၂။ ဒီနေရာမှာရှိနေသူတွေဟာ စဏ္ဍာလတွေပဲကွ

၃။ ငါတို့ကတော့ စဏ္ဍာလမျိုးမဟုတ်ဘူးကွ

ဤသို့စသည့်စောင်းချိတ်ပြောလျှင်လည်း ဖရုသဝါစာ မြောက်ပါသည်။

**မျက်ကွယ်ဆဲသော် / ကိုယ်အမှုအရာပြသော်**

ဒီဃနိကာယ် မဇ္ဈိမနိကာယ် ငိုကာဆရာတို့အလိုအရ ဤဖရုသဝါစာသည် ဆဲအပ်သူ၏မျက်မှောက်ဖြစ်ပါမှ ကံမြောက်သည်မဟုတ်။ သူတစ်ပါးကိုဆဲရေးပြီးမှ မှားမှန်းသိသဖြင့် ကန်တော့သောပုဂ္ဂိုလ်သည် ကန်တော့ခံရသူအဝေး၌တည်နေ၍ မျက်ကွယ်ဖြင့်သော်လည်းကောင်း၊ သေပြီးသော်လည်းကောင်း၊ ကန်တော့စေကာမူ ကန်တော့ခြင်းကိစ္စထ မြောက်အောင်မြင်

သကဲ့သို့ မျက်ကွယ်၌တည်သောသူကို ဆဲသော်လည်းကောင်း၊ သေပြီးသူကိုဆဲသော်လည်းကောင်း ဖရုသဝါစာထိုက်၏။

ဆဲရာ၌ ပါးစပ်ဖြင့်ပြောမှုမဟုတ်ပေ။ ဆဲသည့်အဓိပ္ပာယ် သိအောင် လက်ဖြင့်ကြမ်းကြမ်းတမ်းတမ်းလုပ်ပြမှု၊ အမူအရာ လုပ်ပြမှု၊ စာရေးပြမှုစသည်များသည်လည်း တစ်ဖက်သူကသိပါက ဖရုသဝါစာဖြစ်ပါသည်။

**ဖရုသဝါစာကံမြောက်မှုနှင့်အကျိုးပေးမှု**

၁။ အဆဲခံရသူရှိခြင်း
၂။ အမျက်ထွက်ခြင်း
၃။ ဆဲခြင်း

ဟူသော ဖရုသဝါစာအင်္ဂါ(၃)ပါးကို ဆဲကြောင်းဖြစ်သော စေတနာသည် အင်္ဂါညီညွတ်မှသာ ကမ္မပထမြောက်ပါသည်။

ကမ္မပထမြောက်မှသာ ဖရုသဝါစာကံ အထမြောက်ပါသည်၊ ကမ္မပထမြောက်က ဖရုသဝါစာကံ ဟုမဆိုရပါ၊ ဝစီကံမျှသာဆိုရပါသည်။

ကမ္မပထမြောက်သောကံသည် အပါယ်ပဋိသန္ဓေအကျိုးကိုပေးနိုင်သည်။ ကမ္မပထမမြောက်သောကံမှာ အပါယ်ပဋိသန္ဓေအကျိုးပေးနိုင်-မပေးနိုင် ကိန်းသေတွက်၍မရပါ။အချို့ပေးနိုင်

သည်၊ အချို့မပေးနိုင်ပါ။ ပဋိသန္ဓေအကျိုးကို မပေးနိုင်သော်လည်း မိမိဆဲဆိုသည့်အတိုင်း မိမိမှာ ပြန်ဖြစ်ခြင်း စသော ဝင့်လိုက်သောအားဖြင့်ဖြစ်သော ပဝတ္တိအကျိုးကား သေချာလှပါသည်။

**အပြစ်ကြီးမှု–ငယ်မှု**

အဆဲဆိုခံရသောပုဂ္ဂိုလ်၏သီလ၊ သမာဓိ၊ ပညာဂုဏ် အကြီးအငယ်လိုက်၍ အပြစ်အကြီးအငယ် ကွာခြားပါသည်။

အဆဲခံရသူ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးလျှင် ဆဲသူမှာ အပြစ်ကြီးပါသည်။

အဆဲခံရသူ သီလ၊ သမာဓိ၊ ပညာဂုဏ်ငယ်က ဆဲသူမှာ အပြစ်ငယ်ပါသည်။

တစ်ဖန် ဆဲသူ၏ဒေါသအကြီး-အငယ်လိုက်၍လည်းကောင်း၊ ဆဲသည့်ခဏ အများအနည်းကိုလိုက်၍လည်းကောင်း အပြစ်အကြီး အငယ် ကွာခြားပါသည်။

ကမ္မပထမြောက်-မမြောက်ပေါ် လိုက်၍လည်း အပြစ်ကြီး-အပြစ်ငယ် ကွာခြားပါသည်။

## ကျိန်ဆဲခြင်းနှင့်ကျိန်ဆိုခြင်း

ဆဲရေးမှုပြုရာတွင်-

၁။ ရိုးရိုးဆဲခြင်း

၂။ ကျိန်ဆဲခြင်း

ဟူ၍ (၂)မျိုးရှိပါသည်။

ရိုးရိုးဆဲခြင်းကား အထက်ကဆိုခဲ့သော ဆဲရေးခြင်း(၁၀)မျိုး တစ်မျိုးမျိုးဖြင့် ဆဲရေးခြင်းကိုဆိုလိုပါသည်။

ကျိန်ဆဲခြင်းကား သင့်လိုကောင် ကားတိုက်သေပါစေ၊ မြွေကိုက်သေပါစေ ဟု ဒေါသစေတနာဖြင့် ကျိန်ခြင်းကို ကျိန်ဆဲခြင်း ဟု သတ်မှတ်ပါသည်။

ကျိန်ဆဲခြင်း၊ ကျိန်စာဆိုခြင်း(၂)မျိုးတို့တွင် ကျိန်ဆဲခြင်းကား သူ့တစ်ပါးကိုဆင်းရဲဒုက္ခရောက်စေလို၍ ဒေါသစေတနာဖြင့် ကျိန်ဆဲ၍ ဖရုသဝါစာထိုက်ပါသည်။

ကျိန်စာဆိုခြင်းကား မိမိကိုယ်ကို မှန်ကန်သောသဘော၊ သူတစ်ပါးယုံကြည်စေလို၍ သက်သေပြသောအားဖြင့်ဆိုသောကြောင့် ဖရုသဝါစာမထိုက်။

သို့သော် ကျိန်စာဆိုမှုသည် ဖရုသဝါစာမဖြစ်သော်လည်း ကျိန်သည့်အတိုင်းဖြစ်ရတတ်၊ ခံစားရတတ်သောကြောင့် ကျိန်စာဆိုမှုသည် သတိပြုစရာအချက်ပင်ဖြစ်သည်။

မုသားဆို၍ကျိန်စာဆိုခဲ့သောကြောင့် ကျိန်စာအတိုင်း ခံစားရသောသာကေများစွာ ဘုရားလက်ထက်ကပင် အတော် ထင်ရှားပေါ်ပေါက်ခဲ့ပါသည်။

ဘုသပေတဝတ္ထုတွင် အမဲသားကိုခိုးစားလျက် မစားဟု လိမ်ညာပြီး ခိုးစားပါလျှင် ဖြစ်လေရာဘဝတိုင်း ကိုယ့်ကျောသား ကို ကိုယ်ကိုယ်တိုင်ခြစ်ယူ၍စားရပါစေ ဟုကျိန်စာဆိုခဲ့သည်။ ထို ကျိန်စာအတိုင်း သေသောအခါ ပြိတ္တာဖြစ်ပြီး ကိုယ့်ကျောကိုယ် ခွာစားရသည်။

ပဥ္စပုတ္တခါဒပေတဝတ္ထုတွင် မိန်းမတစ်ယောက်သည် မိန်းမငယ်ကို ကိုယ်ဝန်ကျဆေးတိုက်ပြီး သားမဖွားအောင်ပြုလုပ် ခဲ့သည်။ ထိုကိစ္စကိုစစ်ဆေးသောအခါ မကျွေးရပါ၊ ကျွေးမိပါက ကိုယ်ဖွားသောသားကိုပြန်စားရသည့်ကိုယ်ဖြစ်ပါစေ ဟု ကျိန်စာ ဆိုခဲ့သည်။ သေသည့်နောက်တွင် ပြိတ္တာမဖြစ်ပြီး ကိုယ့်သားကိုယ် ပြန်စားရသောဘဝ ရောက်ရသည်။

ကဏ္ဏမုဏ္ဍသေတိဝတ္ထုတွင် ဥပုသ်သည်ခေါင်းဆောင် အမျိုးသမီးသည် သေသောက်ကြူးနှင့်ဖောက်ပြားသည်။ လင် ယောကျ်ားကစစ်ဆေးသောအခါ မဟုတ်ကြောင်း ကျိန်စာဆိုလေ သည်၊ အဖော်များကိုမေးကြည့်သောအခါ အဖော်များကလည်း ဝိုင်းညာပြီးကျိန်စာဆိုသည်။ ထိုအမျိုးသမီးများအားလုံး ကွယ်လွန်

သောအခါ နေ့တွင် ဥပုသ်စောင့်သောအကျိုးကြောင့် နတ်စည်းစိမ်ခံစားရပြီး ညပိုင်းတွင် မုသားကျိန်စာကြောင့် ခွေးစားခံရသည်။

ထို့ကြောင့် ကျိန်စာဆိုမှုသည် ဖရုသဝါစာမဖြစ်သော်လည်း မုသာဝါဒအဖော်သဟဲဖြစ်၍ ကျိန်စာဆိုသည့်အတိုင်း ဖြစ်ရသည်။

# အခန်း (၃)

## ပြောတော့တစ်ခဏ–ခံရတော့အဆက်ဆက်ဘဝ

ဤလောကတွင် ပုထုဇဉ်ဟူသမျှတို့သည် ဒုစရိုက်တရားဖြစ်သော ကြမ်းကြမ်းတမ်းတမ်းပြောဆိုမှု ဖရုသဝါစာနှင့် ဒေါသ၏ အကျိုးသက်ရောက်မှုကို အလေးထား၍ မဆင်ခြင်ကြ၊ မရှောင်ကြသည်မှာ တိုက်ရိုက်မထိခိုက်မိသေးသောကြောင့်(ဝါ)ကျောချမှ ဓားပြမှန်း မသိသေးသောကြောင့်ဖြစ်ပါသည်။

တွေ့ထိတိုင်း ထိရှတတ်သော ဒေါသနှုတ်ထွက်စကားသည် အလွန်ကြောက်စရာကောင်းပါသည်။ ဘုရားလောင်းနှင့် သာဝကလောင်းပါရမီရှင်ကြီးများပင် ဒေါသနှုတ်ထွက်စကားကြောင့် သံသရာအဆက်ဆက်နှင့် နောက်ဆုံးဘဝတွင် ထိုအကုသိုလ်ကို ပေးဆပ်သွားကြရပါသည်။

ပြောသော နှုတ်ထွက်စကားကြမ်းသည် စက္ကန့်ပိုင်းလောက်သာရှိပါမည်။ ထိုစက္ကန့်မျှစကားသည် ခံရသောအခါ ဘဝနှင့်ချီပြီး နှစ်ပေါင်းများစွာ ဆင်းရဲခံစားရသည်။

ထိုနှုတ်ထွက်စကားကြမ်းသည် နောင်သံသရာမှ ဘေးဒုက္ခရောက်သည်မဟုတ်ပါ။ ယခု ပစ္စုပ္ပန်ဘဝ၌လည်း-

နှုတ်ချိုပွင့်လန်း၊ နှုတ်ကြမ်းလူမုန်း
နှုတ်သာကြမ်းသူ၊ ဘေးရန်ထူ
ပြုစုစောင်းမြောင်း၊ ဆင်းရဲကြောင်း

ဟု ဆိုသည့်အတိုင်း လူမုန်းခံရများပြီး ဘေးရန်များစွာတွေ့ရတတ်ခြင်း၊ ဆင်းရဲရခြင်းစသော ဘေးဒုက္ခအမျိုးမျိုးကို တွေ့ကြရပါသည်။

နှုတ်ထွက်စကားကြမ်းမှုသည် အလွန်ထက်မြက်စူးရှ၍ ထက်မြက်စူးရှသောလွှသွားနှင့်တူသည် ဟူ၍ပင် ရှေးပညာရှိတို့က နှိုင်းယှဉ်ဆိုထားကြပါသည်။

"ပြောတော့တစ်ခဏ၊ ခံရတော့အဆက်ဆက်ဘဝ" ဟု ဆိုသည်ကို သတိပြုသံဝေဂတရားရကြစေရန် ဤအခန်းတွင် ဂေါတမဘုရားရှင်လက်ထက်၊ နောက်ပိုင်းသာသနာလက်ထက် ယနေ့ခေတ်ကာလအထိ နှုတ်ထွက်စကားကြမ်းကြောင့် ခံစားရသူပုဂ္ဂိုလ်အချို့၏ ဘဝဖြစ်စဉ်များကို ထုတ်နုတ်တင်ပြထားပါသည်။

ဤဖြစ်စဉ်များသည် လုပ်ကြံဇာတ်လမ်းဖွဲ့၍ရေးထားသည်မဟုတ်ပါ။ ပိဋကတ်စာပေတွင်လည်းကောင်း၊ သမိုင်းတွင်လည်းကောင်း၊ တွေ့ကြုံကြသောပုဂ္ဂိုလ်များ၏ တကယ့်အဖြစ်အပျက် ဘဝဖြစ်ရပ်မှန်ဇာတ်လမ်းများဖြစ် ကြပါသည်။

ထိုပုဂ္ဂိုလ်များ၏ဘဝအဖြစ်အပျက်ကိုကြည့်၍ မိမိတို့ဘဝသတိတရားရပြီး ဒေါသအမျက်နှုတ်ထွက်စကား မလွန်ကျူးရအောင် ကြိုးစားအားထုတ်နိုင်ကြစေလိုပါသည်။

## ဂေါတမဘုရားရှင်ပင်ခံခဲ့ရသောဝဋ်ကံအဖြစ်ငါးဘဝ

### (က) ဒုက္ကရစရိယ(၆)နှစ်ကျော်ကျင့်ခဲ့ရခြင်း၏အတိတ်ဝဋ်ကံ

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဘုရားဖြစ်ရန်ကျင့်ခဲ့ပြီးသောဂေါတမဘုရားရှင်သည် နောက်ဆုံးဘုရားဖြစ်မည့်ဘဝတွင် ဘုရားဖြစ်ရန် ဒုက္ကရစရိယအကျင့်ကို အခြားဘုရားများက(၆)ရက်၊ (၁)ရက်၊ နေ့ဝက် စသည်ကျင့်ခဲ့ရသလိုမကျင့်နိုင်ဘဲ (၆)နှစ်တိတိကျင့်ခဲ့ရသည်မှာ အတိတ်ဘဝကပြုခဲ့သော ဝစီနှုတ်ထွက်ကြောင့်ဖြစ်ပါသည်။

ကဿပဘုရားရှင်လက်ထက်တွင် ဂေါတမဘုရားလောင်းသည် ယင်္ဒိကာရအိုးထိန်းသည်၏ သူငယ်ချင်းဇောတိပါလပုဏ္ဏားလုလင်ဖြစ်ခဲ့သည်။

လောကတွင် ကဿပဘုရားရှင်ပွင့်တော်မူလာ၍ ထိုဘုရားရှင်သည် ဘုရားဖြစ်ရန် ဒုက္ကရစရိယအကျင့်ကို (၆)ရက်မျှကျင့်ခဲ့သဖြင့် ဘုရားအဖြစ်သို့ရောက်ခဲ့သည် ဟု ဃဋိကာရသူငယ်ချင်းကပြောပြသည်ကို ဇာတိမာန်မာနဖြင့်-

"ဒီဦးပြည်းကတုံးက ဤမျှကျင့်ရုံမျှဖြင့် သဗ္ဗညုတဉာဏ်ကို အဘယ်မှာရနိုင်ပါမလဲ။ သဗ္ဗညုတဉာဏ်သည် အလွန်ရခဲသောအရာဖြစ်သည်"

ဟု နှုတ်ဖြင့် ကြမ်းတမ်းစွာပြောဆိုခဲ့သည်။

ကဿပဘုရားရှင်သည် (၆)ရက်မျှကျင့်သဖြင့် သဗ္ဗညုတဉာဏ်ရသည့်အဖြစ်မှန်ကို သိသောအခါ၌လည်း-

"ဒီဘုရား(၆)ရက်ကျင့်၍ ဘုရားဖြစ်လျှင် ငါကျလျှင် (၆)နှစ်ကျင့်ပြမည်"

ဟု မထီမဲ့မြင် စကားဆိုခဲ့သည်။

ဂေါတမဘုရားရှင်ကိုယ်တော်တိုင် အနော‌တတ္တအိုင် ၌ နေတော်မူစဉ် ရဟန်းအပေါင်းကို-

"ငါသည် ဇောတိပါလလုလင်ဖြစ်သောအခါ ကဿပဘုရားရှင်ကို ဒီဦးပြည်းရဟန်းက သဗ္ဗညုတဉာဏ်တော် အဘယ်မှာရနိုင်မည်လဲ။ သဗ္ဗညုတဉာဏ်တော်သည် အလွန်ရခဲသောအရာဖြစ်သည်"

ဟု ပြောဆိုခဲ့၏။

ထိုအကုသိုလ်နှုတ်ကြွေးကြောင့် ဥရုဝေဋ္ဌတောဉ် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယကျင့်ပြီးမှ သဗ္ဗညုတဉာဏ်သို့ရောက်ခဲ့ရ၏ ဟု မိမိ၏ရှေးမကောင်းမှုကို မိန့်ကြားခဲ့ပါသည်။

### (၁) စိဉ္စမာဏဝိကာအစွပ်စွဲခံရမှု၏အတိတ်ဝတ္ထု

တိတ္ထိများသည် လာဘ်လာဘဆုတ်ယုတ်လာသည်ကို မခံမရပ်နိုင်ဖြစ်ပြီး ဘုရားရှင်အား လူအကြည်ညိုနည်းစေပြီး လာဘ်လာဘဆုတ်ယုတ်စေရန် စိဉ္စမာဏဝိကာ မည်သော အလွန်ချောမောလှပသူကို စည်းရုံးသိမ်းသွင်းပြီး ဘုရားရှင်ကို လင်သားအဖြစ် စွပ်စွဲခိုင်းခြင်းဖြစ်သည်။

စိဉ္စမိဏဝိကာသည် တိတ္ထိများစေခိုင်းသည့်အတိုင်း ကိုယ်ဝန်သည်ယောင်ဆောင်ပြီး ဇေတဝန်ကျောင်းသို့သွားကာ ပရိသတ်ဗိုလ်ပုံအလယ်တွင် ဘုရားရှင်ကို မိမိလင်အဖြစ်စွပ်စွဲကာ ကိုယ်ဝန်ကို မစောင့်ရှောက်ရကောင်းလား ဟု စွပ်စွဲပြောဆိုသည်။

ထိုသို့ဘုရားရှင်စွပ်စွဲခံရခြင်းမှာ အဘယ်ကြောင့်ပါနည်း ဟု ဆိုပါသော်-

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက် နိယတဗျာဒိတ်မခံရမီ တစ်ခုသောဘဝဝယ် ဂေါတမဘုရားလောင်းသည် အရက်သမားဖြစ်ခဲ့သည်။

ထိုအချိန်တွင် သဗ္ဗာဘိဘူမည်သော ဘုရားရှင်ပွင့်တော်မူနေချိန်ဖြစ်သည်။ ဂေါတမဘုရားလောင်းအရက်သမားသည် ထိုဘုရားရှင်၏တပည့်သာဝကတစ်ပါးဖြစ်သော နန္ဒာအမည်ရှိသော ရဟန္တာမထေရ်မြတ်ဆွမ်းရပ်လာသည်ကို အရက်မူးမူးဖြင့် သူယုတ်မာ ဟု ပြောဆိုစွပ်စွဲမှုအရိယူပဝါဒအကုသိုလ်ကံကို ပြုခဲ့သည်။

ထိုစွပ်စွဲမှုကံကြောင့် သေသောအခါ ငရဲ၌နှစ်ပေါင်းများစွာခံခဲ့ရပြီး နောင်လူ့ဘဝပေါင်းများစွာ၌လည်း မတရားအစွပ်စွဲခံခဲ့ရသည်။

ယခု ဘုရားဖြစ်သောဘဝတွင် ထိုကံဝဋ်ကြွေးကလိုက်ပြီး စိဉ္စမာဏဝိကာ၏ စွပ်စွဲမှုကိုခံရခြင်းဖြစ်ပါသည်။

သူယုတ်မာ ဟူ၍သုံးနှုန်း[illegible]နှုတ်ထွက်စကားတစ်ခွန်းသည် လောကတွင် အထွတ်အထိပ်ဖြစ်သော လူ၊ နတ်၊ ဗြဟ္မာတို့၏ဆရာဖြစ်သော်မှ မလွတ်ကင်း၊ လိုက်၍အကျိုးပေးသောကြောင့် စွပ်စွဲ ဆဲရေး ထိပါးပုတ်ခတ်ပြောတတ်သော ဝစီနှုတ်ထွက်စကားကို သတိထားကြစေလိုပါသည်။

(ဂ) သုန္ဒရီပရိဗိုဇ်မ၏ထင်ယောင်ထင်မှားစွပ်စွဲခံရမှုအတိတ်ဝစီကံ

တိတ္ထိတို့သည် လာဘ်လာဘနည်းလာသည်မှာ ဂေါတမဘုရားကြောင့်ဖြစ်သည်၊ ဂေါတမဘုရားကို လူများအကြည်ညိုနည်းစေပြီး လာဘ်လာဘနည်းရန် မဟုတ်မမှန်သောလမ်းကြောင်းဖြင့် တိုက်ခိုက်ရန် ကြံစည်ကြသည်။

ထိုအချိန်တွင် သာဝတ္ထိပြည်၌ အချိုးအဆစ်ပြေပြစ်၊ ရုပ်ရေအဆင်း လှပတင့်တယ် ရှုစဖွယ်ရှိသော သုန္ဒရီအမည်ရှိသော ပရိဗိုဇ်မငယ်တစ်ဦးရှိသည်။

တိတ္ထိဆရာကြီးတို့သည် ထိုပရိဗိုဇ်မကိုစည်းရုံးပြီး သုန္ဒရီပရိဗိုဇ်မကို ညဥ့်အချိန်တွင် ဘုရားနှင့်အတူတူနေ၊ အတူတူအိပ်ဟန် ပြုစေသည်။

သုန္ဒရီပရိဗိုဇ်မကလည်း ပန်းနံ့သာလိမ်းပြီး ညနေလူများတရားနာကအပြန် ဇေတဝန်ကျောင်းဘက်သို့သွားသည်။ လူများကတွေ့၍ ဘယ်သွားမည်လဲ ဟုမေးလျှင်-

"ရဟန်းဂေါတမဆီသွားရပါမည်၊ ငါသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋီတိုက်ထဲမှာ နေရသူဖြစ်ပါသည်"

ဟု ထင်ယောင်ထင်မှားဖြစ်အောင် ပြောလေသည်။

ဇေတဝန်ကျောင်းတိုက်သို့ရောက်သောအခါ ကျောင်းထဲမဝင်ဘဲ တိတ္ထိကျောင်းတိုက်ထဲ ဝင်အိပ်သည်။

နံနက်စောစောထပြီး ဇေတဝန်ကျောင်းလမ်းကနေပြန်သည်။ လမ်းတွေ့သူကမေးလျှင်-

"ကျွန်မသည် ရဟန်းဂေါတမနှင့်အတူ ဂန္ဓကုဋိတိုက်ထဲမှာအတူနေသည်၊ ရဟန်းဂေါတမနှင့်ကိလေသာပျော်မြူးမွေ့လျော်စေပြီး ပြန်လာခဲ့သည်"

ဟု စွပ်စွဲစကားပြောကြားသည်။

ထိုသို့သုန္ဒရီပရိဗိုဇ်မ စွပ်စွဲခံရမှုသည် အဘယ်ကြောင့်နည်းဟုဆိုသော်-

ဂေါတမဘုရားလောင်းသည် အတိတ်ဘဝတစ်ခုတွင် "မုနာဠိ"အမည်ရှိသော အရက်သမားတစ်ဦးဖြစ်ခဲ့သည်။ သူသည် သူယုတ်မာတို့နှင့်ပေါင်းသင်းမှီဝဲလျက် မသင့်သောနှုတ်လုံးသွင်းမှုများသူဖြစ်လာသည်။

တစ်နေ့သောအချိန်တွင် သုရဘီအမည်ရှိသောပစ္စေကဗုဒ္ဓါသည် မြို့တွင်းဆွမ်းခံဝင်ရန် တစ်နေရာ၌သက်န်းရုံနေသည်။ ထိုအချိန်မှာပင် ထိုပစ္စေကဗုဒ္ဓါသင်္ကန်းရုံနေသောဘေးမှ အမျိုးသမီးတစ်ဦးက ဖြတ်သန်းသွားသည်။

ထိုသည်ကို ရုတ်တရက်အမှတ်မထင်မြင်မိလိုက်သောမုနာဠိအရက်သမားသည် အထင်အမြင်လွဲကာ မသင့်သောနှုတ်လုံးသွင်းဖြင့် "ဒုဿီလ"(သီလမရှိသူ) ဟု မဟုတ်တရားစွပ်စွဲ ပြောဆိုလေသည်။

ထိုအဖြစ်အပျက်ကို ဘုရားရှင်ကိုယ်တော်တိုင်ကလည်း အနောတတ္တအိုင်၌နေစဉ် ရဟန်းများကို-

"ငါသည် ရှေးက မုနာဠိ အမည်ရှိသော အရက်သမား ဖြစ်စဉ် တစ်ခုသောဘဝ၌ မပြစ်မှားထိုက်သော သုရာဘိ အမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါကို စွပ်စွဲမိခဲ့၏။

ထိုစွပ်စွဲမိခဲ့သောကံကြောင့် ငါသည် ငရဲ၌ကြာမြင့်စွာ ကျင်လည်ခဲ့ရ၏။ ထောင်ပေါင်းများစွာသောနှစ်တို့ပတ်လုံး ဆင်းရဲ ဝေဒနာကိုခံစားခဲ့ရ၏။

ငါသည် ထိုကံအကြွင်းအကျန်အဖြစ် ဤနောက်ဆုံးဘဝ၌ သုန္ဒရီပရိဗိုဇ်မ၏ အစွပ်စွဲကိုခံရသည်"

ဟု မိမိ၏ရှေးမကောင်းမှုကို ထုတ်ဖော်မိန့်ကြားခဲ့ပါသည်။

သုံးလောကထွဋ်ထားဘုရားရှင်သော်မှ နှုတ်ထွက်စွပ်စွဲခဲ့သော စကားအကုသိုလ်ကံဝဋ်ကြွေးကို ပေးဆပ်ရသေးလျှင် သာမန်လူများအဖို့ အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း။ ဝစီနှုတ်ထွက် သတိဖက်၍ဆင်ခြင်ကြပါလေ။

(ဃ) သုန္ဒရီပရိဗိုဇ်မအသတ်ခံရမှုနှင့်ပတ်သက်၍
ဘုရားရှင်နှင့်ရဟန်းများစွပ်စွဲခံရမှု၏အတိတ်ဝဋ်ကံ

တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မငယ်ကို ဘုရားရှင်နှင့်ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ပြီးနောက် လူမိုက်များကိုငှားကာ သုန္ဒရီပရိဗိုဇ်မကိုသတ်စေသည်။ သတ်ပြီးနောက် ဇေတဝန်ကျောင်းအနီး အမှိုက်ပုံ၌ပစ်ထားစေသည်။

နောက်နေ့နံနက်တွင် သုန္ဒရီပရိဗိုဇ်မ ပျောက်ဆုံးနေကြောင်း၊ ရဟန်းဂေါတမကျောင်းသို့ ညနေသွားနေကျဖြစ်ကြောင်း၊ ယခု ရဟန်းဂေါတမကျောင်းကနေပျောက်နေကြောင်း၊ ဇေတဝန်ကျောင်းအနီးအနားမှာ ရှာသင့်ကြောင်း သကင်းလွှင့်ပြီး ဘုရင်ကောသလကိုလျှောက်ထားကြသည်။

ကောသလဘုရင်က ခွင့်ပြု၍ တိတ္ထိအပေါင်းအသင်းတို့သည် ဇေတဝန်ကျောင်းသို့သွားကာ အမှိုက်ပုံ၌ရှာဖွေကြရာ သူတို့ပစ်ထားတာဖြစ်၍ အလောင်းကို အဆင်သင့်တွေ့ကြလေသည်။

အလောင်းကိုတွေ့သောအခါ လေးတိုင်စင်ဖြင့်ယူပြီး သာကီနွယ်ဖွားရဟန်းဂေါတမသည် သုန္ဒရီနှင့်အတူ ကာမဂုဏ်ပျော်ပါးပြီး သုန္ဒရီကိုသတ်ကာ အမှိုက်ပုံ၌ပစ်ထားသည်ဟု စွပ်စွဲကြွေးကြော်ပြီး ဘုရင်ကောသလကိုတိုင်တန်းကြသည်။ သာဝတ္ထိမြို့ထဲသို့ လှည့်လှည်ကြွေးကြော်ခွင့်ကိုလည်းတောင်းဆိုကြသည်။

ကောသလဘုရင်သည် မဆင်ခြင်ဘဲ တိတ္ထိတို့ကို သာဝတ္ထိမြို့ထဲသို့ လှည့်လှည်ကြွေးကြော်ခွင့်ပြုခဲ့သည်။

တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မအလောင်းကို လေးတိုင်စင်တွင်တင်ပြီး သာကီနွယ်ဖွားရဟန်းဂေါတမသည် သုန္ဒရီပရိဗိုဇ်မနှင့်ကာမဂုဏ်ပျော်ပါးပြီး သတ်ပစ်သည်၊ သာကီနွယ်ဖွား ရဟန်းဂေါတမနှင့်သူတပည့်တို့၏ ရက်စက်ယုတ်မာမှုကို ကြည့်ရှုကြကုန်လော့-ဟု ကြွေးကြော်ပြီး သာဝတ္ထိမြို့ထဲအနှံ့ လိုက်ပြသည်။

မြို့သူ မြို့သားအချို့တို့သည် ဘုရားနှင့်ရဟန်းသံဃာများကို အထင်အမြင်လွဲပြီး စွပ်စွဲပြောဆိုကြသည်။

ရဟန်းများက ဆွမ်းခံကအပြန် ထိုကိစ္စကို ဘုရားရှင်အားလျှောက်ထားသည်။

"ရဟန်းတို့. . . ဤကဲ့ရဲ့သံသည် ကြာရှည်မဖြစ်နိုင်၊ (၇) ရက်သာဖြစ်လိမ့်မည်၊ (၇)ရက်လွန်လျှင် ပျောက်လိမ့်မည်။

ရဟန်းတို့. . . ဤသို့ဖြစ်လျှင် ထိုဆဲရေးကဲ့ရဲ့သူ၊ မဟုတ်မမှန်ပြောလေ့ရှိသူသည် ငရဲရောက်ရ၏။ မကောင်းမှုကိုပြုပြီးလျှင် ငါမပြု ဟု ပြောလေ့ရှိသူသည်လည်း ငရဲရောက်ရ၏၊ ယုတ်ညံ့သောအမှုရှိသော ထိုသူနှစ်ယောက်တို့သည် ဤဘဝမှ စုတေသော် တမလွန်လောကဝယ် ငရဲ၌တူစွာဖြစ်ရတတ်ကုန်၏ ဟု ပြောကြပါကုန်လော့"

ဟု ဘုရားရှင်က ရဟန်းများကိုသင်ကြားပေးခဲ့သည်။

(၇)ရက်စေ့သောနေ့တွင် သုန္ဒရီပရဗိုဇ်မကိုသတ်သော လူမိုက်တို့သည် အရက်သောက်ရင်း အမူးလွန်သောအခါ အချင်းချင်းထုတ်ဖော်ပြောဆိုကြရာမှ အမှုမှန်ပေါ်ခဲ့ပြီး ထိုစွပ်စွဲမှု ပ, ပျောက်သွားခဲ့ရသည်။

ဘုရားရှင်နှင့်ရဟန်းများ ထိုသုန္ဒရီပရဗိုဇ်မအသတ်ခံရမှုနှင့်ပတ်သက်၍ စွပ်စွဲခံရသည်မှာ အဘယ်ကြောင့်နည်းဆိုသော်-

ဂေါတမဘုရားလောင်းသည် တစ်ခုသောဘဝဝယ် လူအများလေးစားကော်ရော်ပူဇော်အပ်သော ဗေဒင်သုံးရပ် တတ်ဖက်ကမ်းခပ်တတ်မြောက်သော ပုဏ္ဏားရသေ့ဆရာကြီးတစ်ဦးဖြစ်ခဲ့ပြီး မဟာဝုန်တော၌ တပည့်ငါးရာတို့ကို ဗေဒင်ပညာသင်ကြားပေးလျက်ရှိသည်။

တစ်နေ့သောအချိန် တပည့်များကို ဗေဒင်သင်ကြားနေချိန်ဝယ် အဘိညာဉ်ငါးပါး၊ သမာပါတ်ရှစ်ပါးနှင့်ပြည့်စုံသော တန်ခိုးရှင် ဘီမသေနအမည်ရှိသော ရသေ့သူမြတ်သည် ထိုမဟာဝုန်တောသို့ ကြွလာသည်။

ထိုရသေ့ကိုမြင်လျှင် ဆရာပုဏ္ဏားရသေ့ကြီးသည် အလိုလို မနာလိုဝန်တိုစိတ်ဖြစ်ပေါ်လာကာ-

"ဤရသေ့ကား ကာမဂုဏ်စည်းစိမ်ခံစားသည့် ရသေ့စဉ်းလဲဖြစ်သည်"

ဟု စွပ်စွဲဆဲရေးလေသည်။

တပည့်များကိုလည်း အလားတူဆဲရေးခိုင်းသည်။ တပည့်များသည် မြို့ရွာများသို့ဆွမ်းခံသွားသည့်အခါ ဆရာ၏ စကားကို အားရဝမ်းသာလက်ခံပြီး ထိုရသေ့အကြောင်း မကောင်းသတင်းကို စွပ်စွဲပြောကြသည်။ မြို့သူမြို့သားများကို လည်း စွပ်စွဲဆဲရေးစေသည်။

ထိုမကောင်းမှုကံကြောင့် သေသောအခါ ငရဲ၌နှစ်ပေါင်း တစ်သောင်းပတ်လုံး ဆင်းရဲဒုက္ခခံရပြီးနောက် ယခုနောက်ဆုံး ဘုရားဖြစ်တော်မူသောကာလဝယ် ထိုတပည့်ငါးရာတို့သည် လည်း တပည့်ငါးရာလာဖြစ်ကြပြီး ဘုရားရှင်ရော ထိုရဟန်းများပါ အစွပ်စွဲခံကြရသည်။ မြို့သူမြို့သားများကို ပြောစေသောအကု သိုလ်ကံကြောင့် မြို့ထဲ၌ကြွေးကြော်ခံခဲ့ကြရသည်။

ထိုအကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင် ဝန်ခံပြီး မိန့်ကြားခဲ့ပါသည်။

မိမိပြုခဲ့သောမကောင်းမှုကံသည် မိမိထံပြန်လာပြီး ထို အကုသိုလ်ကြွေးကို ပေးဆပ်ရသည်မှာ ဓမ္မတာဖြစ်သည့်အတွက် ဝစီနှုတ်ကြမ်း၊ နှုတ်ထွက်မရမ်းကြရန် သတိပြုဆင်ခြင်ကြပါကုန် လော့။

(င) ဝေရဥ္စာမြို့၌ မုယောဆွမ်းကြမ်းဘုဉ်းပေးရသည့် အတိတ်ဝတ္ထု

ဘုရားရှင်သည် (၁၂)ဝါမြောက်တွင် ရဟန်းငါးရာနှင့် အတူ ဝေရဥ္စာပုဏ္ဏားတောင်းပန်လျှောက်ထားမှုကြောင့် ထိုမြို့၌ ဝါကပ်တော်မူသည်။

ဘုရားရှင်ဝါကပ်သောအချိန်တွင် ဝေရဥ္စာမြို့၌ ငတ်မွတ်ခေါင်းပါးမှုဘေးကြီးဆိုက်ရောက်ပြီး ဆင်းရဲသူတို့မှာ သေကြေပျက်စီးရလေသည်။ လူအားလုံးသည်လည်း မဲလက်မှတ်ဖြင့်သာ အသက်မွေးကြရသည်။ ဆွမ်းခံ၍လုံးဝမရပေ။

ထိုအခါ ဥတ္တရပထတိုင်းမှ မြင်းကုန်သည်များသည် မြင်းငါးရာနှင့်အတူ ဝေရဥ္စာမြို့သို့ မိုးကာလရောက်လာကြသည်။ မိုးအလွန်များသောကြောင့် ကုန်းမြင့်ရာ၌ မြင်းတဲများဆောက်ပြီး နိုးနိုကြသည်။

မြင်းကုန်သည်များသည် မြင်းကျွေးရန်ယူလာသော ပြုတ်ပြီးသား မုယောဆန်များကို ရဟန်းတို့အား တစ်ပါးလျှင် တစ်စလယ်စီ ဝတ်ထားပြီး လှူဒါန်းလေသည်။

ရဟန်းများသည် ဝေရဥ္စာမြို့၌ ဆွမ်းခံမရလျှင် ထိုမြင်းတဲသို့သွားပြီး မုယောဆန်ကို အလှူခံကြကာ မချက်တတ်၍ဆုံငယ်တွင်ထည့်ထောင်းပြီး ရေနှင့်ဖျော်ကာ ဘုဉ်းပေးကြရသည်။

မြင်းကုန်သည်တို့သည် ဘုရားရှင်အတွက် မုယောဆန် တစ်စလယ်နှင့်ထိုဆန်အား လျော်သောထောပတ်၊ ပျား၊ သကာ များကိုလှူဒါန်းသည်။ ရှင်အာနန္ဒာက ထိုအရာများကိုယူပြီး ကျောက်ပြင်ပေါ်၌ကြိတ်ပြီးလျှင် ထောပတ်စသည်တို့ဖြင့်ရောစပ် ပြီး ဘုရားရှင်ကိုကပ်လှူရသည်။

ဝေရဥ္စာပုဏ္ဏားသည်လည်း ဘုရားကိုပင့်ထားပါလျက် မာရ်နတ်လှည့်ပတ်မှုကြောင့် ဘုရားရှင်အား ဆွမ်းစီမံပေးရန် မေ့ လျော့နေခဲ့သည်။

ရှင်မောဂ္ဂလာန်က အငတ်ဘေးမှကင်းဝေးရန် မြေဆီ မြေသြဇာကို မြေကြီးကို လှန်ယူခွင့်တောင်းသည်၊ ဘုရားရှင်က ခွင့်မပြု၊ မြောက်ကျွန်းသို့ပြန်ကြွပြီး ဆွမ်းခံခွင့်ပြုရန် လျှောက်ထား သော်လည်း ခွင့်မပြုချေ။

ဝါတွင်းသုံးလပတ်လုံး မြင်းကုန်သည်တို့လှူသော မုယော ဆန်ဖြင့်သာ ဘုဉ်းပေးနေပြီး ဝါကျွတ်သောအခါ ဝေရဥ္စာပုဏ္ဏား ကို ဒေသစာရီကြွမည့်အကြောင်း မိန့်ကြားသည်။

ဝေရဥ္စာပုဏ္ဏားသည် ထိုအခါမှ သတိရပြီးလျှင် ဘုရားရှင် ကိုတောင်းပန်ကာ ဘုရားအမှူးရှိသောသံဃာများကို ကြီးစွာသော အလှူကိုပေးလှူလေသည်။

ဘုရားရှင်သည် ဝေရဥ္စာပုဏ္ဏားကြီး၏ ကြီးကျယ်သော အလှူကိုလက်ခံပြီးနောက် တရားဟောပြီး ဒေသစာရီဆက်လက် ကြွတော်မူသည်။

ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး ဝေရဥ္စာမြို့၌ မုယောဆွမ်းကြမ်း ဘုဉ်းပေးရသည့်ဝဋ်ကြွေးမှာ အဘယ်ကြောင့် ပါနည်းဆိုသော်-

လွန်ခဲ့သော(၉)ကမ္ဘာထက်၌ ဖုဿဘုရားရှင်ပွင့်တော်မူ သည်။ ထိုအချိန်ကာလဝယ် ဂေါတမဘုရားလောင်းသည် မထင် ရှားသောအမျိုးသားတစ်ဦးဖြစ်ပြီး လူဆိုးလူမိုက်များဟူသော မကောင်းသောမိတ်ဆွေများနှင့်ပေါင်းမိပြီး မိမိကိုယ်တိုင်လည်း လူဆိုး၊ လူသွမ်း၊ လူပျက်ဖြစ်နေလေသည်။

အလောင်းတော်လူဆိုး လူသွမ်း လူပျက်သည် ဖုဿဘု ရားရှင်၏တပည့်သာဝကတို့ ဆွမ်းစားသည်တို့ကိုကြည့်ပြီး-

"သင်တို့ မုယောဆွမ်းကြမ်းကိုစားကြပါ၊ ပလေ့ဆွမ်းနုကို မစားသင့်"

ဟု မထိမဲ့မြင်ပြောဆိုပြစ်မှားမိလေသည်။

ဤနှုတ်ထွက်စကားကြမ်းကြောင့် ဘဝပေါင်းများစွာ အပါယ်လေးပါး၌ခံခဲ့ရပြီး ယခုနောက်ဆုံးဘုရားဖြစ်သောဘဝ တွင် ကံကြွင်းလိုက်ကာ ဝေရဥ္စာမြို့၌ မုယောဆွမ်းကြမ်းကို ဘုဉ်း ပေးရလေသည်။

ထိပါးပြောဆိုသော နှုတ်ထွက်စကားကြမ်းမကောင်းမှုကံသည် မျက်နှာကြီးငယ်မရွေး အကျိုးပေးတတ်၍ သူတစ်ပါးအား အထူးသဖြင့် မြင့်မြတ်သောသီလဂုဏ်၊ သမာဓိဂုဏ်ရှိသောသူများကို နှုတ်ဖြင့်မထိပါး၊ မပုတ်ခတ်၊ မပြောမိကြစေရန် အထူးသတိပြုဆင်ခြင်ကြပါလေ။

## ရှင်မဟာကဿပကို နှုတ်ထွက်စော်ကားသောထုလ္လတိဿရဟန်းမ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သက်တော်ရှည် ရှင်မဟာကဿပမထေရ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ရှင်အာနန္ဒာနှင့်အတူ သီတင်းသုံးနေထိုင်သည်။

တစ်နေ့တွင် ရှင်အာနန္ဒာသည် ရှင်မဟာကဿပကို ရဟန်းမများကျောင်းသို့ ကမ္မဋ္ဌာန်းပေး ကြွရောက်ပေးပါရန် လျှောက်ထားသည်။

ထိုသို့လျှောက်ထားရခြင်းမှာ ဘုရားရှင်သည် ရှင်မဟာကဿပကို မိမိအတူပြု၍ မိမိအရာ၌ထားတော်မူလေရာ ဘုရားရှင်နှင့်အတူပြုကာ ဘုရားအရာ၌ထားခံရသော သာဝက၏စကားကို ပို၍ပင် ယုံကြည်လေးစားမြတ်နိုးကြလိမ့်မည် ဟူသောယုံကြည်ချက်ဖြင့် ရှင်မဟာကဿပကို ရှင်အာနန္ဒာက တောင်းပန်လျှောက်ထားခြင်းဖြစ်သည်။

ရှင်မဟာကဿပသည် ပထမအကြိမ်၊ ဒုတိယအကြိမ် "အာနန္ဒ သင်သာသွားပါ" ဟုမိန့်ကြားသည်။

တတိယအကြိမ်လျှောက်ထားသောအခါ ရှင်မဟာကဿပသည် ရှင်အာနန္ဒာနှင့်အတူလိုက်ရန်ဆုံးဖြတ်ပြီး ရှင်အာနန္ဒာညွှန်းသော ရဟန်းမကျောင်းသို့ ရှင်အာနန္ဒာကိုနောက်လိုက်ပြုကာကြွလေသည်။

မထေရ်နှစ်ပါး ရဟန်းမကျောင်းသို့ရောက်ပြီး ခင်းထားသောနေရာ၌နေသောအခါ ရဟန်းမများသည် လာရောက်ရှိခိုးကြပြီး ရှင်မဟာကဿပဟောသော ကမ္မဋ္ဌာန်းတရားကို နာယူကြသည်။

ရှင်မဟာကဿပနှင့်ရှင်အာနန္ဒာတို့သည် ကမ္မဋ္ဌာန်းတရားဟောပြီးနောက် ဇေတဝန်ကျောင်းသို့ပြန်ကြွသွားသည်။

ကမ္မဋ္ဌာန်းနာသောရဟန်းမတို့တွင် ထုလ္လတိဿ အမည်ရှိသောရဟန်းမသည် ရှင်မဟာကဿပကို အထင်အမြင်သေးကာ မနှစ်မြို့သောစိတ်၊ အလိုမကျသောဒေါသစိတ်ဖြင့်-

"အရှင်မဟာကဿပဆိုသောရဟန်းသည် တောကျောင်းနေ ပံသုကူဓုတင်ဆောင်ဖြစ်ပါလျက် ပညာရှိတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဖြစ်သော အရှင်အာနန္ဒာ၏ရှေ့မှောက်၌ တရားဟောသင့်၏-ဟု မှတ်ထင်နေဘိပါ၏။ အပ်ကုန်သည်သည် အပ်

လုပ်သူထံမှာ အပ်ရောင်းသင့်၏ ဟုမှတ်ထင်သလို အလားတူပင် ရှင်မဟာကဿပသည် ပညာရှိတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာ၏ရှေ့မှောက်၌ တရားဟောသင့်၏ ဟု မှတ်ထင်မိ၏"

ဟု ကဲ့ရဲ့စကားပြောဆိုလေသည်။

ထုလ္လတိဿရဟန်းမသည် ရှင်မဟာကဿပကို ကဲ့ရဲ့ ပြစ်တင်သော နှုတ်ထွက်စကားကြမ်းကြောင့် မထေရ်နှစ်ပါး ကျောင်းမှထွက်သည်နှင့်တစ်ပြိုင်နက်တည်း ထုလ္လတိဿရဟန်းမ ၏သင်္ကန်းတို့သည် ဆူးခက်ကဲ့သို့လည်းကောင်း၊ ယားစေတတ်သောသစ်ခက်ကဲ့သို့လည်းကောင်း၊ ခန္ဓာကိုယ်ကို ကိုက်ခဲလေ သည်။

ထုလ္လတိဿသည် ခန္ဓာကိုယ်တစ်ခုလုံးခံစားခံရသဖြင့် ယားယံကာ သက်သာရာမရ၊ မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး သင်္ကန်း ချွတ်၍ အဝတ်ဖြူကိုဝတ်လေသည်။

သင်္ကန်းချွတ်လျှင်ချွတ်ခြင်း စိတ်သက်သာရာ ရလေ သည်။ မြင့်မြတ်သော ရဟန္တာရှင်မဟာကဿပမထေရ်မြတ်ကို နှုတ်ထွက်စော်ကားသော နှုတ်စကားကြမ်းကြောင့် ဤကဲ့သို့ ချက်ချင်းခံစားရခြင်းဖြစ်လေသည်။

**(နိဒါနဝဂ်ဂ် ကဿပသံယုတ် ဥပဿယသုတ်)**

## အရှင်ပိလိန္ဒဝစ္ဆမထေရ်နှင့်ပိတ်ချင်းသီးသည်၏ဘဝဖြစ်ဇာတ်

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဘဝငါးရာတို့ကာလပတ်လုံး ဆက်တိုက် သူတစ်ဖက်သားကို "သူယုတ်" ဟုခေါ် ဝေါ် ပြောဆိုသောအလေ့အကျက် အထုံဝါသနာပါခဲ့သူဖြစ်သည်။

တစ်နေ့တွင် အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတော်မူရာ ပိတ်ချင်းသီးများ ခွက်အပြည့်ထည့်ယူလာသော ယောကျ်ားတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ဆုံမိ၍-

"သူယုတ်. . . သင့်ခွက်ထဲက ဘာတွေလဲ"

ဟု မေးလိုက်မိသည်။

ပိတ်ချင်းသီးယောကျ်ားသည် သူယုတ် ဟုအခေါ် ခံရ၍ ဒေါသအမျက်ထွက်သွားသည်။

"ဒီရဟန်းကား စောစောစီးစီးပင် ငါ့အားနိမိတ်မကောင်း မင်္ဂလာမရှိသော သူယုတ် ဟူသောစကားဖြင့် ကြမ်းတမ်းရိုင်းပျစွာပြောဘိ၏။ သူ့စကားနှင့်လိုက်လျောသော၊ ကြမ်းတမ်းရိုင်းပျသောစကားကို ငါပြန်ပြောမှသင့်မည်"

ဟု ကြံစည်တွေးတောပြီးလျှင်-

"ခွက်ထဲမှာ ကြွက်ချေးတွေပါဘုရား"

ဟူ၍ ဒေါသဖြင့် ကြမ်းတမ်းရိုင်းပျစွာပြန်ပြောလိုက်သည်။

"ဟယ် သူယုတ်. . . သင်ပြောသည့်အတိုင်း ကြွက်ချေးတွေပင်ဖြစ်လိမ့်မည်"

ဟု မိန့်တော်မူပြီး ရှေ့ဆက်ကြွသွားတော်မူသည်။

ထိုခဏမှာပင် ယောကျ်ား၏ခွက်ထဲရှိ ပိတ်ချင်းသီးများသည် ကြွက်ချေးတွေချည်းဖြစ်ကုန်သည်။

ရဟန္တာမထေရ်အပေါ် ပြစ်မှားပြောဆိုမိသော နှုတ်ထွက်ကြမ်းစကားအကျိုးသည် ချက်ချင်းအကျိုးပေးတော့သည်။

ယောကျ်ားသည် "ငါ့ပိတ်ချင်းသီးတွေ ကြွက်ချေးလို့ထင်မြင်နေရသည်၊ ကြွက်ချေးတွေဖြစ်ကုန်သလော" ဟု လက်ဖြင့်နှိုပ်ကြည့်လေသည်။ ပိတ်ချင်းသီးများအားလုံး ကြွက်ချေးတွေဖြစ်နေသည်ကို တွေ့မြင်ရလေသည်။

ယောကျ်ားသည် အလွန်အံ့သြတုန်လှုပ်ပြီး စိတ်မချမ်းမသာ ခံစားသွားရသည်။

"ဒီခွက်ထဲက အသီးတွေသာကြွက်ချေးဖြစ်သွားသလား၊ ငါ့လှည်းပေါ်ကအသီးတွေကော ဘယ်လိုလဲ" ဟုတွေးမိပြီး လှည်းကိုပြန်ကြည့်သည်။ လှည်းပေါ်က ပိတ်ချင်းသီးတွေအားလုံးလည်း ကြွက်ချေးတွေဖြစ်နေသည်ကို အံ့သြတုန်လှုပ်စွာတွေ့ရလေသည်။

ယောကျ်ားသည် အလွန်ပင်စိတ်မချမ်းမသာဖြစ်သွားပြီး ရင်ဘတ်ကိုလက်ဖြင့်ဖိထားပြီး-

"ဤလက်ချက်ကား အခြားသူလက်ချက်မဟုတ်၊ စော စောကတွေ့ခဲ့သောရဟန်း၏လက်ချက်ပဲဖြစ်ရမည်။ ဤရဟန်းသည် ပဉ္စလက်အတတ်ကိုတတ်သည်ဖြစ်ရမည်။ ငါသည် သူ၏နောက်သို့လိုက်၍ ဤအကြောင်းကိုသိအောင်ပြုလုပ်ရမည်" ဟု ဆုံးဖြတ်ချက်ချပြီး ရဟန်းထွက်သွားရာဘက်သို့ ရေးကြီးသုတ်ပြာနှင့်လိုက်လေသည်။

ဒေါသထွက်ကာပြေးသွားနေသော ပိတ်ချင်းသီးသည် ယောကျ်ားကို အခြားတစ်ယောက်ကတွေ့၍ အကျိုးအကြောင်း မေးသည်။ ပိတ်ချင်းသီးသည်ကလည်း အကြောင်းစုံပြောပြသည်။

"မိတ်ဆွေ. . . ထွေရာလေးပါး စိတ်အကြံများမနေနှင့်၊ ဤအဖြစ်သည် ကျွန်ုပ်တို့၏ဆရာသခင် အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ပင်ဖြစ်လိမ့်မည်။ သင်သည် ဤခွက်၌ ရှိရင်းကြွက်ချေးများ အပြည့်ထည့်ယူသွား၍ မထေရ်မြတ်ရှေ့မှာပင် ရပ်ပါ။ ထိုအခါ မထေရ်မြတ်က-ဟဲ့. . သူယုတ် သင့်ခွက်ထဲမှာပါတဲ့အရာတွေက ဘာတွေလဲလို့မေးပါလိမ့်မယ်။ ထိုသို့မေးသည့်အခါ သင်က ပိတ်ချင်းသီးတွေပါ အရှင်ဘုရားလို့လျှောက်ပါ။

အဲဒီအခါမှာ မထေရ်မြတ်က ဟယ် သူယုတ်. . . သင်ပြောသည့်အတိုင်း ပိတ်ချင်းသီးတွေဖြစ်ပေလိမ့်မယ်လို့ မိန့်တော်မူလိမ့်မယ်။ အဲဒီအခါမှာ ခွက်ထဲမှာပါတဲ့ကြွက်ချေးရော၊ လှည်းပေါ် ရှိကြွက်ချေးတွေရော ပိတ်ချင်းသီးတွေပြန်ဖြစ်လိမ့်မယ်"

ဟု အကြံပေးစကားပြောပြီး မထေရ်သွားရာသို့ လမ်းညွှန်ပေးလိုက်သည်။

ပိတ်ချင်းသီးဂါည်ယောကျ်ားသည် မိတ်ဆွေအကြံပြုသည့်အတိုင်းဆောင်ရွက်ခဲ့ရာ အားလုံးပိတ်ချင်းသီးများ ပြန်ဖြစ်ကုန်ရသည်။

ဤအဖြစ်အပျက်တွင် အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ သူယုတ်ဟူသောစကားသည် နှုတ်ထွက်ကြမ်းသော်လည်း စေတနာမပါသောကြောင့် ဖရုသဝါစာမဖြစ်ပါ။

ပိတ်ချင်းသီးသည်ယောကျ်ား၏စကားမှာ ဒေါသစေတနာပါပြီး မြင့်မြတ်သောရဟန္တာမထေရ်ကို ပြစ်မှားစော်ကားမိသောကြောင့် ဖရုသဝါစာဖြစ်ပြီး ဤကဲ့သို့ကြွက်ချေးဖြစ်ခြင်း ဟူသော ဒိဋ္ဌအကျိုးကို ရရှိခြင်းဖြစ်ပါသည်။

## နှုနာခွဲကပ်နေရသော သမိတိဂုတ္တမထေရ်၏ နှုတ်ကြမ်းဝဋ်ကြွေး

သမိတိဂုတ္တမထေရ်လောင်းသည် ဝိပဿီဘုရားလက်ထက်တွင် အမျိုးကောင်းသားတစ်ဦးဖြစ်ခဲ့ပြီး ဘုရားရှင်ကိုဖူးတွေ့ရသောအခါ ကြည်ညိုသဖြင့် မြတ်လေးပန်းများဖြင့်ပူဇော်ခဲ့သည်။

ထိုကုသိုလ်ကြောင့် ဖြစ်လေရာဘဝတိုင်းဝယ် အမျိုး၊ အဆင်း၊ အခြံအရံတို့နှင့်ပြည့်စုံကာ သူမတူအောင်နေထိုင်ခဲ့ရသည်။

ထို့နောက် ဘဝတစ်ခုတွင် နှုတ်သရမ်းသောအမျိုးသား ဖြစ်ပြီး သက်နိုးခြုံရုံ၍ဆွမ်းခံလှည့်လည်လာသော ပစ္စေကာဗုဒ္ဓါ တစ်ပါးကိုတွေ့မြင်လေလျှင် နှုတ်ကသရမ်းပြီး-

"ဤကတုံးရဟန်း နူနေပုံရသည်၊ နူနေသည့်အတွက် ကြောင့် သက်နိုးကိုခြုံရုံ၍လှည့်လှည်လာတာဖြစ်လိမ့်မည်"

ဟု ကဲ့ရဲ့စွပ်စွဲပြီး တံထွေးနှင့်ထွီခနဲထွေးကာ ထွက်ခွာ သွားလေသည်။

ထိုအမျိုးသားသည် ထိုနှုတ်ထွက်ဝစီကံကြောင့် ငရဲ၌ အချိန်ကြာမြင့်စွာ ခံခဲ့ရသည်။

ကဿပဘုရားရှင်လက်ထက်တွင် လူလာဖြစ်ပြန်သည်။ အရွယ်ရောက်သော် ပရိဗိဇ်ရဟန်းပြုကာ တစ်နေ့တွင် အကျင့် သီလနှင့်ပြည့်စုံသော ဥပါသကာတစ်ယောက်ကို စိတ်အလိုမကျ ဖြစ်ပြီး ဒေါသထွက်ကာ "လူနူ" ဟူ၍ဆဲရေးလေသည်။

ယခု ဂေါတမဘုရားရှင်လက်ထက်တွင်မူ သာဝတ္ထိမြို့၌ မထင်ရှားသော ပုဏ္ဏားတစ်ယောက်၏သားလာဖြစ်သည်။ မိဘ တို့က "သမိတိဂုတ္တ" ဟုအမည်ပေးခဲ့သည်။

သမိတိဂုတ္တသည် အရွယ်ရောက်လတ်သော် ဘုရားရှင် ၏တရားကိုနာကြားရပြီး သဒ္ဓါတရားဖြစ်ကာ ရဟန်းပြုလေသည်၊ သီလကိုအလွန်စင်ကြယ်အောင် စောင့်ထိန်းလေ့ရှိသည်။

အတိတ်ဘဝများစွာက ရှင်ပစ္စေကဗုဒ္ဓါကို လူနူ ဟု စွပ်စွဲ ကဲ့ရဲ့မှု၊ သီလရှိသောဥပါသကာကို လူနူ ဟုဆဲရေးမှု အကုသိုလ် ကံဝစီနှုတ်ထွက်ကြောင့် နူနာရောဂါစွဲကပ်ခံရလေသည်။

နူနာရောဂါကြောင့် မထေရ်၏ကိုယ်မှ အနာများကွဲပြတ် ကာ အရည်များယိုစီးကျသောကြောင့် ဂိလာနအဆောင်တွင်နေ ရသည်။

တစ်နေ့တွင် ရှင်သာရိပုတ္တရာသည် လူနာလာမေးရင်း "ငါ့ရှင် ခန္ဓာရှိနေသမျှကာလပတ်လုံး ဝေဒနာရှိနေမည်သာဖြစ် သည်၊ ခန္ဓာမရှိမှသာ ဒုက္ခဝေဒနာမရှိမည်"

ဟု ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ဟောတော်မူသည်။

သမိတိဂုတ္တမထေရ်သည် အရှင်သာရိပုတ္တရာ၏ဩဝါဒ ကို ခံယူ၍ ဝိပဿနာတရားအားထုတ်ရာ မကြာခင် ဆဋ္ဌာဘိညာ ရဟန္တာဖြစ်သွားရသည်။

ပါရမီရှင်ရဟန္တာပင်ဖြစ်စေကာမူ အတိတ်ဘဝကပြော ဆိုမိခဲ့သော ဝစီနှုတ်ထွက်ကြမ်းစကားသည် ယခုဘဝတွင် ကံကြွင်း အဖြစ် လိုက်လံအကျိုးပေးသည်ကို သတိပြုကြပါ။

(သမိတိဂုတ္တထေရဂါထာ)

ရေမျှောခံရသော ဧဉ့်လသူဌေး၏ နတ်ကြမ်းဝင့်ကြွေး

ဗာရဏသီ၌ အလွန်အဆင်းလှသောသူဌေးသမီးတစ်ဦး ရှိသည်။ ထိုသမီးအရွယ်ရောက်သောအခါ သူဌေးက သမီးကို ခုနစ်ထပ်ရှိသော ပြာသာဒ်အပေါ်ဆုံးထက်၌ ကျွန်မတစ်ယောက် အစောင့်အရှောက်ပေးပြီးထားသည်။

တစ်နေ့တွင် ထိုသူဌေးသမီးသည် ကောင်းကင်မှပျံလာသောဝိဇ္ဇာဓိုရ်တစ်ယောက်နှင့် တွေ့ဆုံချစ်ကြိုက်မိပြီး ကိုယ်ဝန်ရှိလာသည်။ ထိုကိုယ်ဝန်ကို မည်သူမျှမသိအောင်လုံခြုံစွာထိန်းပြီး (၁၀)လပြည့်သောအခါ သားလေးမွေးဖွားသည်။

ထိုသားကို အိုးသစ်တစ်လုံးတွင်ထည့်ပြီး ကျွန်မကို ရေမျှောခိုင်းခဲ့သည်။

ထိုအိုးကို ဂင်္ဂါမြစ်၌ရေချိုးနေသောမိန်းမနှစ်ဦးကတွေ့၍ အရင်တွေ့သူအမျိုးသမီးက မျောလာသောအိုး ငါ့အိုး ဟုပြော သည်။ ဒုတိယအမျိုးသမီးကလည်း အိုးထဲကပစ္စည်း ငါ့ပစ္စည်း ဟု ပြောသည်။

အိုးအနီးရောက်၍ဖွင့်ကြည့်သောအခါ သူငယ်ကိုတွေ့ကြသည်။ ရေချိုးအမျိုးသမီးနှစ်ဦးသည် ထိုကလေးနှင့်ပတ်သက်၍ သူပိုင်-ငါပိုင်အငြင်းအခုန်ဖြစ်ကြရာ မင်းထံသွားရောက်အဆုံးအဖြတ်ခံကြရသည်။ မင်းက-

" ပထမမိန်းမကို အိုးကိုပိုင်စေ၊ ဒုတိယမိန်းမ ကလေးကို ပိုင်စေ" ဟုအမိန့်ချမှတ်ပေးလိုက်သည်။

သူငယ်ကိုရသောမိန်းမသည် အရှင်မဟာကစ္စည်းမထေရ်၏ ဆွမ်းအမဖြစ်နေသည်။ ဒီသူငယ်ကို မထေရ်မြတ်ထံမှာ ရှင်ပြုပေးမည် ဟုံရည်ရွယ်ပြီး ကလေးကိုကောင်းမွန်စွာမွေးမြူထားသည်။

သူငယ်သည် ဖွားစဉ် အညစ်အကြေးများကို ဆေးကြောသုတ်သင်မှုမပြုသည့်အတွက် ဆံပင်များရှုပ်ထွေးနေလေသည်။ ထိုသို့ ဆံပင်များရှုပ်ထွေးလျက်ရှိသောကြောင့် သူငယ်ကို ဇဋိလ (ရှုပ်ထွေးသောဆံပင်ရှိသူ) ဟုနာမည်ပေးထားသည်။

မွေးစားမိခင်သည် ကလေးငယ် ပြေးလွှားသွားနိုင်သောအရွယ်တွင် ရှင်မဟာကစ္စည်းထံ၌ ရှင်ပြုပေးရန်အပ်နှံလေသည်။

သူငယ်သည် ငယ်ကလည်းငယ်၊ ဉာဏ်လည်းမရင့်ကျက်သေးသဖြင့် မထေရ်သည် ကလေးကိုခေါ်ယူထားကာ တက္ကသိုလ်မြို့ရှိ ကုန်သည်တစ်ဦးထံတွင်-

"ဤသူငယ်မှာ ရှင်ရဟန်းပြုမည့်သူဖြစ်သည်၊ ယခု ငယ်သေး၍ သင့်ထံမှာခဏနေပါစေ " ဟု အပ်နှံထားသည်။

ကုန်သည်သည် သူငယ်ကို သားအဖြစ် မွေးစားထားသည်။

တစ်နေ့တွင် ကုန်သည်သည် မိမိ၏ရောင်းချ၍မရသော ကုန်တို့ကို အသက်(၁၂)နှစ်သာရှိသေးသော ဇင်္ဂိုလကို ဈေးသို့ပို့ကာ ရောင်းချခိုင်းပြီး မိမိကမူ ခရီးထွက်သွားသည်။

ဇင်္ဂိုလသည် ထို(၁၂)နှစ်ကြာရောင်းမစွံသောပစ္စည်းများကို တစ်နေ့တည်းနှင့်ပင် ကုန်အောင်ရောင်းချပေးခဲ့သည်။ ကုန်သည်သည် ပြန်ရောက်သောအခါ အလွန်အံ့အားသင့်ပြီး ဤကလေးသည် ဘုန်းကံရှိသူဖြစ်သည် ဟု ဆုံးဖြတ်ပြီး အရွယ်ရောက်သောအခါ မိမိ၏သမီးနှင့်ပေးစားသည်။ အိမ်လည်းခွဲ၍ဆောက်လုပ်ပေးသည်။

ဇင်္ဂိုလသည် အိမ်သစ်သို့လှေကားတစ်ထစ်တက်စဉ်မှာပင် အိမ်နောက်ဖေး၌ အတောင်(၆၀)မြင့်သောရွှေတောင်ကြီး ပေါက်လာသည်။ ထိုအချိန်မှစ၍ ဇင်္ဂိုလသူဌေး ဟုထင်ရှားကျော်ကြားခဲ့သည်။

နောက် အရွယ်အိုမင်းသော် ဇင်္ဂိုလသည် ဘုန်းကံရှိသောသားအငယ်ဆုံးကို ပစ္စည်းများအပ်နှံပြီး ရဟန်းပြုရာ ရဟန်းပြုပြီးသုံးရက်အတွင်းတွင် ရဟန္တာဖြစ်လေသည်။

ဤမျှဘုန်းကံကြီးသောပါရမီရှင်ကြီးသည် အဘယ်ကြောင့် မွေးပြီးပြီးချင်း ရေမျှောခံရပါသနည်းဆိုသော်-

ဇင်္ဂိုလလောင်းသည် ကဿပဘုရားရှင်လက်ထက်တွင် ရွှေပန်းထိမ်သည် တစ်ဦးဖြစ်သည်။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၍ ဓာတ်တော်များကို ဓာတုစေတီတည်ကြသည်။ ရဟန္တာမထေရ်မြတ်တစ်ပါးသည် စေတီတည်ရာသို့ သွားရောက်ကြည့်ရှုလျှင် မြောက်ဘက်မုခ် အုတ်မစီရသေးသည်ကိုမြင်၍-

"ဒါယကာတို့. . . အဘယ်အတွက်ကြောင့် စေတီတော် မြောက်ဘက်မုခ်ကို အုတ်မစီကြပါသလဲ" ဟု မေးသည်။

"ရွှေသားမလောက်သောကြောင့်ပါဘုရား" ဟု လျှောက်ထားကြသည်။

"ငါမြို့ထဲသွား၍ ရွှေလှူဖို့တိုက်တွန်းမည်။ သင်တို့ရှိသေစွာပြုလုပ်ကြ"

ဟုမှာကြားပြီး မြို့ထဲသို့ကြွကာ ဒါယကာများကို စေတီတော်မြောက်ဘက် ရွှေသားအုတ်မလောက်ကြောင်း မိန့်ကြားသည်။

ပန်းထိမ်သည်မှာ ဇနီးနှင့်ရန်ဖြစ်ပြီးထိုင်နေစဉ် မထေရ်ကရောက်သွား၍ စေတီတော်အတွက် ရွှေအုတ်လိုကြောင်း မိန့်ကြားသည်။

ပန်းထိမ်သည်သည် ဇနီးအပေါ် ဒေါသထွက်နေခိုက်ဖြစ်သဖြင့် ရဟန္တာကို "ရွှေအုတ်မလောက်လျှင် သင့်ဘုရားရေထဲ မျှောပစ်လိုက်" ဟု ရိုင်းစိုင်းစွာ ပြောလိုက်လေသည်။

ထိုအခါ ဇနီးက "ရှင်အလွန်ရှုန့်ရင်းကြမ်းတမ်းသည့် မကောင်းမှုကို ပြုအပ်ပေပြီ။ ကျွန်မကို စိတ်ဆိုးလျှင် ကျွန်မကိုသာ ဆဲချင်ဆဲ၊ ရိုက်ချင်ရိုက်ပေါ့။ အဘယ်ကြောင့် ဘုရားရှင်ကို ပြစ်မှား ရန်ပြု ပြောရပါသလဲ"

ဟု အပြစ်တင်ပြောဆိုသည်။

ရွှေပန်းထိမ်သည်သည် ထိုခဏမှာပင် သတိသံဝေဂကြီး စွာရသွားပြီး-

"အရှင်ဘုရား . . တပည့်တော်ကိုသည်းခံတော်မူပါ" ဟု လျှောက်ထားသည်။

"ဒါယကာ . . သင်က ငါ့ကိုပြစ်မှားပြောဆိုသည်။ မဟုတ်။ ဘုရားရှင်ကိုသာ ပြစ်မှားပြောဆိုသည်ဖြစ်၍ ဘုရားရှင် ကိုသာ ကန်တော့ပါ"

"အရှင်ဘုရား. အဘယ်ကဲ့သို့ကန်တော့ရပါမည်နည်း"

"ရွှေပန်းခိုင်စိုက်ရွှေပန်းအိုးသုံးလုံးလုပ်ပြီး ဓာတ်တော် တိုက်အတွင်း ဌာပနာသွင်း၍ ဆံပင်စိုအောင်ရေလောင်းကာ အဝတ်စိုဝတ်လျက် ကန်တော့ရမည်"

"ကောင်းပါပြီ အရှင်ဘုရား"

ရွှေပန်းထိမ်သည်သည် ထိုသို့ဝန်ခံပြီး သားကြီး၊ သား လတ်တို့ကို ရွှေပန်းခိုင်ပြုလုပ်ရန် အကူအညီတောင်းသည်။ သား ကြီး၊ သားလတ်တို့က-

"အဖေကို ကျွန်တော်တို့က ဘုရားဖြစ်မှားစကားပြော ခိုင်းတာမှမဟုတ်ဘဲ။ အဖေ့ဘာသာ အဖေသဘောအတိုင်း ပြော ခြင်းဖြစ်၍ အဖေဘာသာ အဖေကိုယ်တိုင်ပြုလုပ်ပါ"

ဟုဆိုပြီး ငြင်းပယ်ခဲ့ကြသည်။

သားငယ်ကိုအကူအညီတောင်းသောအခါ ဖခင်ကိစ္စ အဝဝတာဝန်သည် သား၏တာဝန်ဖြစ်သည် ဟုပြောဆိုပြီး ကူညီ လုပ်ပေးသည်။

(နောင်တစ်ချိန် ဇဋိလက ရဟန်းဝတ်ခါနီး သားကြီး သားလတ်တို့ကို ရွှေတောင်ကိုပေါက်ခိုင်းသောအခါ ပေါက်မရ ကြ၊ သားငယ်ပေါက်မှရ၍ သားငယ်ကို ဥစ္စာပစ္စည်းလွှဲသည်မှာ ဤကုသိုလ်အကျိုးဖြစ်သည်)

ရွှေပန်းထိမ်သည်သည် ရွှေပန်းခိုင်များပြုလုပ်ပြီး ဘုရား ကိုပူဇော်ခဲ့သည်။

ဤမျှ တောင်းပန်ကန်တော့ခဲ့သော်လည်း ပြောဆိုစော် ကားမိသောပုဂ္ဂိုလ်ကား အတုမရှိဘုရားရှင်ဖြစ်နေသောကြောင့် ငရဲကျသော အကုသိုလ်မခံစားရသော်လည်း (၇)ဘဝတိုင် ရေ မျှောခံခဲ့ရပါသည်။

ဒေါသဖက်လျက် နှုတ်ထွက်စကားကြမ်းတစ်ခွန်းသည် မည်မျှလောက် ဆင်းရဲအကျိုးပေးသည်ကို သိကြပါလေ။

## ဘားကျွမ်းသည် ဥဂ္ဂသေနလင်မယားတို့၏ အတိတ်ဇာတ်နှင့်ထွက်ဝင့်ကြွေး

ဥဂ္ဂသေနသည် ရာဇဂြိုဟ်မြို့တွင်ထင်ရှားသောသူဌေးသားတစ်ဦးဖြစ်ပါသည်။

တစ်နေ့တွင် ရာဇဂြိုဟ်မြို့သို့ ကျွမ်းဘားအဖွဲ့ လာရောက်ပြ၍ ဥဂ္ဂသေနသူငယ်ချင်းတစ်စုတို့ ဘာကျွမ်းကပွဲသို့ သွားရောက်ကြည့်ရှုကြသည်။

ဘားကျွမ်းမယ်ကလေးသည် ကောင်းကင်ဝါးတန်းပေါ်တွင် ကျွမ်းထိုးပြ၍ ဝါးတန်းပေါ်မှာပင် အလှအပစုံလင်စွာဖြင့် လမ်းလျှောက်ပြသသည်။ ပွဲကြည့်ပရိသတ်များက ဆုတော်ငွေများ တစ်ခဲနက် ချီးမြှင့်မြှောက်စား အားပေးခြင်းခံရသည်။

ဥဂ္ဂသေနသူဌေးသားသည် ထိုဘားကျွမ်းမယ်ကလေးကို မြင်ရသည့်ခဏမှာပင် အလွန်နှစ်သက်စွဲလမ်းသွားပြီး ဒီဘားကျွမ်းမယ်မှမရလျှင် သေရပါလိမ့်မည် ဟု မိဘတို့ကိုပွင့်လင်းစွာပြောပြီး အစာမစားဘဲ ခုတင်ပေါ်၌ အိပ်နေတော့သည်။

သားကိုချစ်ဇောအားကြီးသောမိဘတို့သည် ငဲ့သောအားဖြင့် ဘားကျွမ်းမယ်ကို သဘောမကျသော်လည်း သား၏အသက်ရှင်တာမြင်နေရလျှင်တော်သေးသည် ဟုသဘောပိုက်ပြီး ဘားကျွမ်းမယ်၏ဖခင်ထံသို့ အောင်သွယ်စေလွှတ်ပြီး တောင်းရမ်းစေသည်။

ဘားကျွမ်းမယ်၏ဖခင်ကြီးကလည်း သူ့သမီးကိုတော့ မထားပစ်နိုင်၊ ဇာတ်ပွဲကိုလည်း မဖျက်သိမ်းနိုင်၊ သမီးကိုဆက်က ခွင့်ပြုက ထိမ်းမြားပေးစားပါမည် ဟုပြန်ပြောသည်။

ဥဂ္ဂသေနသူဌေးသားက သဘောတူ၍ ထိုဘားကျွမ်းမယ်နှင့်လက်ထပ်ခဲ့သည်။ ဘားကျွမ်းမယ်ကပြရာ အမြို့မြို့ အနယ်နယ်သို့ ဥဂ္ဂသေနသူဌေးသားသည် အထုပ်စောင့်၊ လှည်းစောင့်အဖြစ် လိုက်ပါခဲ့ရသည်။

မကြာခင် သားတစ်ယောက်မွေးဖွားခဲ့သည်။ ဘားကျွမ်းမယ်သည် သားကိုမြှူတူးပျော်ပါး ကျီစယ်သောအခါ-

"လှည်းစောင့်ကြီးရဲ့သား၊ ဘဏ္ဍာထမ်းကြီးရဲ့သား ဘာအတတ်ပညာမှမတတ်သူရဲ့သား အိပ်ပါတော့လား"

ဟု ဥဂ္ဂသေနကို စောင်းချိတ်၍ပြောလေသည်။

ဥဂ္ဂသေနသူဌေးသားသည် ဘားကျွမ်းမယ်ကို မိမိအား စောင်းချိတ်၍ပြောသလား ဟုမေးရာ ဘားကျွမ်းမယ်ကလည်း ဟုတ်ကြောင်းပြောသည်။

ဥဂ္ဂသေနသည် မိမိမယား၏ အထင်မြင်သေးခြင်းကို မခံလို၍ ယောက္ခမဖခင်ကိုခွင့်ပန်၍ ဘားကျွမ်းအတတ်ပညာကို ကိုယ်တိုင်သင်ယူလေသည်။ တတ်မြောက်သောအခါ ကိုယ်တိုင် ဇာတ်စင်ပေါ်တက်၍ ကပြဖျော်ဖြေတော့သည်။

တစ်ချိန်တွင် ရာဇဂြိုဟ်မြို့ဝယ် နံနက်ခင်းအချိန်တွင် ဘားကျွမ်းပြပွဲပြုလုပ်လေသည်။ ဥဂ္ဂသေနသည် အတောင်ခြောက်ဆယ်မြင့်သောဝါးလုံးအိမ်၌ ရပ်လျက် ကောင်းကင်မှာ ခုနှစ်ပတ်လည်အောင် ကျွမ်းပစ်လျက် ကောင်းကင်မှဆင်းကာ ဝါးလုံးထိပ်မှာရပ်ပြသည်။

ဘုရားရှင်သည် ဥဂ္ဂသေန ယနေ့ကျွတ်တမ်းဝင်မည်ကို သိ၍ ထိုနေ့နံနက် ဥဂ္ဂသေန ဘားကျွမ်းပြရာနေရာသို့ ဆွမ်းခံကြွရောက်သည်။

ပွဲကြည့်ပရိသတ်သည် ဘုရားရှင်ကြွလာသောအခါ ဥဂ္ဂသေနဘားကျွမ်းကို မကြည့်ကြတော့ဘဲ ဘုရားရှင်ကိုသာ ဖူးမြော်နေကြတော့သည်။

ထိုအခါ ဥဂ္ဂသေနသည် ဝါးလုံးထိပ်မှအကဲခတ်ကြည့်သည်။ ပရိသတ်က မိမိကိုမကြည့်ဘဲ ဘုရားရှင်ဘက်ကိုသာအာရုံပြုပြီး ဖူးမြော်နေကြသည်ကိုမြင်သည်။

"ငါ ပင်ပင်ပန်းပန်းအသက်စွန့်ပြရခြင်းသည် အချည်းနှီးသာ ဖြစ်ချေပါပကောလား"

ဟု စဉ်းစားမိပြီး စိတ်ဓာတ်ကျသွားသည်။

ဘုရားရှင်သည် ဥဂ္ဂသေနစိတ်ဓာတ်ကျသည်ကို သိတော်မူ၍ ရှင်မောဂ္ဂလာန်ကို ဥဂ္ဂသေနထံစေလွှတ်ပြီး ဘားကျွမ်းကို ဆက်ကပြစေသည်။

"ငါ၏ဘားကျွမ်းကို ဘုရားရှင်ကကြည့်ချင်လို့ဖြစ်မှာပဲ" ဟုစဉ်းစားပြီး ဥဂ္ဂသေနသည် ဘားကျွမ်းဆက်လက်ကပြပြီး ဝါးလုံးထိပ်၌ရပ်သည်။

ထိုအခါ ဘုရားရှင်က ဥဂ္ဂသေနကို ခန္ဓာငါးပါးဆင်းရဲပုံ၊ မမြဲပုံ၊ အစိုးမရပုံတို့ကို တရားဟောတော်မူရာ ဥဂ္ဂသေနသည် ဝါးလုံးထိပ်၌ရပ်လျက်ပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်လေသည်။

ဥဂ္ဂသေနက ရဟန်းပြုခွင့်ပေးရန်တောင်းပန်၍ ဘုရားရှင်က "ဧဟိဘိက္ခု" ခေါ်လိုက်ရာ တစ်ခဏမှာပင် ကျွမ်းသမားအသွင်ပျောက်ပြီး ပရိက္ခရာရှစ်ပါးဝတ်ရုံဆင်မြန်းပြီးဖြစ်သော မထေရ်မြတ်အသွင် ဖြစ်ပေါ်လာသည်။

လင်ယောကျ်ားရဟန္တာဖြစ်သွားလျှင် မယားဖြစ်သူ ဘားကျွမ်းမယ်ကလည်း ရှေးကုသိုလ်နှိုးဆော်လာသဖြင့်-

"ငါ၏ဉာဏ်သည်လည်း ငါလင်၏ဉာဏ်နှင့်အတူသာ ဖြစ်လိမ့်မည်" ဟု ကြံစည်ဆုံးဖြတ်ပြီး ရဟန်းမတို့ထံ ရဟန်းမပြု၍ တရားအားထုတ်ရာ မကြာခင် ရဟန္တာထေရီမဖြစ်ရလေသည်။

ဥဂ္ဂသေနတို့လင်မယားသည် ပါရမီရှင်များဖြစ်ကြသည်။ အဘယ်ကြောင့် ဘားကျွမ်းသည်ဘဝ ရောက်ရပါသနည်းဆိုသော်-

ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ဗာရာဏသီမြို့သူမြို့သားတို့သည် ကဿပဘုရားရှင်၏ဓာတ်တော်များကိုစုပေါင်း၍ စေတီတည်ထားကြသည်။

ထိုသို့စေတီတည်စဉ် အားလုံးက လုပ်အားဖြင့် ကုသိုလ်ပါဝင်ကြသလို ဇနီးမောင်နှံနှစ်ဦးတို့သည်လည်း စေတီတည်ရာ၌ လုပ်အားဖြင့် ပါဝင်ကုသိုလ်ပြုမည်ဟု စိမ်ကြပြီး လှည်းပေါ်တွင် စားနပ်ရိက္ခာအပြည့်တင်ပြီး စေတီတည်ရာသို့ လှည်းဖြင့်ထွက်ခဲ့ကြသည်။

လမ်းခရီးတွင် ဆွမ်းခံဝင်လာသောမထေရ်တစ်ပါးကို တွေ့မြင်၍ ဇနီးသည်က လင်ကိုဆွမ်းခံမထေရ်ထံမှ သပိတ်ကိုယူစေသည်။

လင်မယားနှစ်ဦးသည် ရဟန်း၏သပိတ်ထဲသို့ စားဖွယ်သောက်ဖွယ်အပြည့်ထည့်လှူကြသည်။ ထို့နောက်-

"အရှင်ဘုရား. . . ဤကောင်းမှုကြောင့် တပည့်တော်တို့ဇနီးမောင်နှံသည် အရှင်ဘုရားတို့သိမြင်အပ်သော လောကုတ္တရာတရားအဖို့အစုကို ရသည့်ကိုယ် ဖြစ်ကြရပါလို၏"

ဟု ဆုတောင်းကြလေသည်။

ဆွမ်းခံရဟန်းကား ရဟန္တာဖြစ်၍ သူတို့၏ဆုတောင်းပြည့်-မပြည့်ကို အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်ကြည့်သည်။ ဆုတောင်းပြည့်မည်ကိုသိတော်မူ၍ ပြုံးတော်မူသည်။

---

ဇနီးသည်သည် မထေရ်ပြုံးသည်ကိုမြင်လျှင်-

"ကျွန်မတို့ အရှင်မြတ်ပြုံးတော်မူသည့်အပြုံး ကြည့်ရဘာ ကချေသည်တစ်ဦး ဖြစ်ပေလိမ့်မည်" ဟု ကဲ့ရဲ့စကားဆိုမိလိုက်သည်။

"ရှင်မ. . . ရှင်မပြောသည့်အတိုင်း ကချေသည်ပင်ဖြစ်ပေလိမ့်မည်"

ဟု သဘောတူသည့်အနေဖြင့် လက်ခံပြန်ပြောမိလိုက်သည်။

ထိုလင်မယားသည် ထိုရဟန္တာကို ဆွမ်းလှူဒါန်းခဲ့သောကုသိုလ်ကြောင့် ထိုဘဝမှစုတေသော် နတ်ပြည်သို့ရောက်ကြသည်။ နတ်ပြည်မှစုတေသော် ရဟန္တာကိုကချေသည်ဖြစ်လိမ့်မည်ဟု ကဲ့ရဲ့နှုတ်ထွက်စကားကြောင့် ဇနီးသည်သည် ဘားကျွမ်းဆရာကြီး၏သမီး ဘားကျွမ်းမယ် လာဖြစ်ရလေသည်။

လင်ဖြစ်သူကလည်း သဘောတူပြောခဲ့၍ ဤမှာဘက်ဘဝတွင် သူဌေးသားဖြစ်ပါလျက် ဘားကျွမ်းကချေသည်ဖြစ်ရတော့သည်။

ဆွမ်းလှူဆုတောင်းသောကောင်းမှုကြောင့် နောက်ဆုံးရဟန္တာ ရဟန္တာမဖြစ်ကြရသည်။

ပြုလုပ်ပြောဆိုကြသောကံများတွင် အကြောင်းတရားနှင့် အကျိုးတရားတို့သည် သံလဲသီးထဲမှအကန့်များကဲ့သို့ သူ့အကန့်နှင့်သူ အကျိုးပေးကြသည်မှာ လောကဓမ္မတာဖြစ်ပါသည်။

တစ်စက္ကန့် ဝစီနှုတ်ထွက်ကြောင့် ဘဝဆက်ဆက်ရှည်ကြာအောင် ခံစားရသည့်အကျိုး ပေးသည်ကို သတိပြုကြပါလေ။

(ဓမ္မပဒ ဥဂ္ဂါသေနဝတ္ထု)

## သုပ္ပဗုဒ္ဓသောဏာပန် လူနူဖြစ်ခြင်း၏အတိတ်ဝဋ်ကံ

ရာဇဂြိုဟ်ပြည်သား သုပ္ပဗုဒ္ဓသည် မွေးပြီးကတည်းက လူနူဘဝဖြစ်ခဲ့ရပြီး တောင်းရမ်းစားသောက်ရသောဘဝဖြင့် ကျင်လည်ခဲ့ရသည်။

တစ်နေ့တွင် လူစုလူဝေးတစ်ခုကိုတွေ့၍ အလှူပေးနေတာပဲထင်ပြီး တောင်းရမ်းစားရန် ထိုနေရာသို့သွားရောက်ခဲ့သည်။

အလှူပေးနေတာမဟုတ်ဘဲ ဘုရားရှင်တရားဟောနေသည်ကိုတွေ့ရပြီး မိမိလည်း ကြုံတုန်းတရားနာမည် ဟုဆုံးဖြတ်ပြီး ပရိသတ်၏ထောင့်တစ်နေရာ၌ကပ်နေပြီး တရားနာယူသည်။

ဘုရားရှင်၏တရားအဆုံးတွင် သုပ္ပဗုဒ္ဓလူနူသည် သောတာပန်တည်လေသည်။

သုပ္ပဗုဒ္ဓသည် သောတာပန်ဖြစ်ပြီးနောက် မိမိရရှိသော တရားထူးကို ဘုရားရှင်အားလျှောက်ထားလိုသောဆန္ဒဖြစ်ပေါ် လာခဲ့သည်။ ပရိသတ်အကြား မဝင်ဝံ့သဖြင့် အခွင့်ကိုစောင့်နေရသည်။

တရားပွဲအပြီးတွင် မြို့သူမြို့သားများက ဘုရားရှင်ကို ဝေဠုဝန်ကျောင်းသို့လိုက်ပို့ကြသည်။ မြို့သူမြို့သားများပြန်မှ ဝေဠုဝန်ကျောင်းထဲသို့ဝင်ရန် သွားခဲ့သည်။

ထိုအချိန်မှာပင် သိကြားမင်းက သုပ္ပဗုဒ္ဓလူနာကို တရားစမ်းလိုသဖြင့် ကောင်းကင်မှနေကာ-

"သုပ္ပဗုဒ္ဓ သင်သည် လူဆင်းရဲအထီးကျန်သူတည်း။ ငါသည် သင့်အား ဥစ္စာကိုလိုချင်သလောက်ပေးမည်။ ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်၊ ငါ့မှာ ဘုရားဖြင့်အကျိုးမရှိ၊ တရားဖြင့်အကျိုးမရှိ၊ သံဃာဖြင့်အကျိုးမရှိ ဟုပြောပေးပါ။ ဥစ္စာများစွာရပါလိမ့်မည်"

ဟု ငွေဖြင့်ဖြားယောင်း၍ အပြောခိုင်းသည်။

"သင်ဘယ်သူလဲ"

"ငါကား နတ်တို့သနင်း သိကြားမင်းပါဘဲ"

"အလွန်မိုက်ရိုင်းပြီး အရှက်ကင်းသောသိကြားမင်း. . . သင်က ငါနှင့်အတူ စကားပြောလို့မသင့်လျော်ပါ။ သင်က ငါ့ကို လူဆင်းရဲအထီးကျန်လို့ အဘယ်ကြောင့်ပြောရပါသလဲ။ ငါသည်

ဘုရားရှင်၏သားတော် ဖြစ်သည်မဟုတ်ပါလော။ ငါသည် အထီးကျန်မဟုတ်။ ငါ့မှာများမြတ်သော သဒ္ဓါ၊ သီလ၊ ဟီရိ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဟူသောသူတော်ကောင်းဥစ္စာခုနှစ်ပါးရှိသူဖြစ်၍ ချမ်းသာသူသာဖြစ်ပါသည်။

ဤဥစ္စာခုနှစ်ပါးရှိသူကို ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့က သူဆင်းရဲ ဟုမဆိုကြပါ ”

သိကြားမင်းသည် သုပ္ပဗုဒ္ဓထံမှ ထိုစကားကိုကြားပြီးသော် သုပ္ပဗုဒ္ဓကိုလမ်းမှာထားခဲ့ပြီး ဘုရားရှင်ထံသို့ဦးစွာသွားပြီး ထိုအကြောင်းကိုလျှောက်ထားလေသည်။

“သိကြားမင်း. . . သင့်လိုလူ အရာအထောင်၊ အသောင်း၊ အသိန်းပင်ရှိသော်လည်း သုပ္ပဗုဒ္ဓလူနူကို ဘုရားမဟုတ်၊ တရားမဟုတ်၊ သံဃာမဟုတ်ဟု ပြောအောင်မလုပ်နိုင်တော့ပါ ”

ဟု ဘုရားရှင်က မိန့်ကြားလေသည်။

သုပ္ပဗုဒ္ဓသည် ဘုရားရှင်ထံရောက်လာပြီး မိမိရသောတရားထူးကိုလျှောက်ထားသည်။

ဘုရားရှင်ထံလျှောက်ထားပြီးအပြန်တွင် သားငယ်ရှိသောနွားမရှေ့၌ အသက်ဆုံးရှုံးရသည်။

ဤမျှ သောတာပန်ပါရမီရှိသော သုပ္ပဗုဒ္ဓသည် အဘယ့်ကြောင့် လူနူဖြစ်ရပါသနည်းဆိုသော်-

သုပ္ပဗုဒ္ဓသည် တစ်ချိန်က ဤရာဇဂြိုဟ်မြို့၌ပင် သူဌေး သားတစ်ဦး ဖြစ်ခဲ့ဖူးသည်။

တစ်နေ့ သူဌေးသား ဥယျာဉ်သို့ပျော်ပွဲစားအသွား ရာဇ ဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာသော တဂရသီခိအမည်ရှိ ပစ္စေက ဗုဒ္ဓါကို မျက်နှာချင်းဆိုင် ဆုံတွေ့မိသည်။

သူဌေးသားသည် ပစ္စေကဗုဒ္ဓါကိုမနှစ်မြို့သောဒေါသ စိတ်ဖြင့် ဦးပြည်းကတုံးတုံးပြီး သစ်ခေါက်ဆိုးအဝတ်ခြုံထား သောသူဟာဘယ်သူလဲ။ အနူဖြစ်လိမ့်မယ်ထင်တယ်"

ဟု မရိုမသေ မထီမဲ့မြင်ပြောဆိုပြီး တံထွေးဖြင့် ထွေးသွား ခဲ့သည်။

ဤစကား၊ ဤအပြုအမူအကုသိုလ်ကံကြောင့်ပင် ဤမှာ ဘက်ဘဝ၌ သောတာပန်အလောင်းပင်ဖြစ်စေကာမူ လူနူဘဝ မကောင်းကျိုးကို ခံစားရလေသည်။

မြင့်မြတ်သော ပစ္စေကဗုဒ္ဓါအပေါ်၌ မထင်မှတ်သော နှုတ်ထွက်စကားတစ်ခွန်းကြောင့် သံသရာအဆက်ဆက် ငရဲ၌ ခံခဲ့ရပြီး ဤလူ့ပြည်ပြန်ရောက်သော်မှ လူနူဖြစ်ရသည်။ မည်မျှ ကြောက်စရာကောင်းသော နှုတ်ထွက်စကားကြမ်းတစ်ခွန်း ဖြစ်ပါ သနည်း။ စဉ်းစားဆင်ခြင်သတိယှဉ်ကြရန်လိုအပ်ပါသည်။

**ယောကျ်ားစင်စစ် မိန်းမဖြစ်သွားရသောသောရေယျသူဌေးသား၏ နှုတ်ထွက်စကား**

သောရေယျမြို့တွင် သူဌေးသားသောရေယျသည် ရုပ်အဆင်းအင်္ဂါချောမောလှပသူတစ်ဦး ဖြစ်ပါသည်။

တစ်နေ့တွင် အလွန်ချစ်ခင်သော သူငယ်ချင်းက ရေချိုးဆိပ်သွားပြီး ရေချိုးရန်ခေါ်၍ အခြွေအရံများခြံရံပြီး သူငယ်ချင်းနှင့်အတူ လှည်းယာဉ်ငယ်အတူစီးလျက် ရေချိုးဆိပ်သို့ထွက်ခဲ့သည်။

ထိုအချိန်မှာပင် ရှင်မဟာကစ္စည်းမထေရ်မြတ်သည် မြို့တွင်းသို့ဆွမ်းခံဝင်လာသည်။ ရှင်မဟာကစ္စည်းသည်ကား ဘုရားရှင်၏အရိယာသာဝကတစ်ပါးဖြစ်ပြီး ရုပ်ရည်အဆင်း ချောမောလှပသည်မှာလည်း အတုမရှိသောပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

ရေချိုးဆင်းရန်ပြင်ဆင်နေသော သောရေယျသူဌေးသားသည် ရှင်မဟာကစ္စည်းမထေရ်ကိုလှမ်း၍မြင်သော် ကြည်ညိုမှုသဒ္ဓါတရားမပွားနိုင်ဘဲ ကိလေသာအလိုရမ္မက်စိတ် ဖြစ်ပေါ်လာပြီးလျှင်-

"ဤမထေရ်သည် ငါ၏မယားဖြစ်ပါမူ ကောင်းမှာပဲ၊ ငါ့မိန်းမကိုယ်ရေအဆင်းသည် ဤမထေရ်ကဲ့သို့ရှိပါမူ အလွန်ကောင်းပေမည်"

ဟု ဖောက်ပြန်သောစိတ်ဖြင့် ပြစ်မှားမိလိုက်သည်။

ထိုခဏမှာပင် သောရေယျသူဌေးသား၏တစ်ကိုယ်လုံးသည် ယားယံလာပြီး မိန်းမအသွင် ချက်ချင်းပြောင်းလဲသွားခဲ့လေသည်။

သောရေယျသည် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ရှက်ကြောက်ခြင်းဖြင့် အခြွေအရံနှင့်အပေါင်းအသင်းသူငယ်ချင်းများမမြင်ခင် ခြုံကွယ်ကာ ခြေဦးတည့်ရာထွက်ပြေးသွားခဲ့မိသည်။

ခြေဦးတည့်ရာထွက်ပြေးခဲ့ရာ လမ်းမတစ်ခု၌ လှည်းကုန်သည်များကိုတွေ့၍ ထိုလှည်းများနောက်သို့ လိုက်ခဲ့ပါသည်၊ ခရီးအတော်လျှောက်မိသောအခါ ဆက်လက်မသွားနိုင်တော့၍ လှည်းမှူးကိုတောင်းပန်ပြီး မိမိ၏အဖိုးထိုက်တန်သောလက်စွပ်ကို လှည်းခအဖြစ်ပေးပြီး လှည်းစီးလိုက်လာခဲ့ရသည်။

လှည်းမှူးသည် ချောမောလှပသောမိန်းမအသွင်အပြင်နှင့် လက်စွပ်၏တန်ဖိုးကိုအကဲခတ်ပြီး သာမန်မိန်းကလေးမဟုတ်ဆိုတာကိုသိပြီး ကောင်းမွန်စွာစောင့်ရှောက်ခေါ်လာခဲ့သည်။

မိမိတို့နေရာတက္ကသိုလ်ပြည်သို့ရောက်လျှင် မိမိ၏သူဌေးသားကို အရှင့်သားအတွက် ထိုက်တန်သောမိန်းမရတနာကို သယ်ဆောင်လာခဲ့ပါသည် ဟုပြောပြီး ထိုသတို့သမီးကိုအပ်နှံသည်။ သူဌေးသားသည်လည်း မိန်းကလေးကိုမြင်လျှင်မြင်ချင်းသဘောကျ၍ သိမ်းပိုက်ယူသည်။

သောရေယျတစ်ဖြစ်လဲ မိန်းမသည် ထိုသူဌေးသားနှင့် ပေါင်းသင်းလာခဲ့ရာ သားနှစ်ယောက်မွေးဖွားခဲ့သည်။

တစ်နေ့တွင် သောရေယျမြို့မှ ငယ်သူငယ်ချင်းသည် တက္ကသိုလ်သို့ ကုန်ရောင်းလာရာမှ လှည်းဦးထိပ်တွင်ထိုင်လာသော ထိုသူငယ်ချင်းကို သောရေယျအမျိုးသမီးကမြင်၍ အစေခံတစ်ယောက်ကိုသွားရောက်ခေါ်ခိုင်းခဲ့သည်။

ထိုသူငယ်ချင်းသည် ရောက်လာပြီး ခေါ်ခြင်းအကြောင်းကိုမေးမိသည်။ သူငယ်ချင်းသောရေယျကိုမမှတ်မိ၊ သူဌေးကတော်တစ်ဦးဟူ၍သာ မှတ်ထင်ခဲ့သည်။

သောရေယျအမျိုးသမီးက သူငယ်ချင်းကိုအကြောင်းစုံပြောပြသောအခါမှာ သူငယ်ချင်းမှာအံ့အားသင့်ပြီး-

"ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်. . . သူငယ်ချင်း ဒီကိစ္စဖြစ်ပြီး ရှင်မဟာကစ္စည်းကို မကန်တော့၊ မတောင်းပန်ဘူးလား" ဟုမေးရာ မကန်တော့ မတောင်းပန်ကြောင်းသိရသည်။

ထိုအခါကျမှ သူငယ်ချင်းက "ရှင်မဟာကစ္စည်းသည် ဤမြို့မှာပင် ယခုရှိသည်ဟု သတင်းကြားရသည်၊ ရှင်မဟာကစ္စည်းကိုဆွမ်းပင့်ကျွေး၍ ကန်တော့တောင်းပန်ပါ "ဟုအကြံပြုသည်။

သောရေယျအမျိုးသမီးသည် သူငယ်ချင်းအကြံပြုသည့်အတိုင်း စီမံပြီး ရှင်မဟာကစ္စည်းကို ဆွမ်းလုပ်ကျွေးပြီး တောင်းပန်

ရာ ရှင်မဟာကစ္စည်းက သည်းခံသည့်ခဏမှာပင် မိန်းမအသွင်မှ ယောကျ်ားအသွင်သို့ ပြန်ပြောင်းသွားလေသည်။

ထိုသို့ပြောင်းသွား၍ တက္ကသိုလ်ပြည်သူဌေးသားမှာ မယားမဲ့ခဲ့ရပြီး သားနှစ်ဦးမှာလည်း မိခင်မဲ့ဖြစ်သွားရလေသည်။

ထိုအခါ သောရေယျအမျိုးသားသည် သူ့ဘဝကံ-ကံ၏ အကျိုးကို သတိသံဝေဂရပြီး သောရေယျတွင်ရှိသော မိဘနှင့်ဇနီး သားနှစ်ဦးတို့ထံမပြန်တော့ဘဲ ရှင်မဟာကစ္စည်းထံ ရဟန်းပြုခွင့် တောင်းပြီး ရဟန်းပြုသွားလေတော့သည်။

မြင့်မြတ်သောအရိယာသာဝကကို တဒင်္ဂဖြစ်မှားမိလိုက် သောနှုတ်ထွက်စကားသည် ဤဘဝမှာပင် ချက်ချင်းအကျိုးပေး သည်ကို ဤသောရေယျသူဌေးသားဘဝဖြစ်စဉ်က သက်သေခံ လျက်ရှိနေပါတော့သည်။

## မျောက်ညီဖြစ်သွားရသော ဝေဿကာရပုဏ္ဏားဏ်စကားတစ်ခွန်း

ဝေဿကာရပုဏ္ဏားသည် ရာဇဂြိုဟ်မြို့၌ ထင်ရှားကျော် ကြားသောပုဏ္ဏားတစ်ဦးဖြစ်သလို ပုဏ္ဏားမာန်ကြီးသောပုဂ္ဂိုလ် တစ်ဦးလည်းဖြစ်သည်။

တစ်နေ့တွင် ဝေဿကာရပုဏ္ဏားသည် ဂိဇ္ဈကုတ်တောင် ဘက်သို့သွားလာရင်း ဂိဇ္ဈကုတ်တောင်မှကြွဆင်းလာသော

ရှင်မဟာကစ္စည်းမထေရ်ကိုတွေ့မြင်ရလျှင် ကြည်ညိုစိတ်မဖြစ်ဘဲ မိနာလိုဝန်တိုသောစိတ်ဖြင့်-

"ဒီရဟန်း မျောက်နှင့်တူလိုက်တာ"

ဟု ကဲ့ရဲ့နှုတ်ထွက်စကားဆိုလိုက်သည်။

ဘုရားရှင်သည် ထိုစကားကိုကြားတော်မူလျှင်-

"ဝေဿကာရပုဏ္ဏားသည် အရှင်မဟာကစ္စည်းမထေရ်ကို သည်းခံစေလျှင် (တောင်းပန်ကန်တော့လျှင်)အပြစ်မရှိကောင်း၏။ အကယ်၍ သည်းမခံစေလျှင် ဝေဿကာရပုဏ္ဏားသည် ဤဝေဠုဝန်ဥယျာဉ်တော၌ မျောက်ညိုဖြစ်လိမ့်မည်"

ဟု ကြိုတင်မိန့်ကြားတော်မူသည်။

ဝေဿကာရပုဏ္ဏားသည် ဘုရားရှင်၏ထိုစကားကိုကြားသောအခါ ပုဏ္ဏားတို့၏မာန်မာနဖြင့် တောင်းပန်ကန်တော့ရန်ကို အလိုမရှိ။ သို့သော် ပုဏ္ဏားသည် ဤသို့စဉ်းစားမိလေသည်-

"ရဟန်းဂေါတမ၏စကားသည် နှစ်ခွဖြစ်ခြင်းမည်သည် မရှိ။ နောင်အခါ သူပြောသလို မျောက်ညိုဖြစ်မည်ဆိုက စားရန် လှည့်လည်သွားရန်နေရာ လိုလိမ့်မည်။ ထို့အတွက် ဝေဠုဝန် ဥယျာဉ်၌ စားပင်သောက်ပင်တို့ကိုစိုက်ပျိုးအံ့"

ဤသို့စဉ်းစားဆင်ခြင်ပြီး ဝေဠုဝန်ဥယျာဉ်၌ စားပင်သီးပင်များစိုက်ပျိုးပြီး အစောင့်အရှောက်ကိုထားလေသည်။

ဝေဿကာရပုဏ္ဏားသည် ဤဘဝ၌သေသော် ဘုရားရှင်ကြိုတင်မိန့်ခွန်းအတိုင်း ရှင်မဟာကစ္စည်းကို ကဲ့ရဲ့စွပ်စွဲသော အရိယူပဝါဒမကောင်းမှုကံကြောင့် ဝေဠုဝန်ဥယျာဉ်၌ မျောက်ဖြစ်လေသည်။

ထိုမျောက်သည် ဝေဿကာရ ဟုခေါ်လျှင် လာ၍ အနီးမှာနေလေသည်။

တစ်ခွန်းတည်းသောစကားသည် စကားအရာသေးငယ်တိုသော်လည်း ခံရသောဝဋ်အကျိုးကား ကြီးမားလေသည်သာ။

အရိယာသူတော်ကောင်း သီလဂုဏ်ရှိသူတို့ကို စွပ်စွဲကဲ့ရဲ့မိ၍ အပြစ်ကိုသိ၍ကန်တော့လျှင် မကောင်းမှုကံသည် အန္တရာယ်မဖြစ်ပါ။ ထို့ကြောင့် ဘုရားရှင်က "ကန်တော့လျှင်ကောင်းသည်" ဟု မိန့်ကြားခဲ့ခြင်းဖြစ်သည်။

သို့သော် ဝေဿကာရပုဏ္ဏားက မကန်တော့ခဲ့၍ ဝေဠုဝန်ဥယျာဉ်၌ မျောက်ညိုဘဝ ရောက်ရသည်သာဖြစ်သည်။

(ဥပရိပဏ္ဏာသ ဂေါပကမောဂ္ဂလာနသုတ်)

## အမှိုက်ပုံ၌ခွန့်ပစ်ခံရသောသူဌေးသားလောင်းလေး၏ အတိတ်ဝဋ်ကံ

သာဝတ္ထိမြို့နေ ဓမ္မမိတ်ဆွေတစ်စုသည် စုပေါင်းတိုင်ပင်၍ မဏ္ဍာပ်ကြီးဆောက်လုပ်ကာ ဘုရားအမှူးရှိသောသံဃာတော်များကို ဆွမ်းလုပ်ကျွေးရန်နှင့် လှူဖွယ်ဝတ္ထုများလှူရန် စီမံဆောင်ရွက်ကြသည်။

ထိုအချိန်တွင် နှမြောတွန့်တိုသောစိတ်ညစ်ရှိသော အမျိုးသားတစ်ယောက်သည် မွန်မြတ်လှသော ထိုမဏ္ဍာပ်တွင်းရှိဝတ္ထုပစ္စည်းများကိုတွေ့မြင်လျှင် မကျေမနပ်ဖြစ်ပြီး-

"ဒီအလှူဝတ္ထုတွေအားလုံးကို အမှိုက်သရိုက်များပစ်ရာ သုသာန်မှာသွားရောက်စွန့်ပစ်တာမှကောင်းပေမည်။ ဒီဦးပြည်းကတုံးတွေကိုလှူလို့ ဘာကောင်းမှာလဲ"

ဟု ကဲ့ရဲ့ပြစ်တင်စကားပြောကြားလေသည်။

ထိုစကားကို ဓမ္မမိတ်ဆွေဥပါသကာများကကြားလျှင် အလွန်ထိတ်လန့်ကြောက်ရွံ့ကြကာ-

"ဒီလူ. . . ရဟန်းသံဃာများအပေါ် ပြစ်မှားသော မကောင်းမှုကံသည် ဝန်လေးလှစွာတကား"

ဟု နှလုံးသွင်းမိကြပြီး ထိုသူ၏မိခင်သို့ ထိုအကြောင်းကို သွားရောက်ပြောဆိုကြလေသည်။ သားကိုလည်း ဘုရားအမှူးရှိသောသံဃာတော်များကို ကန်တော့စေရန်အကြံပြုကြသည်။

မိခင်သည် သားကိုခြိမ်းခြောက်ပြောဆို၍ ဘုရားအမှူးရှိသောရဟန်းသံဃာများကို ပြောမှားမိသည့်အပြစ်ကိုလျှောက်ထား၍ ကန်တော့ခိုင်းသည်။

ထိုအမျိုးသားသည် ဘုရားရှင်ကိုကန်တော့ပြီးနောက် ကြည်ညိုစိတ်ဖြစ်လာကာ ဘုရားအမှူးရှိသောသံဃာတော်များကို ခုနှစ်ရက်ပတ်လုံး ယာဂုဆွမ်းဖြင့်ဆက်ကပ်လှူဒါန်းပူဇော်လေသည်။

များမကြာမီ ထိုယောက်ျားသည် ကွယ်လွန်ခဲ့လေသည်။ တစ်ဖန် လူပြန်ဝင်စားရာ ညစ်နွမ်းသောအလုပ်ကိုမှီ၍ အသက်မွေးသော ပြည့်တန်ဆာမဝမ်း၌ ပဋိသန္ဓေယူလေသည်။

ပြည့်တန်ဆာမဆို၍၏သဘောသည် သမီးမွေးလျှင် မွေးမြူ၍ သားမွေးလျှင် စွန့်ပစ်သောသဘောရှိရကား ပြည့်တန်ဆာမသည် ထိုသားမွေးသောအခါ သားလေးမှန်းသိ၍ အမှိုက်စွန့်ရာသုသာန်သို့သွားရောက်စွန့်ပစ်စေသည်။

သို့သော် ယာဂုဆွမ်း(၇)ရက်လှူခဲ့သောကုသိုလ်ကံအစွမ်းကြောင့် နတ်များကဝိုင်းဝန်းစောင့်ရှောက်ခံခဲ့ရသည်။ မိမိတို့လက်မှ နို့ရည်များယိုကျစေကာ တစ်ညလုံးနို့တိုက်ကြသည်။ ဘီလူး၊ တစ္ဆေစသောမကောင်းဆိုးဝါးများက မညှဉ်းဆဲဝံ့ကြ။ မြွေ၊ ကင်း၊ ခွေးစသည့်တိရစ္ဆာန်များကလည်း မကိုက်စားဝံ့ကြပေ။

ဘုရားရှင်သည် နံနက်မိုးသောက်သော် ဗုဒ္ဓ၏ဒိဗ္ဗစက္ခုဖြင့် လောကကိုကြည့်သော် ထိုသူငယ်ကိုမြင်တော်မူ၍ ဇေတဝန်ကျောင်းမှ သုသာန်သို့ကြွတော်မူသည်။

ဘုရားရှင် သုသာန်သို့ကြွသည်ကို လူအများမြင်ကြလျှင်

"ဘုရားရှင် အကြောင်းရှိလို့သာ သုသာန်သို့ကြွသည်ဖြစ်ရမည်"

ဟု ယူဆကြပြီး သုသာန်သို့စုဝေးလိုက်ကြလေသည်။

ဘုရားရှင်သည် သူငယ်ကိုမြင်၍ သူငယ်ထိပ်တွင်ရပ်ကာ

"ဤသူငယ်ကို မထီမဲ့မြင်မပြုသင့်။ ဤသူငယ်သည် သုသာန်၌စွန့်ပစ်ခံရသော်ငြားလည်း ဒီဘဝမှာရော နောင်ဘဝမှာပါ များမြတ်သောစည်းစိမ်ကိုခံစားရလိမ့်မည်"

ဟု မိန့်တော်မူပြီး သူငယ်၏ရှေးဘဝကပြုခဲ့သောကောင်းမှုကို ထုတ်ဖော်ဟောကြားတော်မူလေသည်။

ထိုအခါ သားထောက်သမီးခံ အမွေခံမရှိသော သူဌေးတစ်ဦးသည် လူအုပ်ကြားထဲမှထွက်လာပြီး ဘုရားရှင်ရှေ့တော်မှောက်မှာပင် "ငါ့သား"ဟုပြောဆိုကာကောက်ယူလေသည်။

သူငယ်အစောင့်အရှောက်ကိုရလျှင် ဘုရားရှင်သည်လည်း ဇေတဝန်ကျောင်းသို့ပြန်ကြွတော်မူသည်။

သူငယ်သည် နောင်အခါ အရွယ်ရောက်သော် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသားဖြစ်လာရပြီး ထိုဘဝမှသေ

သော် တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်း၏သားဖြစ်ရလေသည်။

နှုတ်ထွက်စကားကြမ်းတစ်ခွန်းကြောင့် ပြည့်တန်ဆာမဝမ်း၌ သန္ဓေတည်ခဲ့ရသောကုသိုလ်ကံရှိသူ၏ဘဝကြမ္မာသည် ဆန်းကြယ်လှပေ၏။ ကန်တော့တောင်းပန်ပြီး ကုသိုလ်ပြုသော်မှ ထိုနှုတ်ထွက်စကားကြမ်းအကုသိုလ်ကမကြေ၊ လိုက်၍အကျိုးပေးသည်သာဖြစ်သည်။

(ကုမာရပေတဝတ္ထု)

**နှုတ်ထွက်ကြမ်းခဲ့သော အမ္ဗပါလီ၏ဘဝကြမ္မာ**

အမ္ဗပါလီသည် ဝေသာလီပြည်၌ အလှဂုဏ်တို့ဖြင့် ထင်ရှားကျော်ကြားသော ပြည့်တန်ဆာမတစ်ဦးဖြစ်ခဲ့သည်။

သူမသည် သိခီဘုရားရှင်လက်ထက်၌ ရဟန်းမပြုခဲ့ပြီး မိခင်ဝမ်း၌ ပဋိသန္ဓေနေရသည်ကို စက်ဆုပ်သဖြင့် ဥပပတ်ပဋိသန္ဓေနေရန် ဆုတောင်းခဲ့သောကုသိုလ်ကြောင့် ယခုဂေါတမဘုရားရှင်လက်ထက်ဝယ် ဝေသာလီပြည် မင်းဥယျာဉ်အတွင်းရှိ သရက်ပင်ရင်း၌ ဥပပါတ်ပဋိသန္ဓေ(ခန္ဓာကိုယ်အထင်အရှားဘွားခနဲပေါ်လာခြင်း)ဖြင့် လူဖြစ်လာခဲ့သူဖြစ်သည်။

သူမသည် ဖုဿဘုရားရှင်လက်ထက်က ဘုရားရှင်၏နှမတော်ဖြစ်ခဲ့ပြီး အလှူပေးပြီး ရုပ်အဆင်းလှပစေရန် ဆုတောင်းခဲ့သောကြောင့် ယခုဘဝတွင် တုနှိုင်းမမီ အလှရှင်ဖြစ်ခဲ့ရသည်။

သရက်ပင်ဂွကြားမှ လူဖြစ်လာရသောကြောင့် သူမကို အမ္ဗပါလိ ဟု အမည်တွင်ခဲ့သည်။

အမ္ဗပါလိ၏အလှသည် အလွန်ကြည့်မဝရှုမဝ ဖြစ်ခဲ့ရ၍ ဝေသာလီရှိ လိစ္ဆဝီမင်းသားတို့ သူရထိုက်-ငါရထိုက် အငြင်းအခုန် ဖြစ်ကြရသည်။

ထိုအခါ ဝေသာလီခေါင်းဆောင်တို့က ထိုငြင်းခုန်ခိုက်ရန် ဖြစ်မှုအေးစေရန် အမ္ဗပါလိသည် မင်းသားအားလုံးနှင့်ဆိုင်စေ ဟုအမိန့်ချကာ အများဆိုင် ပြည့်တန်ဆာမပြုလုပ်စေသည်။

သူမနှင့်တစ်ခါသွားလာပျော်ပါးလိုက အသပြာငါးဆယ် ပေး၍ သွားလာရန်လည်းသတ်မှတ်ထားသည်။

အမ္ဗပါလိသည် ရာဇပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းသားနှင့် တိတ်တိတ်ပုန်းချစ်ကြိုက်ခဲ့၍ သားတစ်ယောက်မွေးဖွားခဲ့သည်။ ထိုသားသည် နောင်တွင် ဘုရားသာသနာ၌ "ဝိမလကောဏ္ဍည မထေရ်" ဟူ၍ ထင်ရှားခဲ့သည်။

အမ္ဗပါလိသည် ပြည့်တန်ဆာမအဖြစ်နေလာခဲ့ရာမှ အသက်အရွယ်အိုမင်းလာသော် ဘုရားရှင်နှင့်ဖူးတွေ့ရပြီး ဘုရား ရှင်ကိုဆွမ်းကျွေးကာ တရားနာခဲ့သည်။ မိမိ၏ဥယျာဉ်၌လည်း ကျောင်းဆောက်၍ ဘုရားအမှူးရှိသောသံဃာကိုလှူဒါန်းသည်။ မိမိ၏သားတော် အရှင်ဝိမလကောဏ္ဍညမထေရ်ထံမှ တရား နာပြီး ရဟန်းမပြုခဲ့သည်။

သူမသည် အိုမင်းလာသောမိမိခန္ဓာကိုယ်ကို ယှဉ်ကြည့်၍ ဝိပဿနာ ာ ရားအားထုတ်ရာ မကြာခင် ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါ ပတ္တရဟ န္တာမ ဖြစ်ရလေသည်။

သူမသည် ရဟ န္တာမဖြစ်ပြီးနောက် မိမိဘဝ ပြည့်တန်ဆာမဖြစ်ရသည့်အကုသိုလ်အကြောင်းကို ပြန်လည်မိန့်ကြားခဲ့သည်။

သိခီဘုရားရှင်လက်ထက်ကဖြစ်သည်။ အမျိုးကောင်းသမီးတစ်ဦးသည် သာသနာ့ဘောင်ဝင်ရောက်ကာ ရဟန်းမပြုခဲ့သည်။

ထိုရဟန်းမသည် တစ်နေ့တွင် အဖော်ရဟန်းမများနှင့်အတူ စေတီကိုရှိခိုး၍ လက်ျာရစ်လှည့်လည်ပူဇော်စဉ် ရှေ့ဆုံးမှသွားနှင့်သောရဟန္တာထေရီမတစ်ပါးသည် နှာချေသဖြင့် နှာရေပေါက်သည် စေတီရင်ပြင်၌ အမှတ်တမဲ့ကျသွားလေသည်။

ထိုနှာရေပေါက်ကိုမြင်ရလျှင် ရဟန်းမသည် ဒေါသဖြစ်လျက်- "ဘယ်ကပြည့်တန်ဆာမ ဒီနေရာမှာတံထွေးထွေးခဲ့ပါသလဲ" ဟု ဆဲရေးတိုင်းထွာခဲ့သည်။

ဤနှုတ်ထွက်ကြမ်းသော စကားကြောင့် သူမသည် ငရဲ၌နှစ်ပေါင်းများစွာကျင်လည်ခဲ့ရပြီး ငရဲမှလွတ်ပြီး နောက်ဘဝပေါင်းတစ်သောင်းတိုင်တိုင် ပြည့်တန်ဆာမ ဖြစ်ခဲ့ရသည်။

ယခုနောက်ဆုံးဘဝဝယ် ထိုအကုသိုလ်ကံဝဋ်ကြွေးကလိုက်လာပြီး ပြည့်တန်ဆာမ ဖြစ်ခဲ့ရပြန်သည်။

ဆဋ္ဌာဘိညာဉ် ပဋိသမ္ဘိဒါပတ္တရဟန္တာမလောင်းကြီးသည် ပင်လျှင် တစ်ချက်မှားသောဝစီနှုတ်ထွက်စကားကြောင့် ဤမျှ ဆိုးဝါးသောပြည့်တန်ဆာမဘဝ ရောက်ခဲ့ရသည်။

နှုတ်ထွက်ပစီကြမ်း ဘေးဘျမ်းများသည့်ကို သတိပြုကြ ပါလော့။

(အမ္ဗပါလိထေရီဂါထာ၊ ဝိနည်းမဟာဝါဇီဝကဝတ္ထု)

## နှုတ်ထွက်စကားတစ်ချက်မှား၍ ပြည့်တန်ဆာမဖြစ်ခဲ့ရသော အဍ္ဎကာသီရဟန္တာမ

ဘုရားရှင်သာသနာတော်၌ ရဟန်းပြုရာတွင် တမန်စေ လွှတ်ပြီး ရဟန်းမပြုပေးရသော ထူးခြားသော အမျိုးသမီးတစ်ဦး ရှိခဲ့ပါသည်။

ထိုအမျိုးသမီးမှာ ကာသိတိုင်း ကာသိမြို့မှ ပြည့်တန် ဆာမ "အဍ္ဎကာသီ" အမည်ရှိသူဖြစ်သည်။

သူမသည် ကာသိမြို့ သူဌေးမျိုး၌ဖြစ်၍ ရုပ်အဆင်းသည် နတ်သမီးတစ်မျှ လှပသူဖြစ်ခဲ့သည်။

အရွယ်ရောက်သောအချိန်တွင် ဥစ္စာစီးပွားဆုတ်ယုတ် ပျက်စီးသဖြင့် ရာဇဂြိုဟ်မြို့သို့ရောက်ရှိပြီး ပြည့်တန်ဆာမအဖြစ် အသက်မွေးဝမ်းကြောင်းပြုရသည်။

အဘိုကာသိ ပြည့်တန်ဆာမနှင့် မွေ့လျော်ပျော်ပါးလိုသူသည် တစ်ရက်အတွက် ငွေတစ်ထောင်ပေး၍ မွေ့လျော်ပျော်ပါးရသည်။

သို့သော် တစ်ထောင်ပေးနိုင်သူများသောကြောင့် တစ်ထောင်မပေးနိုင်သူတို့သည် နေ့တစ်ဝက် ငါးရာပေး၍နေ့အခါ၌သာပျော်ပါးကြရသည်။

အဖိုးအခတစ်ဝက်ပေး၍ မွေ့လျော်ပျော်ပါးရသောကြောင့် သူမကို အဘိုကာသိ (တစ်ဝက်ပျော်ပါးရသူ) ဟူ၍ အမည်တွင်ခဲ့လေသည်။

နောင်တွင် သူမသည်ဘုရားရှင်၏တရားကိုနာရပြီး သံဝေဂရကာ ရဟန်းမပြုလို၍လျှောက်ထားသည်။

သူမ ဘုရားကျောင်းသို့သွား၍ ရဟန်းမပြုမည်ဟူသောသတင်းကိုကြားရသော သေသောက်ကြူးလူဆိုးတို့သည်လည်းကောင်း၊ အဘိုကာသီနှင့်ပျော်ပါးမွေ့လျော်လိုသော်လည်း ငွေကြေးမတတ်နိုင်၍ မပျော်ပါးရသူတို့သည်လည်းကောင်း၊ အဘိုကာသိဘုရားကျောင်းသို့အသွားတွင် လမ်းမှာလုယက်ဖမ်းဆီးရန် စီမံကြသည်။

ထိုအကြောင်းကို အဘိုကာသိကြားသိရ၍ ဘုရားရှင်ထံလျှောက်ထားရာ ဘုရားရှင်ကတမန်လွှတ်ပြီး ရဟန်းမပြုရန်ခွင့်ပြုခဲ့သည်။

အမုကာသိသည် ရဟန်းမပြုပြီး ကမ္မဋ္ဌာန်းတရားအား ထုတ်ခဲ့ရာ ပဋိသမ္ဘိဒါပတ္တရဟန္တာမဖြစ်ခဲ့သည်။

ရဟန္တာမ အမုကာသိသည် မိမိ၏ပြည့်တန်ဆာမဖြစ်ရသောအကြောင်းနှင့်ပတ်သက်၍ အတိတ်ဘဝကပြုခဲ့သော အကုသိုလ်အမှုကို ပြန်လည်မိန့်ကြားခဲ့ပါသည်။

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်၊ အမျိုးသမီးတစ်ဦးသည် သာသနာဘောင်ဝင်ရောက်၍ရဟန်းပြုလေသည်။

ထိုရဟန်းမသည် ဣန္ဒြေတို့ကိုစောင့်စည်းသည်။ သီလအကျင့်နှင့်လည်းပြည့်စုံသည်။ ကမ္မဋ္ဌာန်းတရားကိုလည်း ကြိုးစားအားထုတ်ခဲ့သည်။

တစ်နေ့တွင် ထိုရဟန်းမသည် အကြောင်းကိစ္စတစ်ခုကြောင့် အာသဝေါကုန်ခမ်းပြီးသော ရဟန္တာထေရီမတစ်ဦးကို ပြည့်တန်ဆာမ ဟုဆဲရေးမိလေသည်။

ထိုဆဲရေးမှုကြောင့် သေသော်ငရဲကျခဲ့ရသည်။ ငရဲမှလွတ်သော် ထိုအကုသိုလ်ကံဆက်ကြောင့် ဘဝများစွာပြည့်တန်ဆာမဖြစ်ခဲ့ရသည်။ ယခုနောက်ဆုံး ဂေါတမဘုရားရှင်လက်ထက်တွင် သီလစောင့်ခဲ့သောကုသိုလ်ကြောင့် ရုပ်ရေအဆင်းလှပခဲ့သည်။ နောက်ဆုံးဝဋ်ကြွေးအကုသိုလ်ကံအဖြစ် ပြည့်တန်ဆာမဖြစ်ခဲ့ရပြီး အတိတ်က ကမ္မဋ္ဌာန်းအားထုတ်ခဲ့သောအကျိုးကြောင့် ရဟန်းမပြုပြီး ပဋိသမ္ဘိဒါမဂ်ရ ရဟန္တာထေရီမ ဖြစ်ခဲ့ရသည်။

ဤအမေရိကာသီရိယဟန္တာမသည် သာမန်ရဟန္တာမ မဟုတ်၊ ပဋိသမ္ဘိဒါပတ္တရဟန္တာမဖြစ်ပါသည်။ သို့သော်ငြားလည်း မိမိပြောဆိုခဲ့သောနှုတ်ထွက်စကားတစ်ခွန်းက ဒေါသစေတနာပါခဲ့၍ ဝစီဘေဒ ထိတိုင်းရှုပြီး ပြည့်တန်ဆာမဖြစ်ကာ ဆင်းရဲခံခဲ့ရလေသည်။

(အမေရိကာသီတေရီဂါထာ၊ ထေရီအပဒါန်)

**သံဃာကိုဆဲရေး၍ အခွင်လက်ကျော်ငရဲပို့ခံရသော ရေဝတီ**

ဗာရာဏသီတွင် နန္ဒိယဥပါသကာသည် ထင်ရှားသော သူဌေးတစ်ဦးဖြစ်သည်။ မိဘတို့ကိုပြုစုလုပ်ကျွေးသည်။ ရတနာသုံးပါးကိုအလွန်ကြည်ညို၍ အမြဲမပြတ်လှူဒါန်းသည်။ နောက်ဆုံး မိဂဒါဝုန်၌ ကျောင်းဆောက်လှူဒါန်းခဲ့၍ နန္ဒိယကျောင်းဒါယကာဟု ထင်ရှားခဲ့သူဖြစ်ပြီး တာဝတိံသာနတ်ပြည်၌ နတ်ဗိမာန်ကြီးတင်ပေါက်နေသူလည်းဖြစ်ပါသည်။

နန္ဒိယသတို့သားကို မိဘတို့က အိမ်နီးနားချင်း ရေဝတီဆိုသောအမျိုးသမီးနှင့် လက်ထပ်ပေးခဲ့သည်၊ နန္ဒိယသည် ရေဝတီကိုမကြိုက်မနှစ်သက်။ မိဘစကားကိုမပယ်ရှားလို၍ လက်ထပ်ယူခဲ့သည်။

မိမိမယားဖြစ်လာသော ရေဝတီကို နန္ဒိယက ရဟန်း သံဃာများ၏အလှူဝတ်ကိုမပြတ်ပြုရန် အမြဲနှိုးဆော်သည်၊ တိုက်တွန်းသည်၊ ပြုလုပ်စေသည်။

ရေဝတီက သဒ္ဓါတရားမရှိ၊ ရတနာသုံးပါးမကြည်ညို။ လင်ရှေ့တွင်သာ သဒ္ဓါတရားရှိသယောင်၊ ရတနာသုံးပါးကြည်ညို သယောင်ပြုသည်။ လင်ကွယ်ရာတွင်မူထင်ရာလုပ်သည်။

တစ်နေ့ လင်ဖြစ်သူနန္ဒိယက အလုပ်ကိစ္စအတွက် ခရီး ရှည်သွားစရာရှိ၍ မယားရေဝတီကို အလှူဝတ်မပျက်ရန် မှာ ထားခဲ့သည်။ ရေဝတီက လင်ရှေ့တွင်သာ ဟုတ်ကဲ့ ဟုဝန်ခံပြီး လင်သွားသောအခါ နှစ်ရက်သုံးရက်သာ လှူဒါန်းပေးကမ်းမြဲ အတိုင်း ပေးကမ်းသည်။

နှစ်ရက် သုံးရက်ကျော်သော် ဆင်းရဲသား၊ ခရီးသွား၊ သူတောင်းစားတို့အား ပေးကမ်းစွန့်ကြဲခြင်းဝတ်ကို ဖြတ်လိုက် သည်။ ရဟန်းသံဃာတို့အားလည်း ဆန်ကွဲထမင်း ပုန်းရည်ဟင်း ကိုသာ လှူလေသည်။

ရဟန်းသံဃာများ ဆွမ်းစားပြီးပြန်ကြွသောအခါ ဆွမ်းစားသည့်နေရာတွင် မိမိစားပြီးသောစားကြွင်းစားကျန် ထမင်းလုံး၊ ငါးဖတ်၊ အမဲဖတ်တို့ကိုဖြန့်ကြဲထားပြီးလျှင် အိမ်နီးချင်း များကို ခေါ်ပြ၍-

"ရဟန်းတွေလုပ်ထားတာကိုကြည့်ကြပါ၊ သင်္ခါ၍လျှအပ်သောထမင်း ဟင်းကျန်များကို ခုလို ဖျက်ဆီးလုပ်ကောင်းပါသလား"

ဟု လုပ်ကြံပြောဆို စွပ်စွဲလေသည်။

နန္ဒိယပြန်လာ၍ ထိုအကြောင်းကိုသိသော် ရေဝတီကို အိမ်မှနှင်ချပြီး ရှေးကပေးကမ်းမြဲဝတ်နှင့်အလှူကို ပြန်လုပ်သည်။

နန္ဒိယသည် အိမ်နီးချင်းမိတ်ဆွေများ၏တောင်းပန်မှုကြောင့် ရေဝတီကို အိမ်မှာပြန်နေခွင့်ပြုခဲ့သည်။ ဥစ္စာအားလုံးကို မအပ်တော့ဘဲ စားသောက်ရုံသာ ပေးထားသည်။

နောင်အခါ နန္ဒိယသေသော် တာဝတိံသာနတ်ပြည်၌ဖြစ်ရသည်။ ရေဝတီသည် နန္ဒိယသေသော် အလှူဝတ်အားလုံးကို ဖြတ်ပစ်သည်။

"သူတို့ကြောင့် ငါ၏လာဘ်လာဘနှင့် အခွင့်အရေးများဆုံးရှုံးရသည်"

ဟု ပြောဆိုကာ ရဟန်းသံဃာများနှင့် ဆင်းရဲသားအလှူခံများကို ဆဲရေးလေသည်။

ထိုအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ဘီလူးနှစ်ကောင်ကိုခေါ်ကာ ရေဝတီကို ရှေ့ခုနစ်ရက်တွင် အရှင်လတ်လတ်ငရဲပစ်ချမည့်အကြောင်း ဗာရာဏသီမြို့၌ ကြွေးကြော်စေသည်။

ကြွေးကြော်သံကြား၍ မြို့သူမြို့သားတို့ အလွန်ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

ရေဝတီမှာ ပြာသာဒ်ပေါ်တက်ပြီး တံခါးပိတ်နေလေသည်။ ဆဲရေးပြီး(၇)ရက်မြောက်သောနေ့တွင် ဝေဿဝဏ်နတ်မင်းကြီးစေခိုင်းထားသောဘီလူးနှစ်ကောင်သည် ရေဝတီကို-

"အလွန်ယုတ်မာသောရေဝတီ. . . ထလော့"

ဟုပြောပြီး လက်နှစ်ဘက်ကို တစ်ဘက်စီကိုင်ပြီး လူအများမြင်စေ ဟုဆိုပြီး တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်ပြသည်။

ထို့နောက် တာဝတိံသာကိုခေါ်၍ နန္ဒိယ၏နတ်စည်းစိမ်ကိုပြသကြသည်။

ထိုအခါ ရေဝတီက ထိုဗိမာန်အကြောင်းကိုမေးသည်၊ နန္ဒိယဗိမာန်ဟုပြောသောအခါ နန္ဒိယနှင့်အတူတူစံနေပါရစေ ဟုတောင်းပန်သည်။

ဘီလူးနှစ်ကောင်က-

"နင်၏နေရာသည် ဤနေရာမဟုတ်၊ ငရဲသား ဖြစ်ချေသည်။ နင့်မှာ နန္ဒိယနှင့်အတူနေရမည့်ကုသိုလ်မရှိ"

ဟု ပြောပြီး ငရဲသို့ဆက်လက်ခေါ်လာကာ မစင်ပုပ်ငရဲထဲသို့ ပစ်ချခဲ့ကြသည်။

မြင့်မြတ်သောရဟာန်းသံဃာများကိုဆဲရေးသော ရေဝတီ၏နှုတ်ထွက်စကားကြမ်းသည် ဤပစ္စုပ္ပန်ဘဝမှာပင် ဒိဋ္ဌမေ့ အကုသိုလ်အကျိုးပေးပြီး အရှင်လတ်လတ် ငရဲသို့ပစ်ချခံရသည်။

သို့အတွက် နှုတ်ထွက်စော်ကား ဒေါသစကားကို အလျှင်မပြုမိအောင် သတိနှင့်ရှောင်ပါလေ။

## သံဃာကိုနှုတ်မြွက်စော်ကား၍ ရေပျောက်အရိပ်ပျောက်ရသူပြိတ္တာမ

ကုရုတိုင်း၊ ဟတ္ထိနီမြို့၌ ရှပ်ကိုအမှီပြု၍ပြည့်တန်ဆာ အလုပ်ဖြင့်အသက်မွေးဝမ်းကြောင်းပြုသော အမျိုးသမီးတစ်ဦး ရှိသည်။ သူမ၏အမည်မှာ သေရိဏီ ဟုအမည်ရှိသည်။

တစ်နေ့တွင် ရဟာန်းသံဃာများသည် သာသနာကိစ္စအတွက် အစည်းအဝေးပွဲပြုလုပ်ကြသည်။

ထိုအစည်းအဝေးတက်ရောက်လာကြသော ရဟာန်းသံဃာများအတွက် ဆွမ်းကိစ္စဆောင်ရွက်ရန် မြို့သူမြို့သားများသည် မြို့ထဲသို့လှည့်လည်ကာ ဆန်၊ ဆီ၊ ဆား၊ ထောပတ်စသော လှူဖွယ်ဝတ္ထုတို့ကို အလှူခံထွက်ကြသည်။ မြို့သူမြို့သားများကလည်း အားတက်သရော လောင်းလှူကြသည်။

အလှူခံများသည် ထိုပြည့်တန်ဆာမအိမ်သို့ရောက်သော် သံဃာအတွက် အလှူခံကြောင်းပြောပြပြီး အလှူခံကြသည်။

သေရိဏီပြည့်တန်ဆာမသည် သဒ္ဓါတရားမရှိ၊ ရတနာသုံးပါး၌မကြည်ညိုသူဖြစ်၍-

"ခေါင်းတုံးရဟန်းတွေကိုလှူသဖြင့် ဘာအကျိုးရှိမှာလဲ"

ဟု မထိမဲ့မြင် ပြောဆိုလွှတ်လိုက်လေသည်။

နောက် ထိုပြည့်တန်ဆာမသည် သေလွန်သော် ရဟန်းသံဃာများကို စော်ကားပြောခဲ့သော နှုတ်ထွက်စကားကြမ်းကြောင့် မြို့၏အစွန်အဖျားရှိမြောင်းကြီး၌ ပြိတ္တာမဖြစ်ရလေသည်။

ထိုပြိတ္တာမသည် အဝတ်မရှိ၊ ကိုယ်သည်ပိန်ချုံးလျက် အရိုးအရေမျှသာရှိသည်။ စက်ဆုပ်ဖွယ်ကောင်းသော ကိုယ်ခန္ဓာရှိရလေသည်။

ပြိတ္တာမသည် ရေသာသဖြင့် မြောင်းထဲရေဆင်းသောက်သောအခါ ရေများပျောက်ကုန်သည်။ နေပူသဖြင့် အရိပ်ထဲသို့ဝင်သော် အရိပ်ပျောက်၍ နေပူဖြစ်သွားရသည်။ ပူလောင်သဖြင့် လေညင်းခံလျှင် လေသည်မီးကဲ့သို့ အလွန်ပူလောင်သောလေဖြင့် တိုက်ခတ်ခံရလေသည်။

"ဘာအကျိုးရှိမှာလဲ" ဟူသောနှုတ်ထွက်စကားကြောင့် မိမိမှာလည်း ဘာကောင်းကျိုးမျှမခံစားရဘဲ ဆင်းရဲပေါင်းများစွာ ခံစားနေရတော့သည်။

(သေရိဏီပေတဝတ္ထု)

## ပေးသမျှအစားအစာနှင့်အဝတ်ကျင်ကြီးကျင်ငယ်သံပြားဖြစ်သွားခဲ့ရသူ၏ဝတ္ထု

ဘုရားရှင်လက်ထက် ရဟန်းတစ်ပါးသည် ဝါကျွတ်၍ ဘုရားရှင်ကိုဖူးမြင်ရရန် မိမိတရားအားထုတ်ရာနေရာမှ သာဝတ္ထိသို့ထွက်ခဲ့သည်။

လမ်းတွင်လမ်းမှားပြီး ဝိဇ္ဇာအမည်ရှိသော တောအုပ်သို့ရောက်သွားသည်။ ထိုတောအုပ်ရှိ ရုက္ခစိုးနတ်သည် လူယောင်ဖန်ဆင်းပြီး ထိုရဟန်းထံချဉ်းကပ်၍ မိမိဗိမာန်တွင်းသို့ပင့်ကာ ဆွမ်းစသည်ကို ဆက်ကပ်လေသည်။

ထိုအချိန်တွင် ပြိတ္တာမသည်ရောက်လာပြီး-

"အရှင်. . . ကျွန်မအား ထမင်း အဖျော် အဝတ်ပေးပါ" ဟု တောင်းပြန်သည်။

ရုက္ခစိုးနတ်က တောင်းသည့်အတိုင်းပေးလျှင် ပြိတ္တာမယူကာမျှဖြင့်ပင် ထမင်း၊ အဖျော် အဝတ်တို့သည် ကျင်ကြီးကျင်ငယ်၊ သွေးပြည်၊ အလျှံပြောင်ပြောင်တောက်သောသံပြားဖြစ်သွားလေတော့သည်။

ရဟန်းသည် ထိုအချင်းအရာကိုမြင်၍ အံ့အားသင့်ကာ ရုက္ခစိုးနတ်ကို အကျိုးအကြောင်းမေးကြည့်လေသည်။

ထိုအခါ ရုက္ခစိုးနတ်က ဤမိန်းမသည် ယခင်က တပည့်တော်၏မယားဖြစ်ပါသည်ဟု လျှောက်ထားပြီး အကြောင်းစုံပြောပြလျှောက်ထားလေသည်။

ရဟန်းတစ်ကျိပ်နှစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားယူပြီးလျှင် တောအရပ်သို့ကြွကြသည်။ ရက်ကန်းသည်တို့၏ ရွာတစ်ရွာအနီး တောအုပ်သည် အရိပ်၊ ရေနှင့်ပြည့်စုံ၍ ထိုတောအုပ်၌ တရားအားထုတ်ရန် ဆုံးဖြတ်ကြပြီး နေကြသည်။

နောက်နေ့တွင် ထိုရက်ကန်းသည်ရွာသို့ ဆွမ်းခံဝင်ကြလေသည်။ ရက်ကန်းသည်များသည် ရဟန်းများကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ အသီးသီးအိမ်သို့ပင့်၍ မွန်မြတ်သောအစာတို့ဖြင့် ချက်ပြုတ်ကပ်လှူကြလေသည်။

ရက်ကန်းသည် ရွာခေါင်းဆောင်က ထိုရဟန်းများကို မိမိတို့ရွာ၌ သီတင်းသုံးရန်လျှောက်ထားသည်။ ရဟန်းများက သဘောတူသောအခါ ရက်ကန်းသည်အကြီးခေါင်းဆောင်က ရဟန်း(၂)ပါးတာဝန်ယူပြီး ကျန်ရက်ကန်းသည်များက တစ်ပါးစီတာဝန်ယူကြသည်။

ရက်ကန်းသည်ခေါင်းဆောင်၏မယားသည် မကြည်ညို၊ မိစ္ဆာအယူရှိသည်။ ဝန်တိုသူဖြစ်၍ ရဟန်းများကို ရိုရိုသေသေ မပြုစု၊ မလုပ်ကျွေးဘဲ နေလေသည်။

ထိုအခါ ရက်ကန်းသည်ခေါင်းဆောင်သည် ခယ်မကို ခေါ်ပြီးလျှင် ပစ္စည်းဥစ္စာအားလုံးကိုပေးအပ်၍ လုပ်ပိုင်ခွင့်ကို ပေးလေသည်။

ထိုခယ်မမယားငယ်သည် သဒ္ဓါတရားလည်းရှိသည်။ ရဟန်းသံဃာကိုလည်း ကြည်ညို၍ ရှိရှိသေသေပြုစုလုပ်ကျွေးတတ်သည်။

ရက်ကန်းသည်တို့သည် ဝါကျွတ်သော် ရဟန်းများကို ဆွမ်းကပ်၍ သင်္ကန်းတစ်ထည်စီ လှူဒါန်းကြလေသည်။

ထိုအခါ ဝန်တိုသောမယားကြီးက လင်ကိုပြစ်မှားလိုသောစိတ်ဖြင့်-

"ရဟန်းအား နင်လှူသောထမင်းအဖျော်များသည် နင့်အတွက် နောင်ဘဝ၌ ကျင်ကြီး ကျင်ငယ် သွေးပြည်ဖြစ်ပါစေ"

ဟု ကျိန်ဆဲရေရွတ်သည်။

ထိုမှနောက် သေလွန်ကြသော် ရက်ကန်းသည်ခေါင်းဆောင်သည့် ဝိဥ္စာမည်သောတောအုပ်၌ တန်ခိုးကြီးသော ရုက္ခစိုးနတ်ဖြစ်လေသည်။

မယားကြီးသည်ကား ထိုရုက္ခစိုးနတ်အနီးအပါးတစ်နေရာ၌ ပြိတ္တာမဖြစ်လေသည်။

ထိုပြိတ္တာမသည် အဝတ်မပါ၊ ဆာလောင်မွတ်သိပ်လှသဖြင့် ရုက္ခစိုးနတ်ထံသွား၍ အစား၊ အဝတ်တို့ကိုပေးရန် တောင်းလေသည်။

ရုက္ခစိုးနတ်ကလည်း မိမိမယားဟောင်းမှန်းသိ၍ သူမ တောင်းသည့်အတိုင်းပေးလေသည်။

ထိုပေးသောထမင်း၊ အဖျော်၊ အဝတ်တို့သည် ပြိတ္တာမ လက်ကထိသည်နှင့်တစ်ပြိုက်နက်တည်း ထမင်း၊ အဖျော်တို့ သည် ကျင်ကြီး ကျင်ငယ် ပြည်ပုပ်ဖြစ်ကြပြီး အဝတ်သည် အလျှံ တပြောင်ပြောင်တောက်ပသော သံပြားချပ်ကြီးဖြစ်သွားရလေ သည်။

ပြိတ္တာမသည် ကြီးစွာသောဆင်းရဲဒုက္ခကိုခံစားလျက် ထမင်း၊ အဖျော် အဝတ်တို့ကိုစွန့်လွှတ်ပြီး ငိုကြွေးကာ လှည့်လည် သွားလာနေရသည်။

သံဝေဂယူဖွယ်၊ ကြောက်ဖွယ်ကောင်းသော ကျိန်ဆဲမှုကို သတိပြုကြပါကုန်လော့။

(မဟာပေသကာရပေတဝတ္ထု)

## ဂင်္ဂါမြစ်ရေသွေးအတိဖြစ်ရသော ဥတ္တရအမတ်ကြီး၏အမေပြိတ္တာမ၏ဝတ္ထု

တစ်နေ့တွင် အရှင်ကင်္ခါရေဝတမထေရ်သည် ဂင်္ဂါမြစ် အနီး၌ သီတင်းသုံးနေထိုင်သည်။

ပြိတ္တာမတစ်ဦးသည် မထေရ်ထံသို့ရောက်လာပြီး-

"အရှင်ဘုရား . . တပည့်တော်မသည် နှစ်ပေါင်းငါး ဆယ်ပတ်လုံး ထမင်းမစားရပါ၊ ရေမသောက်ရပါ။ ရေငတ်လှပါ သည်၊ ရေပေးပါ"

ဟု လျှောက်ထားပြီး ရေတောင်းသည်။

"ဒီဂင်္ဂါမြစ်ရေဟာ ဟိမဝန္တာမှစီးဆင်းလာသောရေဖြစ်၍ အလွန်အေးမြလှပါတယ်။ ဒီမြစ်ရေကိုသောက်ပါလား။ ဘာဖြစ် လို့ ငါ့ထံလာရောက်တောင်းနေရပါသလဲ"

"အရှင်ဘုရား . . တပည့်တော်ရေသောက်မည်ဟု ကြံ၍ မြစ်ထဲသို့ဆင်းသောအခါ ရေအားလုံးသည် သွေးအဖြစ် ဖောက်ပြန်ကာ သွေးတွေဖြစ်သွား၍ ရေသောက်၍မရပါ။ သို့အတွက် ရေတောင်းပါသည်"

ဟု လျှောက်ထားသည်။

"သင် . . အဘယ်သို့မကောင်းမှုပြုခဲ့ပါသလဲ"

ဟုမေးသောအခါ ပြိတ္တာမသည် မိမိဘဝဖြစ်ပုံ၊ ဇာတ်လမ်းအစုံကို လျှောက်ထားပြသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ပထမသံဂါယနာ တင်ခါနီးကာလအချိန် ဖြစ်သည်။

ရှင်မဟာကစ္စည်းသည် ရဟန်းတစ်ကျိပ်နှစ်ပါးနှင့်အတူ ကောသမ္ဗီပြည်အနီး တောအုပ်တစ်ခု၌ နေတော်မူသည်။

တစ်နေ့တွင် ဥတောနမင်း၏အမတ်ဖြစ်သော ဥတ္တရ လုလင်သည် အလုပ်သမားများကိုခေါ်၍ မြို့ပြင်ရန်အတွက် သစ်များကိုခုတ်ယူရန် တောသို့လာခဲ့သည်။

တောထဲအရောက်တွင် ပုံ့သကူသင်္ကန်းကိုခြုံလျက် တိတ်ဆိတ်စွာနေတော်မူသော ရှင်မဟာကစ္စည်းကို ဖူးတွေ့ရသည်။

ဥတ္တရအမတ်သည် ရှင်မဟာကစ္စည်းကိုရှိခိုးသည်ရှိသော် ရှင်မဟာကစ္စည်းက တရားဟောတော်မူသည်။

ဥတ္တရလုလင်သည် ရှင်မဟာကစ္စည်းတရားနာပြီးလျှင် ရှင်မဟာကစ္စည်းကို အလွန်ကြည်ညိုလှသဖြင့် သရဏဂုံဆောက်တည်ပြီး နောက်နေ့အတွက် ဆွမ်းစားပင့်ဖိတ်လေသည်။

ဥတ္တရအမတ်သည် သစ်ကိစ္စကို အလုပ်သမားများအား အပ်နှံပြီး အိမ်သို့ပြန်ကာ နောက်နေ့အတွက်ဆွမ်းကိုစီစဉ်သည်။

နောက်နေ့ရောက်သော် ရှင်မဟာကစ္စည်းသည် နောက်ပါရဟန်းများနှင့် ဆွမ်းစားကြွလေသည်။ ဆွမ်းစားပြီး ဆွမ်းအနုမောဒနာ တရားဟောတော်မူသည်။

ရှင်မဟာကစ္စည်းသည် ဥတ္တရထံမပြတ်ကြွလာ၍ တရားဟောသည်။ ဥတ္တရသည် မထေရ်လမ်းညွှန်သည့်အတိုင်း ကျင့်ကြံရာ မကြာခင် သောတာပန်ဖြစ်လေသည်။

နောင် ဥတ္တရလုလင်က ဆွေမျိုးများကိုလည်း သာသနာတော်၌ ကြည်ညိုလာအောင် စည်းရုံးသိမ်းသွင်းပေးပြောရာ ဆွေမျိုးများအားလုံးက လက်ခံယုံကြည်လာကြသည်။

သို့သော် ဥတ္တရအမတ်သည် မိခင်ကိုမူ သိမ်းသွင်း၍မရပေ။ သိမ်းသွင်း၍မရသည့်အပြင် တစ်နေ့တွင်မိခင်က-

"မင်းဟာ ငါသဘောမတူတဲ့ရဟန်းများအား ဆွမ်းစသည်ကို ပေးကမ်းလှူဒါန်းလေ့ရှိသည်။ မင်းလှူဒါန်းသောဆွမ်းစသည် သည် တမလွန်ဘဝတွင် မင်းအတွက်သွေးတွေဖြစ်ပါစေ"

ဟု ကျိန်ဆဲလေသည်။

သို့သော် မိခင်သည် သားကိုငဲ့သောအားဖြင့် ကျောင်းအလှူပွဲတွင် စုပေါင်းပြီး ဒေါင်းမြီးစည်းကိုဝမ်းမြောက်ဝမ်းသာ ပေးလှူခဲ့ဖူးသည်။

ထိုမိခင်ကွယ်လွန်သောအခါ ပြိတ္တာမဖြစ်ပြီး ဥဒေါင်းမြီးလှူခဲ့သောကုသိုလ်ကြောင့် ပြိတ္တာမ၏ဆံပင်သည် ရှည်လျားမည်းနက်သိမ်မွေ့ပြေပြစ်လျက် အဖျားကော့တက်နေလေသည်။

ထိုပြိတ္တာမသည် ရေသောက်ရန် ဂင်္ဂါမြစ်သို့ဆင်းသည့်ကာလတွင် ဂင်္ဂါမြစ်ရေသည် သွေးအတိဖြစ်လျက် သောက်မရဖြစ်နေတော့သည်။

ကြောက်စရာကောင်းလှသောနှုတ်ထွက်ကျိန်ဆဲစကားကြောင့် အမတ်၏မိခင်သည် ပြိတ္တာဘဝရောက်ရပြီး ဝေမှုတ်

ဆင်းရဲသောဘဝသို့ရောက်ရသည်မှာ ကြောက်စရာကောင်း၊ သံဝေဂရစရာလည်းကောင်းလှပါသည်။

(ဥတ္တရမြောတုပေတဝတ္ထု)

## အလှူခံတို့ကိုစော်ကားဆဲသောပုဏ္ဏေးမ၏နှုတ်ထွက်ကံကြမ္မာ

ဗာရာဏသီပြည်၌ ချမ်းသာကြွယ်ဝသောပုဏ္ဏားတစ်ဦးသည် မိမိအိမ်သို့ အလှူခံရောက်ရှိလာသော ရဟန်း၊ သူတော်စင်၊ သူတောင်းစားစသည်တို့အား အချိန်အခါအားလျော်စွာ သင့်သလို ဆွမ်း၊ အဖျော်၊ အဝတ်၊ သင်္ကန်း စသည်တို့ကို အမြဲလှူဒါန်း ပေးကမ်း စွန့်ကြဲလေ့ရှိပါသည်။

တစ်နေ့တွင် ကိစ္စတစ်ခုဖြင့် ခရီးထွက်ရန်ကိစ္စပေါ်လာ၍ မိမိမယားကိုခေါ်ကာ-

"ရှင်မ. . . လှူဒါန်းစွန့်ကြဲနေကျ ဒါနဝတ်တို့ကို လှူဒါန်း စွန့်ကြဲနေကြအောက်မလျော့စေဘဲ ရှိရှိသေသေပြုလုပ်ပါ၊ အလှူခံတို့ကို ဖြတ်မပစ်ပါနှင့်"

ဟု သေချာမှာကြားထားလေသည်။

ပုဏ္ဏေးမသည် လင်၏ရှေ့တွင် စကားကို"ကောင်းပါပြီ" ဟု ဝန်ခံလေသည်။

လင်ခရီးထွက်သွားသောအခါ ပြုနေကျ ဒါနဝတ်များကို ဖြတ်ပစ်လေသည်။ လာကြသောအလှူခံပုဂ္ဂိုလ်များကို-

"သင်တို့မလာကြနှင့်၊ စားစရာမရှိလျှင် ကျင်ကြီးကိုစားကြ။ သောက်စရာမရှိလျှင် ကျင်ငယ်ကိုသောက်ကြ။ သွေးပြည်တို့ကိုစားသောက်ကြ။ သင်တို့မိခင်၏ဦးနှောက်ကိုစားကြပါလား"

ဟု ကြမ်းတမ်းစွာပြောဆိုဆဲရေးလွှတ်လိုက်လေသည်။

ထိုမိန်းမသည် ထိုဘဝမှစုတေသော် ထိုစော်ကားခဲ့သောနှုတ်ထွက်စကားကြမ်းကြောင့် ပြိတ္တာမဘဝသို့ရောက်ပြီးလျှင် သူတစ်ပါးတို့စွန့်အပ်သော ကျင်ကြီး၊ ကျင်ငယ်၊ တံထွေးနှင့်သလိပ် မီးသင်္ဂြိုဟ်အပ်သောလူသေကောင်တို့၏အဆီ၊ သားဖွားသော မိန်းမတို့၏သွေး၊ အနာ၏သွေးပြည်၊ နှာခေါင်းပြတ်၊ ဦးခေါင်းပြတ်သူတို့၏သွေးများကို ရှာဖွေစားသောက်ရလေသည်။

(ထိုပြိတ္တာမသည် လွန်ခဲ့သောငါးဘဝမြောက်က အရှင်သာရိပုတ္တရာ၏အမိဖြစ်ခဲ့ဖူးသူဖြစ်သည်)

မကောင်းသည့်ကံကိုလုပ်လျှင် မကောင်းကျိုးကိုခံစားရမည်မှာ ဓမ္မတာဖြစ်သည်။

(သာရိပုတ္တာထေရမာတုပေတဝတ္ထု)

## ကဿပဘုရားရှင်ကိုနှုတ်ဖြင့်စော်ကားခဲ့သောလယ်ထွန်ယောက်ျားပြိတ္တာဘဝ

သီဟိုဠ်ကျွန်းသာသနာခေတ်ကာလ ဖြစ်ပါသည်။

ရဟန်းတော်များသည် မဟာဗောဓိပင်ကိုဖူးမြော်ရန် မိမိတို့နေရာမှ ထွက်ခွာခဲ့ကြသည်။

တောအုပ်တစ်ခုထဲသို့အဝင်တွင် ဆင်းသွားရာ လမ်းကိုလိုက်မိပြီး မျက်စိလည်လမ်းမှားကာ ခုနစ်ရက်လုံးလုံး တောထဲလှည့်ပတ်သွားနေရသည်။

ခုနစ်ရက်မြောက်နေ့တွင် တောအလယ်၌ သံထွန်ဖြင့်နွားကြီးများက,လျက် လယ်ထွန်နေသော ပြိတ္တာတစ်ယောက်ကိုတွေ့ကြလေသည်။

ရဟန်းတို့သည် ထိုပြိတ္တာကို လူသားစစ်စစ်ထင်ပြီး တောလမ်းခရီးအထွက်ကို စုံစမ်းမေးမြန်းကြလေသည်။

"ဒါယကာ. . . ငါတို့သည် မဟာဗောဓိဖူးရန် ခရီးထွက်ခဲ့ကြရာ ဤတောအုပ်အရောက်တွင် လမ်းမှားပြီး ခုနစ်ရက်လုံးလုံး တောထဲ၌လှည့်လှည့်နေရပါသည်။ တောအုပ်အထွက်လမ်းကို သိလျှင် လမ်းညွှန်မှုပြုပါ"

"အရှင်ဘုရားတို့မှာ ခုနှစ်ရက်မျှသာလမ်းမှားကြသည်မကြာလှသေးပါ။ တပည့်တော်မှာကား အနှုရကပ်တစ်ခုလုံး လမ်းမှား၍ ဆင်းရဲဒုက္ခရောက်နေရပါသည်။ အရှင်ဘုရားတို့ကို လမ်းမညွှန်နိုင်ပါ"

"ဒါယကာ. . . သင်လမ်းမှားသည်မှာကြာလှချည်လား။ အဘယ်အတွက်ကြောင့် ဤမျှကြာအောင် လမ်းမှားနေရပါသလဲ။ အဘယ်ကိုပြုလုပ်မိခဲ့ပါသလဲ"

"အရှင်ဘုရားတို့. . . တပည့်တော်သည် ကဿပဘုရား ရှင်ပွင့်စဉ်က လယ်ထွန်ယောက်ျားဖြစ်ခဲ့ပါသည်။ ထိုအချိန်က ကာသိတိုင်း ဗာရာဏသီပြည်၌ ကီကီအမည်ရှိသောမင်းပြုပါ သည်။ ထိုအချိန် ကဿပဘုရားရှင်သည် ထိုမြို့ကိုအမှီပြုနေ တော်မူလျက် သတ္တဝါတို့ကိုအစဉ်သနားတော်မူသဖြင့် ဒေသစာရီ လှည့်လည်တော်မူပါသည်။

ကဿပဘုရားရှင်သည် တပည့်တော်တို့ရွာသို့ရောက် လာပါသည်။ ရွာသားများက အုတ်အုတ်ကျက်ကျက်ကြိုဆိုကြပြီး ပူဇော်လှူဒါန်းကြပါသည်။

ထိုအချိန်မှာ တပည့်တော်က လယ်ထွန်ထွက်ခဲ့ပါသည်။ တပည့်တော်အကျိုးစီးပွားကိုအလိုရှိသောမိတ်ဆွေက တပည့် တော်ကိုသနားသဖြင့်-

"မိတ်ဆွေ. . . ကဿပဘုရားရှင်ကြွလာတော်မူသည်၊ လာပူဇော်လှည့်ပါ"

ဟု ဖိတ်ကြားပါသည်။

"သင်တို့ကဿပဘုရားရှင်က ငါ့ကို လယ်ထွန်ပေးလျှင် ငါပူဇော်မည်၊ မထွန်ပေးလျှင် ငါမပူဇော်နိုင်ဘူး"

ဟု လွန်လွန်ကျူးကျူးပြောဆိုမိခဲ့ပါသည်။

ဤကဲ့သို့ပြောမိသောနှုတ်ထွက်ဝစီစကားကြွမ်းကြောင့် ထိုဘဝသေသော် အကိုင်းမသိသောဆင်းရဲဒုက္ခရသော ပြိတ္တာဘဝသို့ရောက်ရပြီး ယခု အရှင်ဘုရားတို့မြင်သည့်အတိုင်းပင် လယ်ထွန်ပြိတ္တာ ဖြစ်နေရပါသည်။

ပြိတ္တာဘဝ စတင်ရောက်သည့်နေ့မှစ စားရ သောက်ရ အိပ်ရ နေရသည်မရှိ၊ နေ့ရောညပါ အခါခပ်သိမ်း အမြဲလယ်ထွန် နေရပါသည်။ ထွန်နေသောတပည့်တော်၏ထွန်တုံး၊ ထွန်သွား၊ ထမ်းပိုး၊ ကြိုးတို့သည် အလျှံတပြောင်ပြောင်တောက်လောင်လျက် တပည့်တော်ကို လောင်နေပါသည်။

ဤမြေကြီး ခုနှစ်ဂါဝုတ်မြင့်တက်လာသော်လည်း တပည့်တော် ဒီပြိတ္တာဘဝက မလွတ်ရသေးပါ။

"ဒါထက် အရှင်ဘုရားတို့က မည်သူ၏တပည့်များဖြစ်ကြပါသလဲ"

ဟု ပြိတ္တာက သူ့ဘဝဖြစ်စဉ်ကိုပြောပြပြီး ရဟန်းတို့ကို မေးသည်။

"ငါတို့က ကဿပဘုရားရှင်ပွင့်ပြီးနောက် နောက်ထပ်ထပ်မံပွင့်ကော်မူလာသော ဂေါတမဘုရားရှင်၏ တပည့်ရဟန်းသံဃာများ ဖြစ်ကြပါသည်"

"အံ့ဩစရာကောင်းပေစွ။ ဂေါတမဘုရားရှင်သည်ပင် လူတွင်ထင်ရှား ဘုရားဖြစ်အောင်ကျင့်ပြီး ဘုရားဖြစ်ခဲ့ပေပြီ။ ငါမူ ကား မစူးစမ်းမဆင်ခြင်၊ ရမ်းကားသောနှုတ်ဖြင့်၊ ကြမ်းကြုတ် သောစကားဖြင့် ကဿပဘုရားရှင်ကို စော်ကားမော်ကားပြောဆို မိသောအကုသိုလ်ကြောင့် ဤမြေကြီးခုနှစ်ဂါဝုတ်လောက် အထက်မြင့်တက်သော်မှ ဤဆင်းရဲသောပြိတ္တာဘဝမှ မလွတ်ရ သေးပါကလား။ ဤဘဝတစ်ဖန် လွတ်ပြန်သော်လည်း အဝီစိ ငရဲမှာ ခံရဦးမှာပါကလား"

လယ်ထွန်ပြိတ္တာသည် သူ၏တစ်ခဏ မဆင်မခြင် ပြောဆိုမိသောစကားကြောင့် အန္တရကပ်တစ်ခုလုံးခံစားနေရ သော ပြိတ္တာဆင်းရဲဘဝကို ယူကြုံးမရဝမ်းနည်းပက်လက်ဖြစ်ကာ မျက်ရည်များကျလျက် ပြောပြရှာလေသည်။

မဆင်မခြင်သောနှုတ်ထွက်စကားကြမ်းသည် တစ်စက္ကန့် တစ်မိနစ်မျှသာကြာသော်လည်း ထိုစကားကြောင့်ခံရသောဆင်းရဲ ကား ဘဝအသခေျ်အနန္တဖြစ်သည်ကို ဤလယ်ထွန်ယောက်ျား ပြိတ္တာအဖြစ်အပျက်က ထင်ရှားစွာ နမူနာပြနေပါသည်။

(လောကဒီပကကျမ်း)

ရုပ်ပွားတော်ကိုနတ်ထွက်တော်ကားဖျက်ဆီးမိသောလူသားနှစ်ဦး၏ဘဝကြမ္မာ

၁၃၅၂-ခု၊ တော်သလင်းလဆန်း(၁၂)ရက်နေ့တွင် ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီးဦးဆောင်လျက် ဖောင်းကုန်းရွာသို့ စက်လှေဖြင့် ဘုရားပင့်ဆောင်ရန် သွားရောက်ကြသည်။

ရုပ်ပွားတော်သည် ရှေးဟောင်းရုပ်ပွားတော်ဖြစ်၍ ဆရာတော်ဘုရားကြီးက အများပြည်သူအပေါင်း ကြည်ညိုသဒ္ဒါပွားနိုင်စေရန် ပြုပြင်ဆဲမုခ်တစ်ထောင်စေတီတော်၌ အကြည်ညိုခံထားရန်ပင့်ဆောင်ခြင်းဖြစ်ပါသည်။

ရုပ်ပွားတော်၏မူလဇာတိမှာ ပါကလားနယ်မှ ဖြစ်ပါသည်။ ပါကလားနယ်သည် မြတောင်မြို့မှ အရှေ့ဘက်တကောင်းကောင်တန်းအထိ နယ်ကို ရှေးအခါက ပါကလားနယ်ဟုခေါ်ပါသည်။

မိုးမိတ်ရာဇဝင်တွင် သာသနာသက္ကရာဇ်၃၈-ခုခန့်က မိုးမိတ်စော်ဘွား ဆေဟုံဗသည် ပါကလာ(၁၂)ရွာနှင့်တကောင်းမြို့ဦးကာလာချောင်းကို ပေါင်း၍ဆင်းသော ချောင်း(၁၂)ချောင်းတို့ကိုအမှီပြု၍ ရွာပေါင်း(၁၂)ရွာတည်ထားကြောင်း ပြဆိုထားပါသည်။

ထိုရုပ်ပွားတော်သည် ထိုပါကလားနယ်မှ ရုပ်ပွားတော် ဖြစ်ပါသည်။ နယ်ပျက်စီးသွားသောအခါ စောင့်ရှောက်ထိန်းသိမ်း မည့်သူ ကင်းသွားပါသည်။ ဘုရားကြီးမှာ မိုးရွာရွာ-နေပူပူ အောက်တွင် ဆင်းရဲစွာ သီတင်းသုံးနေရပါသည်။

သို့အတွက် မောင်းကုန်းဆရာတော် အရှင်ဣန္ဒသာရိယက ပါကလားနယ်မှ ပင့်ဆောင်ထားခြင်းဖြစ်ပါသည်။

ရုပ်ပွားတော်မှာ မတ်တပ်ရပ်ကိုယ်တော်ဖြစ်ပြီး ဘယ် ဘက်လက်မောင်းတစ်ဘက်က အထက်ဘက်သို့လက်ဝါးထောင် ပြထားဟန်ဖြစ်ပြီး ညာဘက်လက်တစ်ဘက်က အောက်ဘက်သို့ လက်ဝါးဖြန့်ပြထားဟန် ဖြစ်ပါသည်။

ဘုရားမှာ လက်ညှိုးတစ်ချောင်းနှင့်လက်ခလယ်တစ် ချောင်း ကျိုးနေပါသည်။

ထိုကျိုးမှုနှင့်ပတ်သက်၍ အဖြစ်အပျက်တစ်ရပ် ပေါ် လာခဲ့ရပါသည်။

ဘုရားကို မောင်းကုန်းသို့ပင့်ဆောင်လာစဉ် ခေတ္တခဏ အနေဖြင့် စပ်စားရွာ၌ထားရှိခိုက် ထိုရွာမှ နွားကျောင်းလာသော (၁၀)တန်းကျောင်းသားတစ်ယောက်သည် ရုပ်ပွားတော်ကို သေ ချာစွာကြည့်ရှုကာ ဘယ်လိုစိတ်ရိုင်းဝင်လာသည်မသိ။

"ဒီလက်ကဘာတောင်းနေတာလဲ"

ဟုဆိုပြီး ပါလာသောသားရေကွင်းဖြင့် ရိုက်ချိုးပစ်လိုက် လေသည်။

ထိုသူငယ်သည် နောက်တစ်နေ့တွင် ဖခင်နှင့်အတူ တောထဲသို့ထင်းခွေသွားကြရာ မိမိခုတ်သောထင်းချောင်းမှကျိုး ပြီး လက်ကိုမှန်လိုက်၍ လက်ညှိုး၊ လက်ခလယ်နှင့် လက်ကောက် ဝတ်ပါ ကျိုးလေတော့သည်။

အနာပျောက်ပြီး လအတန်ကြာတွင် လှည်းဖြင့်ထင်း တိုက်ရန် တောထဲသို့သွားပြန်သည်။ တောထဲမှအပြန်တွင် လှည်း ပေါ်မှကျကာ လှည်းနင်းခံရပြန်သည်။ ထိုလှည်းနင်းခံရသော အနာဖြင့်ပင် သေဆုံးခဲ့ရလေသည်။

ယင်းရုပ်ပွားတော်ကိုပင့်ဆောင်ရန် ဆရာတော်နှင့်အတူ ရွာသူရွာသားများ လာရောက်ကြသည်။

ထိုအခါ စပ်စားရွာနှင့် ရွာနီးချင်းရွာမှ လူတစ်ယောက် သည် စပ်စားရွာသို့ရောက်ရှိခိုက်နှင့်ကြုံကြိုက်နေ၍ ဘုရားပင့်ရာ သို့လာရောက်ကြည့်သည်။ ထိုသူသည် ရုပ်ပွားတော်ကိုသေချာစွာ ကြည့်ပြီး နှုတ်ကအငြိမ်မနေနိုင်ဘဲ-

"ဘုရားကလည်း အချွန်အတက်တွေနဲ့ အနူကြီးနဲ့တူ လိုက်တာ"

ဟု ပြောလိုက်မိသည်။

ထိုသူသည် ရွာသို့ရောက်သောအခါ ခန္ဓာကိုယ်တစ်ခုလုံး ယားယံလာခဲ့သည်။

ဆေးအမျိုးမျိုးဖြင့်ကုသသော်လည်းမရ။ အဖုအပိမ့်များသာထွက်လာပါသည်။ ကာလိန်စေ့ခန့်ထွက်ပြီး တွဲရရွဲဖြစ်လာပြီး အယားအယံကမူ ပျောက်သွားသည်။

ယခုထက်တိုင် မျက်လုံးမှလွဲ၍ တစ်ကိုယ်လုံး အသီးလုံးအဖုလုံးများဖြင့် အသက်ရှင်နေရဆဲဖြစ်ပါသည်။

ဤသည်မှာ ဝစီနှုတ်ထွက်စကား စော်ကားမိသော အကုသိုလ်ကြောင့် ခံစားရခြင်းဖြစ်ပါသည်။

(ဗုဒ္ဓဓမ္မလောကဂျာနယ်စောင်၊ အတွဲ-၃၆၊ အမှတ်-၃၇
(၉-၁၂-၉၉) မှ ထီးချိုင့်ရွှေညွှတ်၏ဆောင်းပါး)

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ချင်သိရီ (ဓမ္မာစရိယ ဘီ-အေ)

# တစ်စက္ကန့် ဒေါသကား
## ပေးဆပ်ရသည်က အလွန်များ

" ဒေါသသည် အကုသိုလ်တရားဖြစ်၏။ ပညာမျက်စိ ကန်းစေသော တရားဖြစ်၏။ မိမိ သန္တာန်အတွင်း၌ ဒေါသဖြစ်လာပါက အကြောင်းအကျိုး အမှန်မသိတော့၊ အကောင်းအဆိုး မခွဲခြားတတ်တော့၊ အကျိုးစီးပွား ဖြစ်မည့်အရာကို မဖြစ်ဟု ထင်လာသည်၊ မဖြစ်မည့်အရာကို ဖြစ်မည်ဟု ထင်လာပြီး ဖောက်ဖောက်ပြန်ပြန် မမှန်မကန် ယူဆ ပြုလုပ်တတ်သဖြင့် မိမိရော သူတပါးပါ ပျက်စီးတတ်ပါသည်။ "